# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၄၅]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများရှိပါမှ ဒီမိုကရေစီသည် အမြဲသက်ဝင်ရှင်သန်နိုင်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်နေ့တွင်ကျရောက်သည့် ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားသဝဏ်လွှာ**

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခါသမယတွင် မြန်မာနိုင်ငံပြည်သူပြည်သားများ အားလုံး ဒီမိုကရေစီ၏ အနှစ်သာရ အသီးအပွင့်များကို အပြည့်အဝ ရရှိခံစားနိုင်ကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကို ဒီမိုကရေစီ အနှစ်သာရ ပြည့်ဝစွာဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ငါးကြိမ်ရှိပြီ ဖြစ်ပါသည်။ ဒီမိုကရေစီသည် နိုင်ငံသားအားလုံး၏ လူမှုဘဝနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များတွင် တန်းတူညီမျှ ပြောဆိုရပိုင်ခွင့်ရှိသည့် အုပ်ချုပ်မှုပုံစံဖြစ်ပြီး အားလုံးအတွက် ခွင့်တူညီမျှရှိသင့်သည်ဟု ယူဆသော အခွင့်အရေးကို လူတိုင်းခံစားဆောင်ရွက်ရန်လိုပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများရှိပါမှ ဒီမိုကရေစီသည် အမြဲသက်ဝင်ရှင်သန်နိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် နိုင်ငံသားအားလုံးကို ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ အပ်နှင်းထားပြီး ဖြစ်ပါသည်။ ဒီမိုကရေစီလိုက်နာ ကျင့်သုံးရေးတွင် နိုင်ငံသားအားလုံး ပါဝင်ကျင့်သုံးကြရပါမည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်သည့်အတွက်

*စာမျက်နှာ ၅ ကော်လံ ၁* ✻




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# ခေတ်မီအနုပညာအဆောက်အအုံကို အသုံးပြုပြီး အနုပညာ ပြန့်ပွားစေရန်အပြင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်)အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ပန္နက်တိုင် စိုက်ထူပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ/ပန်းပုအစည်းအရုံးများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပြည်သူပါဝင်သော ဒီမိုကရေစီခေတ်ဆီသို့

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံ၏ လူမျိုး၊ ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်ညီညွတ်မျှတစွာ ဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီ၏ အခြေခံသဘောတရားများသည် အတူတူပင်ဖြစ်သော်လည်း နိုင်ငံ၏လူမျိုး၊ ဓလေ့စရိုက်များအရ ကွဲပြားခြားနားမှုများရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒီမိုကရေစီစနစ်သည် မတူနိုင်သကဲ့သို့ အနောက်တိုင်း ဒီမိုကရေစီနှင့် အရှေ့တိုင်းဒီမိုကရေစီ မတူညီနိုင်ပါ။

ဒီမိုကရေစီ၏ အနှစ်သာရသည် တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းဖြစ်ပါသည်။ ပြည်သူက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များက ပြည်သူကိုအုပ်ချုပ်သောစနစ်ဖြစ်သည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်သည် ပြည်သူဗဟိုပြုစနစ်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး သာယာဝပြောရေး ဒီမိုကရေစီစံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ပြန်လည်အသက်သွင်းနိုင်သည်မှာ လက်ရှိအစိုးရသက်တမ်းသာ ရှိပါသေးသည်။ ဒီမိုကရေစီစနစ်နှင့်အညီ ပြည်သူများအကြားဒီမိုကရေစီ၏တန်ဖိုးနှင့် စံနှုန်းများကို လိုက်နာကျင့်သုံးဆောင်ရွက်မှုမှာ နည်းပါးနေသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီ၏ သဘောတရားကို လူတိုင်းလူတိုင်း သိရှိပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါသည်။

စက်တင်ဘာလ ၁၅ ရက်နေ့သည်ကား ဒီမိုကရေစီနေ့ဖြစ်ပါသည်။ ဒီမိုကရေစီနှင့်ပတ်သက်ပြီး ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ကြရန် အသိပေးလိုက်ခြင်းဖြစ်ပါသည်။ ဤသို့ ဒီမိုကရေစီနေ့ရောက်တိုင်း သက်ဆိုင်ရာက ဆောင်ပုဒ်တစ်ခုထုတ်ပြန်၍ အသိပေးတိုက်တွန်းလေ့ရှိပါသည်။ ယခုနှစ် ဒီမိုကရေစီနေ့ဆောင်ပုဒ်သည်ကား Public Participation for Democracy ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် လူထုလူတန်းစားအလွှာအသီးသီးပါဝင်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါသည်။

အမှန်စင်စစ် ဒီမိုကရေစီစနစ်တွင် လူတိုင်းပါဝင်ရမည်ဆိုသည်မှာ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတို့တွင် ဒီမိုကရေစီစနစ်ကို လူတိုင်းနားလည်ကျင့်သုံးရေးပင်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သည် တရားမျှတသည်။ လွတ်လပ်သည်။ စည်းကမ်းရှိသည်ဟု ဆိုထားပါသည်။ မည်သည့်အမှုကိစ္စတို့၌မဆို တရားမျှတစွာလုပ်ဆောင်ရေးကို အလေးထားဆောင်ရွက်ကြရပါမည်။ မိမိအကျိုးစီးပွားထက် လူအများအကျိုးစီးပွားကို အလေးထားရပါမည်။ အများနှင့်ဆိုင်သော အမှုကိစ္စအဝဝတို့တွင် အများဆန္ဒများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီ၏ စံနှုန်းများကို လိုက်နာဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သည် လွတ်လပ်သည်။ ပွင့်လင်းမြင်သာရှိသည်။ ဟန်ဆောင်ဖုံးကွယ်ထားခြင်းမရှိ။ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်တိုင်း၊ အမြင်ကိုအမြင်အတိုင်း ပြောဆိုလုပ်ကိုင်သောစနစ်လည်းဖြစ်ပေသည်။ ဒီမိုကရေစီသည် စည်းကမ်းရှိသည်။ စည်းကမ်းကို လိုက်နာဆောင်ရွက်ခြင်းသည် ဒီမိုကရေစီကို တန်ဖိုးထားခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် မည်သည့်အမှုကိစ္စတို့၌မဆို တရားမျှတစွာပြောဆိုလုပ်ကိုင်ရေး အလေ့အထကို မွေးမြူသင့်သည်။ ပွင့်ပွင့်လင်းလင်းရဲရင့်ပြတ်သားစွာ လုပ်ကိုင်ဆောင်ရွက်သင့်သည်။ နေရာတိုင်းတွင် စည်းကမ်းကိုတန်ဖိုးထားသင့်သည်။ ဤသို့ ဒီမိုကရေစီစနစ်နှင့်အညီ ကျင့်ကြံပြောဆို လုပ်ကိုင်ဆောင်ရွက်နေကြခြင်းသည်ပင် လူတိုင်းဒီမိုကရေစီစနစ်တွင် ပါဝင်နေကြသည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




## အသက် (၁၀၆) နှစ်ပြည့် အဘွားအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုလက်မှတ်နှင့် ထောက်ပံ့ငွေပေးအပ်

**ရေတာရှည် စက်တင်ဘာ ၁၄**

နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ လစာစုဆောင်းငွေများဖြင့် နိုင်ငံတစ်ဝန်း၌ အသက် (၁၀၀)နှင့်အထက် အဘိုးအဘွားများအား ဂုဏ်ပြုလက်မှတ်၊ ချီးမြှင့်ငွေများ ထောက်ပံ့ပေးလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှကျေးရွာအုပ်စု၊ ချောင်းမကြီး(၂) ရပ်ကွက်နေ အဘွားဒေါ်ဖာတမာ(၁၀၆) နှစ်အား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ထောက်ပံ့ငွေကျပ်နှစ်သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ ရပ်မိ/ရပ်ဖများက စက်တင်ဘာ ၁၄ ရက်က အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုဒီမိုကရေစီပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီနှင့် ချင်း တိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၅ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများထုတ်ပေး

**စလင်း စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၅ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၈၄ အုပ်စု အစုအဖွဲ့ ၄၆၉၉ ဖွဲ့ တောင်သူဦးရေ ၁၃၈၂၆ ဦး၊ စပါး ၄၁၄၃၁ ဧက၊ နှမ်း ၇၆၄ ဧက၊ ချည်မျှင်ရှည်ဝါ ၉၂၄၃ ဧက၊ ပဲတီစိမ်း ၁၁၃၇၉ ဧကထုတ်ချေးငွေ စုစုပေါင်း ငွေကျပ် ၄၇၀၈၃ ဒသမ ၆၀ သိန်းကို ဩဂုတ် ၂၈ ရက်က မြို့နယ် ဘဏ်ခွဲမန်နေဂျာ ဒေါ်သီတာထွန်းနှင့် ဝန်ထမ်းများ ဦးဆောင်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားရှိ

**ဖာပွန် စက်တင်ဘာ ၁၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်၌ ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး ဖွင့်လှစ်ထားရှိမှုကို စက်တင်ဘာ ၁၃ ရက်က ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့်အဖွဲ့ သွားရောက် စစ်ဆေးပြီး ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန် ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန် စုပေါင်းဆောင်ရွက်ရန် မှာကြားသည်။ ဖာပွန်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop (OSS) ရုံးကို ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင် စုပေါင်းရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနစသည့် ဌာနကိုးခုဖြင့် ဖွဲ့စည်းဖွင့်လှစ်ထားကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**



## စာပေမြင့်မှ လူမျိုးတင့်မည်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၂၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

၇-၉-၂၀၁၅ မှ ၁၀-၉-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၂၁ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၈၇ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)



မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်၊ သဘင်အစည်းအရုံးဥက္ကဋ္ဌ ပန်တျာဦးမြကြည်နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး အလုပ်အမှုဆောင် ဦးထွန်းဝင်းတို့က မင်္ဂလာအချိန်တွင် ပန္နက်နေရာအသီးသီး၌ ပန္နက်တိုင်များကို စိုက်ထူကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ရှင်းလင်းဆောင်၌ မြန်မာ့အနုပညာဗဟိုဌာနများ အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နိုင်ငံတကာအဆင့်မီ မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) တည်ဆောက်ရေးစီမံကိန်းအတွက် ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းရည်ရွယ်ချက်၊ တည်ဆောက်မည့်အဆောက်အအုံ၏ ဗိသုကာပုံစံ၊ အဆောက်အအုံတွင် ပါဝင်မည့် အခန်းဖွဲ့စည်းမှုနှင့် အဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် အနုပညာဗဟိုဌာန (Art Centre) များကို မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်မြို့နှင့် ယဉ်ကျေးမှုအနုပညာအမွေအနှစ်များစွာရှိသည့် မန္တလေးမြို့တို့တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အနုပညာဗဟိုဌာနများ တည်ဆောက်ရခြင်းရည်ရွယ်ချက်မှာ နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေရန်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် အနုပညာရှင်များ ဘဝရပ်တည်နိုင်ရန်ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားရေးမှာ နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲမှုနှင့်အညီ တိုးတက်လာခဲ့ရာ ခရီးသွားလုပ်ငန်းတွင် ခရီးသွားဧည့်သည် နှစ်သန်းခန့်အထိရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ငါးသန်းခန့်အထိ မျှော်မှန်းထားပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အပြင် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရေး၊ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ရရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နှစ်ပေါင်း ၆၀ ကျော် ခါးသီးစွာ ရင်ဆိုင်ခဲ့ရသည့် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**အနုပညာဗဟိုဌာနများကို တည်ဆောက်နိုင်ခြင်းဖြင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်မည့်အပြင် အနုပညာအမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်**

**အနုပညာဗဟိုဌာနများသည် အနုပညာရှင်အားလုံးနှင့် သက်ဆိုင်သဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲဆောင်ရွက်**

အနုပညာ ဗဟိုဌာနများကို တည်ဆောက်နိုင်ခြင်းဖြင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်မည့်အပြင် အနုပညာအမွေအနှစ်များကို ထိန်းသိမ်းနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ယဉ်ကျေးမှု၊ ဘာသာနှင့် စာပေအမွေအနှစ်များစွာရှိသဖြင့် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်ပါကြောင်း၊ အနုပညာရှင်များသည်ခေတ်နှင့်အညီ ဆန်းသစ်တီထွင် နေကြရမည်ဖြစ်ရာ အနုပညာဗဟိုဌာနကို အသုံးပြုပြီး အနုပညာရှင်များ၏ဘဝ ရှင်သန်ရပ်တည်နိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ ခေတ်မီအနုပညာအဆောက်အအုံကို အသုံးပြုပြီး အနုပညာပြန့်ပွားစေရန်အပြင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ထို့အပြင် အာဆီယံနိုင်ငံများ၊ ဂျပန်၊ တရုတ်၊ ကိုရီးယားစသည့် အာရှနိုင်ငံများအပြင် အနောက်နိုင်ငံများနှင့်လည်း ယဉ်ကျေးမှုအနုပညာများ ဖလှယ်နိုင်မည်ဖြစ်ပါကြောင်း။

အနုပညာဗဟိုဌာများကို ခိုင်ခံ့သပ်ရပ်စွာဖြင့် ခြောက်လခန့်နှင့်အပြီး တည်ဆောက်မည်ဖြစ်ရာ အဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီတွင် အကြံဉာဏ်များပေးနိုင်မည့် အနုပညာဝါရင့်တတ်ကျွမ်းသူများ ပါဝင်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းကော်မတီတွင် အိုင်တီနည်းပညာ ကျွမ်းကျင်သူများကဲ့သို့ လူငယ်များလည်း ပါဝင်ရန် လိုအပ်ကြောင်း၊ ဆပ်ကော်မတီများတွင် ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ/ပန်းပုကဲ့သို့ ပန်း(၁၀)မျိုးစသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

အနုပညာ ဗဟိုဌာနများသည် အနုပညာရှင်အားလုံးနှင့် သက်ဆိုင်သဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ/ပန်းပု အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် အနုပညာလောကသားများ ရေရှည်ရပ်တည်နိုင်ရန်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် နိုင်ငံဂုဏ်တင့်စေရန်အတွက် အနုပညာဗဟိုဌာနများကို အလုပ်တာဝန်များ မအားလပ်သည့်ကြားမှ မမေ့မလျော့ ဆောင်ရွက်ပေးခြင်းဖြစ်၍ နိုင်ငံနှင့်အနုပညာလောကအတွက် သမိုင်းဝင်မည့်ဖြစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးမှာကြားသည့် ရည်ရွယ်ချက်(၃)ရပ်လုံးကို ဖော်ကျူးနိုင်မည့် အနုပညာဗဟိုဌာနကြီးများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အနုပညာလောကသားအားလုံးအတွက် နိုင်ငံတကာအဆင့်မီဖျော်ဖြေတင်ဆက်နိုင်မည် ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတို့တွင် အနုပညာဗဟိုဌာနများ တည်ဆောက်ပေးသည့် နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ/ပန်းပုစသည့် အနုပညာရှင်များနှင့်အတူ မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) အထိမ်းအမှတ်ဆိုင်းဘုတ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပန္နက်တိုင်စိုက်ထူပြီး အမွှေးနံ့သာရည် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

အဆိုပါ မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်၊ စော်ဘွားကြီးကုန်း လမ်းဆုံအနီး၊ လမ်းသစ်လမ်းမပေါ်ရှိ မြေဧက ၇ ဒသမ ၅ ဧကတွင် တည်ဆောက်မည်ဖြစ်ပြီး အမြင့်ပေ ၁၀၀ ခန့်၊ အထပ် ခုနစ်ထပ်ပါဝင်မည်ဖြစ်ကာ လူ ၃၀၀၀ ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် ပရိသတ် ၅၀၀၀ ခန့် ကြည့်ရှုနိုင်မည့် ပြင်ပပွဲကြည့်စင်နှင့် ဖျော်ဖြေရေးစင်မြင့်တို့ တွဲဖက်ဆောက်လုပ်ထားပြီး စားသောက်ဆိုင်များ၊ မြန်မာ့အနုပညာ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ယာဉ်ရပ်နားရန်နေရာများကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



**မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) ဆောက်လုပ်မည့် အဆောက်အအုံ ပုံစံကို တွေ့ရစဉ်။**
(သတင်းစဉ်)

# ဒီအနုပညာဗဟိုဌာနက အနုပညာနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုတွေအပြင် မျိုးဆက်သစ်တွေ မွေးထုတ်သွားနိုင်မယ့်နေရာတစ်ခုပါ

ဦးလှုမင်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)

သတင်းအင်တာဗျူး- ရီရီမြင့်၊ ဉမ္မာသန့်

ဓာတ်ပုံ-ဇော်မင်းလတ်

**မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးနိုင်ရန် အနုပညာဗဟိုဌာနများကို မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်မြို့နှင့် ယဉ်ကျေးမှုအနုပညာ အမွေအနှစ်များစွာရှိသည့် မန္တလေးမြို့တို့၌ တည်ဆောက်သွားမည်ဖြစ်သည်။ ယနေ့နံနက် ၈ နာရီခွဲတွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် စော်ဘွားကြီးကုန်း လမ်းဆုံအနီး လမ်းသစ်လမ်းမပေါ်ရှိ မြေဧက ၇ ဒသမ ၅ ဧကပေါ်၌ မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး ပန္နက်တိုင်စိုက်ထူပေးသည်။**



ဒါရိုက်တာ ပန်းချီစိုးမိုး



ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်



ဦးလှုမင်း



ဦးအောင်လွင်

အနုပညာ ဗဟိုဌာနများကို တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ နိုင်ငံ့ဂုဏ်သိက္ခာ မြင့်မားစေရန်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန်နှင့်အနုပညာရှင်များ၏ဘဝ ရှင်သန်ရပ်တည်နိုင်ရန်ဖြစ်ရာ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ၊ပန်းပုကဲ့သို့ ပန်းဆယ်မျိုး စသည့် အနုပညာရှင်များ၏ ရင်တွင်းစကားများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

**ဒါရိုက်တာ ပန်းချီစိုးမိုး (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက)**

ပွင့်ပွင့်လင်းလင်း ပြောရရင် အနုပညာလောကတစ်ခုလုံးက မျှော်လင့်တဲ့ကိစ္စပါ။ အခုလို ကျယ်ကျယ်ဝန်းဝန်းနေရာနဲ့ ရန်ကုန်နဲ့ အလှမ်းမဝေးတဲ့နေရာမှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဆောင်ရွက်ပေးတဲ့အတွက် အနုပညာသည်အားလုံး ကိုယ်စား ဝမ်းသာတယ်၊ ဘာကြောင့်လဲဆိုတော့ တစ်ယောက်ချင်းရဲ့ အခွင့်အရေးမဟုတ်ဘူး။ တစ်လောကလုံးရဲ့ အခွင့်အရေးပါ။ ဂီတပဲဖြစ်ဖြစ်၊ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ဇာတ်သဘင်ပဲဖြစ်ဖြစ် အားလုံးရဲ့အခွင့်အရေးတစ်ရပ် ဖြစ်တာကြောင့် အားလုံးကိုယ်စား ဝမ်းသာတယ်။ ရုပ်ရှင်ပညာရှင်တွေထဲမှာ အဆိုလည်းနိုင်တယ်။ ပြဇာတ်လည်း ကနိုင်တယ်။ နှစ်ပေါင်းများစွာ အဆို၊ အက၊ အရေး၊ အတီးလည်း လုပ်ခဲ့ကြတယ်။ အနုပညာက တစ်ခုနဲ့တစ်ခု ဆက်နွှယ်နေကြတယ်။ ဒါကြောင့် အားလုံးအတွက် ဗိမာန်ကြီးတစ်ခုလို့ ယူဆတယ်။ အဲဒီအတွက် တကယ်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာတယ်။

ပန်းချီပညာကို ပြည်တွင်းမှာ တော့ကိုယ်ပိုင် Gallery တွေနဲ့ ပြကြတာများတယ်။ ဒါကတော့ International ဖြစ်တာကြောင့် ပန်းချီကို Hall တစ်ခုလုပ်ရမယ်။ ပြီးတော့ သတ်သတ်ရှိုးလုပ်ရမယ်။ ပန်းချီပြခန်းကို အမြဲတမ်းထားရမယ်။ နိုင်ငံတကာမှာ အနုပညာအားလုံး Unity ဖြစ်တယ်။ အခုအခါ နိုင်ငံတော်က ကူညီထောက်ပံ့ပေးတာကြောင့် အနုပညာလောကတစ်ခုလုံး ရှင်သန်နိုင်မယ်လို့ မြင်တယ်။

**ဒေါ်နွဲ့နွဲ့စန်း (မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးအတွင်းရေးမှူး)**

အမေတို့က ဒီအဆောက်အအုံကြီး ဖြစ်မြောက်အောင် သမ္မတကြီးကို ဝိုင်းပြီး တောင်းဆိုကြတယ်။ သမ္မတကြီးက လုပ်ပေးမယ်ပြောတော့ အိပ်မက်ကလန့်နိုးလာသလိုပါပဲ။ တစ်ခါတည်း ရွှေတောင်ပေါက်သလိုထင်တယ်။ ဒီလိုထင်ရတာကလည်း တစ်ယောက်အတွက် မဟုတ်ပါဘူး။ သဘင်လောကသားအားလုံးအတွက်ပါ။ သဘင်အဆင့်အတန်း မြင့်လာဖို့၊ တိုးတက်ဖို့၊ သဘင်သမားတွေ အဆင့်မြင့်ဖို့ လုပ်ပေးတာဖြစ်လို့ နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရအဖွဲ့ကို အထူးကျေးဇူးတင်တယ်။ အခုချိန်မှာ ဇာတ်ရုံဆိုရင် ရှာနေရတာ၊ သဘင်အတွက်သာ မဟုတ်ပါဘူး၊ နိုင်ငံတကာက လာဖျော်ဖြေရင်လည်း ဗဟုသုတရမယ်။ အဆင့်မြင့်တဲ့ ဇာတ်ရုံမှာ ဖျော်ဖြေရမှာဖြစ်တဲ့အတွက် ဂုဏ်ယူတယ်။

အခုဆိုရင် အမျိုးသားဇာတ်ရုံက အမြင့်ဆုံးလေ၊ ဒီ့ထက်မြင့်မားတဲ့နေရာမှာ ဖျော်ဖြေရမှာဖြစ်တဲ့အတွက် ဝမ်းသာလွန်းလို့ မပြောပြတတ်အောင် ဖြစ်ရတယ်။

**ဦးတင်ဦးလေး (မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ)**

ကျွန်တော့်အသက် ၇၀ ပြည့်ပြီးချိန်မှာ ဒီလိုအဆောက်အအုံကြီးဖြစ်ပေါ်လာမယ်ဆိုတာ ဂီတအစည်းအရုံးဥက္ကဋ္ဌ သက်တမ်းတစ်လျှောက်မှာ အလွန်ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဒီအဆောက်အအုံကြီး မပေါ်ခင်ကတည်းက လေ့လာရေးဆိုပြီး ပြည်ပကို နိုင်ငံတော်က လွှတ်ပါတယ်။ ဟိုမှာတွေ့ခဲ့တဲ့ Theatre တွေက အလွန်ခေတ်မီတယ်။ ဒီမှာလည်း အင်မတန်ခေတ်မီတဲ့အဆောက်အအုံကြီးကို မျက်ဝါးထင်ထင် ပေါ်ထွက်လာမှာဖြစ်လို့ အိပ်မက်လိုပါပဲ။ ဒီအဆောက်အအုံဖြစ်ပေါ်လာအောင် ဖန်တီးပေးတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တကွ တာဝန်ရှိသူတွေအားလုံးကို အများကြီးကျေးဇူးတင်တယ်။ ဒီအဆောက်အအုံကြီးမှာ ရုပ်ရှင်၊ ဂီတ ကျန်တဲ့အဖွဲ့အစည်းတွေ အသုံးပြုနိုင်မယ်၊ လူ ၃၀၀၀ ဆံ့မယ့် ခန်းမကြီးလည်း ပါဝင်မယ်။ ဒီအဆောက်အအုံကြီး ဘွားခနဲပေါ်လာတော့ ဒီအဆောက်အအုံပြီးရင် ဂီတလောကသားတွေ စည်းကမ်းရှိရှိ ညီညီညွတ်ညွတ်နဲ့ တင်ဆက်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့ လိုပါတယ်။

**ဦးအောင်လွင်(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက)**

သမ္မတကြီးကိုယ်တိုင် တွေ့ဆုံခဲ့တာ သုံးကြိမ်ရှိသွားပါပြီ။ ပထမအကြိမ်တုန်းက ဂီတ၊ ရုပ်ရှင်၊ သဘင်အားလုံးနဲ့ နိုင်ငံတော်စိမ်းလဲ့ကန်သာဧည့်ဂေဟာမှာ ဆုံကြတယ်။ ဒုတိယအကြိမ် တွေ့ပြီးတော့ အကောင်အထည် ပေါ်လာတယ်။ ဒီလိုနေရာအကျယ်ကြီးမှာ ဒီလိုအဆောက်အအုံ ဖြစ်လာမယ်ဆိုတော့ အံ့ဩပါတယ်။ စော်ဘွားကြီးကုန်းလမ်းဆုံနဲ့ မင်းဓမ္မလမ်းဆုံအနီးမှာဆိုတော့ မြေနေရာအသေးလေးပဲထင်ခဲ့တာ။ အခုလိုနေရာမျိုးမှာ ဆောက်လုပ်ခွင့်ရတဲ့အတွက် ကျေးဇူးတင်တယ်။ အနုပညာလောကအတွက် အကုန်လုံးကောင်းပါတယ်။

**သူထူးစံ(ရုပ်ရှင်သရုပ်ဆောင်)**

ကျေးဇူးတင်ပါတယ်။ နေရာတစ်နေရာတော့ သတ်သတ်မှတ်မှတ်ဖြစ်သွားတယ်။ ဒီအဆောက်အအုံအတွက်ကိုတော့ ကော်မတီတွေဖွဲ့ပြီးလုပ်ကြမယ်လို့ ပြောတယ်။ ဘာပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ အဆင်သင့်ပါ။ ကျွန်တော်ရုပ်ရှင်နယ်ပယ်မှာ ဖြတ်သန်းလာတာ ၁၅ နှစ်ကျော်ပြီ၊ အခုအခါမှာ တိုးတက်ဖို့ လမ်းစတွေမြင်ရတယ်။ ဒီအဆောက်အအုံက နောက်မျိုးဆက်သစ်တွေအတွက် အများကြီး ကံကောင်းခြင်းတွေ ဖန်တီးပေးမှာပါ။

**ဦးလှုမင်း(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

ဒီအဆောက်အအုံကြီးကို ဘယ်လိုဒီဇိုင်းနဲ့ ပုံစံဆောက်မယ်ဆိုတာ နိုင်ငံခြားလေ့လာရေးခရီးတွေသွားခဲ့တယ်။ အဆောက်အအုံဆောက်ဖို့ အစကတည်းက အသေးစိတ် ဆွေးနွေးခဲ့ကြတယ်။ အခုပန္နက်တင်ပြီ၊ ဆောက်လုပ်ပြီးသွားရင်လည်း ရေရှည်ထိန်းသိမ်းဖို့၊ အသုံးချဖို့ ကော်မတီတွေဖွဲ့ပြီး ဆောင်ရွက်ဖို့ ကျွန်တော်တို့ ပါဝင်ကြရမှာပါ။ ဒီအဆောက်အအုံမှာ ပြဇာတ်ရုံကြီးပါမယ်။ Mini Theatre လေးတွေ၊ ခန်းမတွေ၊ Function area လေးတွေလည်းပါမယ်။ အနုပညာနဲ့ပတ်သက်ပြီး Art Centre ဆိုတဲ့အတိုင်း အနုပညာဗဟိုဌာနကြီးတစ်ခု ဖြစ်လာမှာပါ၊ အနုပညာနဲ့ပတ်သက်တဲ့ ပွဲတော်တွေ၊ လုပ်ငန်းဆောင်တာတွေ၊ တစ်နှစ်ပတ်လုံး ၁၂ ရာသီ အခွင့်အရေးရနေမယ့်နေရာတစ်ခု ဖြစ်ပါတယ်။ ဒါနိုင်ငံတကာအဆင့်မီ Art Centre ပါ၊ Sound System တွေ၊ Stage စင်တွေ၊ ဖျော်ဖြေတင်ဆက်မှုပုံစံတွေကအစ နိုင်ငံတကာအဆင့်မီအောင် လုပ်သွားမှာပါ။ ဒီဇာတ်ရုံကြီးက နိုင်ငံတကာအဆင့်မီဖျော်ဖြေရေး တင်ဆက်ရမှာပါ၊ သင်တန်းကျောင်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နိုင်မယ့်နေရာတွေလည်းပါမယ်။ ဒီအနုပညာဗဟိုဌာနက အနုပညာနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုတွေအပြင် မျိုးဆက်သစ်တွေ မွေးထုတ်သွားနိုင်မယ့် နေရာတစ်ခုပါ။ သမ္မတကြီးတို့ မအားတဲ့ကြားက အခုလိုမျိုး အချိန်ပေးပြီး မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒါ တိုင်းပြည်ရဲ့ လိုအပ်ချက်တစ်ခုဖြစ်သလို အနုပညာရှင်၊ အနုပညာလောကအတွက်လည်း လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။



သူထူးစံ



အိချောပို



ကောင်းပြည့်

**ဒေါ်စန္ဒာခင် (ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး)**

မြန်မာတွေက ရှေးကတည်းက ယဉ်ကျေးမှုအဆင့်အတန်း အတော်လေးမြင့်ခဲ့တယ်။ ဇာတ်သဘင်၊ စာပေ၊ ပန်းဆယ်မျိုး၊ အနုသုခုမလက်ရာတွေ ဒါတွေလည်း ဖွံ့ဖြိုးခဲ့တယ်။ ဒီနေရာမှာ ဒီလိုဗဟိုဌာနဆောက်ပေးတဲ့အတွက် ရုပ်ရှင်၊ ဇာတ်သဘင်၊ ဂီတတေးသီချင်းဆိုင်ရာတွေကို ဒီနေရာမှာ ပူးပေါင်းဖျော်ဖြေခွင့်ရမယ်။ ဒီလိုသမိုင်းကြောင်းမြင့်မားတဲ့ ယဉ်ကျေးမှုကို ခေတ်မီနည်းပညာတွေနဲ့ ပေါင်းစပ်ပြီးတော့ ဖျော်ဖြေတင်ဆက်သွားမယ်ဆိုရင် ပြည်သူတစ်ရပ်လုံးက ပိုပြီး စိတ်ဝင်စားလာမယ်။ ကြည့်ရှုအားပေးသူတွေလည်း ပိုများလာမယ်။ အနာဂတ်မျိုးဆက်သစ်တွေ ယဉ်ကျေးမှုကို ပိုနားလည်လာမယ်။ ပိုတန်ဖိုးထားလာမယ်။ ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းလာမယ်လို့ ယုံကြည်တယ်။ ဒီလိုပဲ ပြည်ပဧည့်သည်တွေ လာရောက်လည်ပတ်ပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာ၊ အနုသုခုမအားလုံးကို ပိုပြီးတော့ နားလည်သွားမယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ယဉ်ကျေးမှုကို ကမ္ဘာကျော်အောင် ပြသသွားနိုင်မှာ ဖြစ်ပါတယ်။ ယဉ်ကျေးမှုစင်တာဆိုတာ ဖျော်ဖြေရုံသက်သက်မဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မယ့် ဇာတ်ရုံကြီးတွေ တည်ဆောက်ထားသလို မြန်မာမှု အနုလက်ရာပစ္စည်းတွေကို ထုတ်လုပ်ရောင်းချသွားမယ့် လူအများသိအောင် ဆောင်ရွက်သွားမယ့် နေရာတစ်ခုဖြစ်ပါတယ်။ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအနုပညာတွေ တစ်ပေါင်းတစ်စည်းတည်း ဖော်ထုတ်ပြသသွားနိုင်မယ့် နေရာလို့ ပြောချင်ပါတယ်။

**လမင်းအိန္ဒြေ (ရုပ်ရှင်သရုပ်ဆောင်)**

ဒီလိုမျိုး ခေတ်မီတိုးတက်တဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာအားလုံးကို တစ်စုတစ်စည်းတည်းဖြစ်အောင်လုပ်ပေးတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ အနုပညာရှင်တွေနဲ့ အနုပညာလောကအတွက် ဗဟိုဌာန တည်ဆောက်ပေးတဲ့အတွက် အနုပညာလောက ပိုပြီး တိုးတက်လာမယ်လို့ မြင်ပါတယ်။ အနုပညာရပ်ဝန်းတစ်ခုလုံး တိုးတက်လာတာနဲ့အမျှ အနုပညာဝါသနာပါတဲ့ မျိုးဆက်သစ်တွေလည်း စုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ ပိုပြီးတော့ လုပ်ဆောင်နိုင်မယ်။ ထိရောက်မယ်။ အစစအရာရာ သင်ကြားမှုပုံစံရော သင်ယူတတ်မြောက်မှုပုံစံပါ ဒီလိုနေရာမျိုးက ထွက်လာပြီဆိုရင် ရိုက်ကွင်းပေါ်မှာပဲရောက်ရောက်၊ စတိတ်စင်ပေါ်ပဲရောက်ရောက် ကိုယ့်အတွက် ယုံကြည်မှုပိုရှိလာမယ်။ ဒါကြောင့် အနုပညာစင်တာတစ်ခု မရှိမဖြစ်လိုအပ်ပါတယ်။

**အိချောပို (ရုပ်ရှင်သရုပ်ဆောင်)**

ရုပ်ရှင် လောကသားတွေအတွက် အလွန်ကောင်းတဲ့နေရာတစ်ခုပါ။ ရုပ်ရှင်လောကသားတွေအတွက် အလားအလာကောင်းတွေ၊ ရုပ်ရှင်မျိုးဆက်သစ်လူငယ်တွေအတွက် အခွင့်အရေးတွေ အများကြီးရနိုင်မယ်လို့ ထင်ပါတယ်။

**အမရာငြိမ်း (မော်ဒယ်သရုပ်ဆောင်)**

Miss Myanmar International 2015 နဲ့ Miss Famous ဆုနှစ်ခုရထားပါတယ်။အနုပညာလောကသားတွေနဲ့ အနုပညာလောကအတွက် အလွန်ကောင်းပါတယ်။ တိုးတက်လာတဲ့ ပြယုဂ်တစ်ခုလို့ထင်ပါတယ်။ ဒီအနုပညာဗဟိုဌာနကြီးဆောက်လုပ် ပြီးသွားရင် မြန်မာ့ရုပ်ရှင် ဒီထက်ပိုပြီး တိုးတက်လာမယ်လို့ မြင်ပါတယ်။

**ကောင်းပြည့် (ရုပ်ရှင်သရုပ်ဆောင်)**

အနုပညာရှင်တွေ လိုအပ်နေတဲ့ အနုပညာအဆောက်အအုံကြီးကို တည်ဆောက်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးကို အများကြီး ကျေးဇူးတင်ပါတယ်။ အနုပညာလုပ်ငန်းတွေ အရင်ကထက်စာရင် တိုးတက်လာတယ်။ အရင်ထက်ပိုပြီး အဆင့်အတန်းမြင့်လာလေလေ မြန်မာ့ရုပ်ရှင် ပိုပြီးအဆင့်မြင့်လာမယ်။ လူကြိုက်လည်း များလာမယ်။ အရည်အသွေးလည်း ကောင်းလာမယ်လို့ ယုံကြည်ပါတယ်။ အခုလိုမျိုး နိုင်ငံတော်က ကူညီထောက်ပံ့ပေးတော့အနုပညာရှင်အားလုံး ဝမ်းသာမယ်လို့ မျှော်လင့်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**မြန်မာပြည်သူပြည်သားများအားလုံး ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ အပြန်အလှန် နားလည်လေးစားမှု အများ၏သဘောထားကို လိုက်နာ၊ လူနည်းစု၏သဘောထားကို အလေးထားရင်း နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်**

* ရှေ့ဖုံးမှ

ပြည်သူပြည်သားအားလုံး ပါဝင်ဆောင်ရွက်ရေးသည် ဒီမိုကရေစီ၏အနှစ်သာရပင် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်နှင့် လူ့အဖွဲ့အစည်း ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်မှသာ ပြည်တွင်းငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံတိုင်းတွင် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရန်လိုအပ်ပြီး ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ယုံကြည်လက်ခံကျင့်သုံးသည့် လူ့ဘောင်ဘဝ ရှိရပါမည်။ လူ့အဖွဲ့အစည်းတွင်း ဒီမိုကရေစီကျင့်စဉ်များ အခြေခိုင်ရေးတွင် ဒီမိုကရေစီပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ လူတိုင်းက အခွင့်အရေးနှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို မျှတစွာ ပေါင်းစပ်ကျင့်သုံးနိုင်ရပါမည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ဆီသို့ ခိုင်မာသော ဆုံးဖြတ်ချက်၊ ရည်မှန်းချက်ဖြင့် လျှောက်လှမ်းခဲ့သည့်အတွက် ယနေ့အချိန်တွင် သိသာထင်ရှားသော အောင်မြင်မှုများကို ရရှိခဲ့ပြီဖြစ်ပါသည်။ အဆိုပါအောင်မြင်မှုအသီးအပွင့်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရေးဟူသည့် ဆုံးဖြတ်ချက်၊ ရည်မှန်းချက်များကို ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိစွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း နောက်ခံအခြေအနေများ၊ လူမှုပုံစံများ၊ ဓလေ့ထုံးစံ ယဉ်ကျေးမှုများနှင့် စံတန်ဖိုးများ၊ နိုင်ငံအတွင်းရှိ ပါတီများ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအစုအဖွဲ့များနှင့် ပြည်သူများအားလုံး၊ သက်ဆိုင်သူများအားလုံး (Stakeholders)များ၏ ဒီမိုကရေစီ ဖော်ဆောင်နိုင်မှုအပေါ်တွင် မူတည်ကာ ပုံစံအမျိုးမျိုး၊ ချဉ်းကပ်မှုအမျိုးမျိုး ကွဲပြားနိုင်သော်လည်း ပြည်သူပြည်သားတို့၏ စိတ်နေစိတ်ထားရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ်မြင့်မားမှုနှင့် စည်းကမ်းကောင်းမွန်မှုတို့သည် ဒီမိုကရေစီဖော်ဆောင်ရေး၏ အဓိကအချက်များဖြစ်ပါသည်။

ယနေ့အချိန်သည် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ အနာဂတ် မျှော်မှန်းချက်များကို ဖော်ဆောင်ပေးမည့် အရေးကြီးသောကာလဖြစ်ပါသည်။ မကြာမီကျင်းပတော့မည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အလွန်ကြီးမားသည့် အဆင့်တစ်ဆင့်ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်မည်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်သစ်တစ်ရပ်ကို ဖန်တီးတည်ဆောက်နိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများအားလုံးကလည်း တာဝန်ကျေပွန်ကြရန် လိုအပ်ပါသည်။

လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူအားလုံးက နိုင်ငံသားတာဝန်ဖြစ်သည့် ဆန္ဒမဲပေးခြင်းတာဝန်ကို မပျက်မကွက် ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးရာတွင် မိမိတို့ကို အမှန်တကယ်ကိုယ်စားပြုမည့် ပြည်သူများ၏ လိုလားချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့် အရည်အသွေးရှိသည့် လူထုကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရန် အထူးအရေးကြီးပါသည်။ မှန်ကန်သောရွေးချယ်မှုများဖြင့်သာ နိုင်ငံသားအားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီထွန်းကားပြီး ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲများက ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဓလေ့ထုံးတမ်းပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံရှိသည့် လူမျိုးစုများစွာနေထိုင်သော နိုင်ငံဖြစ်သည့်အတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ၏ လူမှုသဟဇာတဖြစ်မှုနှင့် မတူညီသည့် ကိုးကွယ်ယုံကြည်မှုများကို ထိခိုက်နစ်နာစေသည့်ကိစ္စရပ်များ မပေါ်ပေါက်စေရန် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံး စည်းကမ်းရှိမှု၊ စိတ်နေစိတ်ထားရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ်မြင့်မားမှု၊ ဆင်ခြင်တုံအသိတရားရှိမှုဖြင့် ဒီမိုကရေစီကို ဖော်ဆောင်သွားကြရမည်ဖြစ်ပါသည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့၏ ဆောင်ပုဒ်မှာ "Public Participation for Democracy" (ဒီမိုကရေစီအတွက် ပြည်သူများပါဝင်ဆောင်ရွက်) ဟူ၍ ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်သည် ပြည်သူများ၏ အခန်းကဏ္ဍကို ပိုမို အနက်အဓိပ္ပာယ်ဖွင့်ဆိုပြသည့်သဘော သက်ရောက်ပါသည်။ ဒီမိုကရေစီဖြစ်စဉ်များအားလုံးတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များအားလုံးက ဒီမိုကရေစီယန္တရားအဆင့်ဆင့်၌ ပြည်သူများ ပိုမိုပါဝင်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးရန်လည်း လိုအပ်ပါသည်။ တစ်ဆက်တည်းအနေဖြင့် ပြည်သူများ၏ အသိပညာ ရေချိန်မြင့်မားလာအောင် ပြုစုပျိုးထောင်၍ ဒီမိုကရေစီ၏ အနှစ်သာရများကို ပိုမိုရရှိခံစားနိုင်ရန်လည်း အားလုံးကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခါသမယတွင် ဒီမိုကရေစီနိုင်ငံသား မြန်မာပြည်သူပြည်သားများအားလုံး ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ အပြန်အလှန်နားလည်လေးစားမှု အများ၏သဘောထားကို လိုက်နာ၊ လူနည်းစု၏ သဘောထားကို အလေးထားရင်း နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ကြရန်နှင့် ရင့်ကျက်ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်သွားကြပါရန် တိုက်တွန်းလိုက်ရပါသည်။



## နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ စည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူများအား စေလွှတ်ပြီးစီးမှု၊ ထပ်မံစေလွှတ် ရန်စီစဉ်ထားရှိမှုနှင့် ရှေ့လုပ်ငန်း စဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့အထိ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူ ၄၃ ဦးကို စေလွှတ်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူ ၇၃ ဦးကို မကြာမီ ထပ်မံစေလွှတ်သွားမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်စေလွှတ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်မှ ဦးသိန်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း)ဒေါက်တာရီရီမြင့်၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီအဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ကမ္ဘောဇဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ဝန်ထမ်း

* နိုင်ငံ၏ဝန်၊ ပြည်သူ့ဝန်ကို
အားသွန်ကြိုးပမ်း၊ ကျေပွန်ထမ်းသည်
ဝန်ထမ်းဘဝ ဂုဏ်ရှိစွ။

* ကျရာဝန်ကို
ကျေပွန်သမျှ၊ လုပ်ကျွေးပြုရင်း
ကုသိုလ်လည်းရ ဝမ်းလည်းဝ။
ဘဝလုံခြုံ အေးချမ်းစွ။

* သူများတွေလို
စိန်ရွှေဇယ်တောက်၊ တိုက်ဆောက်ကားစီး
ကြီးပွားဖို့ရာ၊ မမြင်ပါလည်း. . . .။

* လစာခွင့်ရေး
ပေးသမျှသာ၊ ရောင့်ရဲစွာလျှင်
ချွေတာခြိုးခြံ၊ ရသည်မှန်လည်း. . .။

* ရာထူးတက်လမ်း
မှန်းတိုင်းမပေါက်၊ စွမ်းသလောက်သာ
ရောက်နိုင်သမျှ၊ ကျေနပ်ရလည်း. . .။

* တို့ပြည်သူ၏
လူမှုစီးပွား၊ ဘဝများကို
ကြီးပွားတိုးဆင့်၊ မြင့်ထက်မြင့်အောင်
မြှင့်တင်ရာမှာ၊ ငါတို့ပါ၏။

* တို့နိုင်ငံကြီး
ကောန်ဖွံ့ဖြိုး၊ စီးပွားတိုးဖို့
ကြိုးပမ်းရာမှာ၊ ငါတို့ပါ၏
မျိုးဆက်သစ်တို့
ခေတ်မီကြွယ်ဝ၊ ထူးချွန်ကြလျက်
ကမ္ဘာ့အလယ်၊ ဂုဏ်တင့်တယ်စွာ
ဝင့်ထယ်ပိုင်ပိုင်၊ မော်ကြွားနိုင်အောင်
ထောက်တိုင်နေရာ၊ ငါတို့ပါ၏။

* သြော်. . . အုတ်တစ်ချပ်လည်း
တစ်ချပ်အလျောက်၊ အရာရောက်၏
စွမ်းလောက်ပေရာ၊ ကိုယ်ကျရာ၌
“တာဝန်” ဟူသည့်၊ ထိုအသိဖြင့်
ပြည့်ပြည့်ဝဝ၊ ပေးဆပ်ကြမည်
စွမ်းစဝင့်ကြွား၊ ငါတို့အားဖြင့်
တိုင်းကားပြည်ရွာ သာစေသတည်း။
တိုင်းသားပြည်ညွန့် လူစေသတည်း။
“မြန်မာ” မော်ကွန်း သစ်စေသတည်း။ ။

**(ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုးကြားတက်ကြွကျေပွန်စွာ တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းအားလုံးသို့ ဂုဏ်ပြုလျက်-)**

**ဇော်မင်းမင်းဦး**

## မြန်မာနိုင်ငံသား ၂၀ အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ထပ်မံရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၂၀ သည် ယနေ့ နံနက် ၁၁ နာရီ ခွဲခန့်က မလေးရှားလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။ **(ယာပုံ)**

“အခုပြန်ရောက်လာတဲ့သူတွေက ရေလုပ်သားတွေပါ။ သူတို့တစ်တွေကို လူကုန်ကူးခံရခြင်း ရှိ၊ မရှိ စစ်ဆေးမေးမြန်းမှုတွေလုပ်မယ်။ လူကုန်ကူးခံရတာရှိတယ်ဆိုရင် ကွင်းဆက်အရဖော်ထုတ်ပြီး အရေးယူမှုတွေ လုပ်သွားမှာပါ” ဟု အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က ပြောသည်။

အဆိုပါ ရေလုပ်သား ၂၀ သည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူတို့ကို ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာဓုစာသင်တိုက် သီရိမင်္ဂလာကျောင်း၌ ခေတ္တနေရာချပေးထားသည်။ ထို့အပြင် IOM အနေဖြင့် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်း ထောက်ပံ့ပေးပြီး သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေကြောင်း သိရသည်၊

“ကျွန်တော်တို့အနေနဲ့ သူတို့ကို အမြန်ဆုံး အိမ်ပြန်ရောက်အောင် စီစဉ်ပေးနေတယ်။ ကားနဲ့ပြန်လို့ရတဲ့သူတွေကို လက်မှတ်တွေချက်ချင်းဝယ်ပေးလိုက်လို့ တချို့ပြန်သွားကြပါပြီ။ လေကြောင်းနဲ့ ပြန်ရမယ့်သူတွေကတော့ ကျန်နေပါသေးတယ်။ သူတို့အတွက်လည်း နေထိုင်စားသောက်ဖို့ စီစဉ်ပေးထားပါတယ်” ဟု IOM မှ ထောက်ပံ့နှင့် ပို့ဆောင်ရေးအရာရှိ ဦးရိုရှမ်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)**



# ရေဘေးသင့်ဒေသများရှိ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်များ ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ရေးအတွက် ဘေးသင့်ဒေသများ၌ ပစ္စည်းဆုံးရှုံးသည့်ပမာဏနှင့် တန်ဖိုးများကို အတိအကျသိရှိနိုင်ရန်နှင့် လိုအပ်သည့် အကူအညီအထောက်အပံ့များ ထိရောက်စွာပေးအပ်နိုင်ရေး ရည်ရွယ်ပြီး ယခုအစည်းအဝေးအား ခေါ်ယူကျင်းပရခြင်း ဖြစ်ပါကြောင်း။



ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော ပြန်လည်ထူထောင်ရေးအစီအမံများကို ကာလတို၊ ကာလရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် အဆင့်သတ်မှတ်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်း ဘေးလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက် (Post Disaster Need Assessment)တွင် ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်း အချက်အလက်များ ပြည့်စုံတိကျ မှန်ကန်စွာရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ သို့ပါ၍ တိကျသည့်ကိန်းဂဏန်း အချက်အလက်များ ရရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူကုန်ကူးမှုကာကွယ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရပ်တန့်မှုမရှိအောင် ဆောင်ရွက်ပေးရေး၊ ငွေကြေးလည်ပတ်မှုများ ရပ်တန့်မှုအား ကုစားရေး၊ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ကင်းဝေးရေး စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။

အိမ်ထောင်စုအလိုက် ဆုံးရှုံးမှုများနှင့်ပတ်သက်၍ နေအိမ်များ၊ လယ်ယာများ၊ ကျွဲ၊ နွားများ၊ မွေးမြူရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် သက်ကြီးရွယ်အိုများ ထောက်ပံ့ပေးခြင်း၊ အိမ်ထောင်စုများသို့ ငွေကြေးထောက်ပံ့မှုပေးခြင်း၊ ရိက္ခာထောက်ပံ့ပေးခြင်း၊ Cash for Work လုပ်ငန်းများ စီမံပေးခြင်း စသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေဘေးသင့်ဒေသများရှိ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးကိုလည်း ဒေသအလိုက် ဝန်ကြီးဌာနများကို ခွဲဝေတာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်း၊ တံတား၊ ရေရရှိရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာ

*စာမျက်နှာ ၇ သို့*












*စာမျက်နှာ ၆ မှ*

ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးကိုလည်း သဘာဝဘေးဖြစ်နိုင်ခြေ လျှော့ချရေး လုပ်ငန်းစဉ်များတွင်ပါ ထည့်သွင်း စဉ်းစားဆောင်ရွက်ရန်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး စီမံချက်အတွက် ရှေ့ပြေးစီမံချက်အဖြစ် နမူနာရေးဆွဲထားသည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ရေဘေးသင့်ကာလအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံချက်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တို့က မိမိတို့ဒေသအတွင်း သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရမှု၊ ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာများနှင့် လိုအပ်ချက်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက်၊ လုပ်ငန်းကော်မတီအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ထောက်ပံ့ရေးနှင့် ရှေးဦး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးကြပြီး ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး လမ်းညွှန်ဖြည့်စွက်မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ်နှင့် ကုလမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ကိုယ်စားလှယ်အဖွဲ့နှင့် ဥပဒေရေးရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲက UNODC မှ Country Manager Mr. Troels Vester ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး UNODC မှ Mr. Troels Vester က ဩစတြေးလျနိုင်ငံရှိ UNODC ရုံး အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဆက်ဆံမှုပိုမိုခိုင်မာစေရန် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရန် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အခန်းကဏ္ဍများကို သိရှိလိုပါကြောင်း မေးမြန်းဆွေးနွေးသည်။

မေးမြန်းချက်အပေါ် ပြည်ထောင်စုရှေ့နေချုပ်က ၎င်းရုံးတွင် ဥပဒေများ စိစစ်ရေးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဌာန၊ တရားစွဲနှင့် အမှုလိုက်ဌာန စီမံရေးရာဌာနဟူ၍ ဌာနကြီး လေးခုရှိပါကြောင်း၊ အမှုလိုက်ပညာတစ်ခုတည်းသာ ကျွမ်းကျင်သော အစိုးရရှေ့နေများမဟုတ်ဘဲ ဥပဒေပညာဖြင့် နိုင်ငံတော်၏ ဥပဒေပြုရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးရသည့် ဥပဒေအရာရှိများဖြစ်ပါကြောင်း၊ မိမိသည် International Labour Organization, International Tribunal on Law of the Sea နှင့် Universal Periodic Review ကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၎င်းပြင် စီးပွားရေးစာချုပ်စာတမ်းကိစ္စများတွင် လည်း ဝန်ကြီးဌာနများက ဥပဒေအကြံဉာဏ်များ ရယူတောင်းခံလာပါက စိစစ်၍ ဥပဒေအကြံဉာဏ်များကို ပေးလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လာဘ်ပေးလာဘ်ယူ တားမြစ်ရေး စာချုပ်ကို နိုင်ငံတကာမှ လက်ခံပြီးသည့်နောက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံအား စိစစ်ရန်အတွက် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ၎င်းရုံးမှ ဥပဒေအရာရှိတစ်ဦးကို အဖွဲ့ဝင်အဖြစ် စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ပညာသင်ဥပဒေအရာရှိများကို အနောက်နိုင်ငံများသို့ စေလွှတ်ခြင်းမှာ ဥရောပသမဂ္ဂ (EU) နှင့် ပထမခြေလှမ်းစတင်သည့် Seminar ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးဦးဆောင်မှုဖြင့် အလုပ်ရုံဆွေးနွေးပွဲ ၄၉ ခုကို ကျင်းပပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲများတွင် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ဘဲ အခြားပြည်ထောင်စုဝန်ကြီးဌာနများရှိ ဥပဒေပိုင်းဆိုင်ရာ တာဝန်ရှိသူများ ပါဝင်ခဲ့ခြင်းကြောင့် တရားစွဲအမှုလိုက် နည်းလမ်းများ၊ နည်းဗျူဟာများနှင့် အမှုတည်ဆောက်ချဉ်းကပ်ပုံတို့ကို ကမ္ဘာပေါ်ရှိ နောက်ဆုံးနည်းလမ်းများနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆောင်ရွက်ခဲ့ကြောင်း၊ UNODC၊ UNDP နှင့် JICA နိုင်ငံတကာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး တာဝန်ရှိသူများ ပူးပေါင်းရေးဆွဲထားသော Legal Aid ဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်က စိစစ်ပြီးနောက် အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းအဖြစ် တင်ပြထားဆဲဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# တစ်တပ်တစ်အား အကူအညီအားဖြည့်မည့် ကျောင်းပြင်ပ ပညာရေး

အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ် ကျောင်းပြင်ပရောက် ကလေးသူငယ်များ မိမိကိုယ်မိမိ ကာကွယ်ရန်နှင့် ဆုံးဖြတ်ချက်မှန်ကန်စွာ ချမှတ်နိုင်ရေးအတွက် ဘဝတွက်တာကျွမ်းကျင်စရာ အခြေပြုကျောင်းပြင်ပပညာရေးကို လက်လှမ်းမီစေရန်၊ ဘဝတွက်တာ ကျွမ်းကျင်စရာပညာရပ်များကို စဉ်ဆက်မပြတ် တိုးချဲ့ပညာသင်ယူခြင်းအစီအစဉ်ဖြင့် သင်ယူမှုအခွင့်အလမ်းပေးရန်၊ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး ဝန်ဆောင်မှုပေါင်းစပ်ပေးရန်၊ လူမှုအသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရေး တိုးမြှင့်ပေးရန်ရည်ရွယ်၍ ကျောင်းပြင်ပပညာရေးကို စတင်ဆောင်ရွက်ခဲ့သည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို MOE UNESCO-UNDP Project အဖြစ် အစပျိုးဆောင်ရွက်ခဲ့ပြီး စာအုပ်စာစောင်များ ထပ်မံမွမ်းမံပြင်ဆင်ကာ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်တွင် မြို့နယ် ၁၁ မြို့နယ်တွင် နှစ်နှစ်တာကာလအတွင်း စမ်းသပ်ဆောင်ရွက်ခဲ့သည်။

ကျောင်းပြင်ပမူလတန်းပညာရေးသည် မူလတန်းအရွယ်လွန် ကလေးများကို မူလတန်းပညာရေး လမ်းကြောင်းပေါ်သို့ရောက်အောင် ကျွမ်းကျင်မှုအခြေပြုနည်းဖြင့် သင်ကြားပေးသော ဒုတိယအခွင့်အလမ်း ပညာရေး(Second Chance Education) ဖြစ်သည်။ ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) တို့ ပူးတွဲဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြို့နယ်ပေါင်း ၉၄ မြို့၌ ဆောင်ရွက်လျက်ရှိသည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝ မနေခဲ့ဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာရေးမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသူ အသက် ၁၀ နှစ်မှ ၁၄ နှစ် သက်ငယ်အုပ်စုကလေးများကို ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရန် ကျောင်းပြင်ပမူလတန်းအခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့်သို့ ဆက်လက်သင်ယူလိုပါက သင်ယူခွင့်ရရှိစေမည့်အခွင့်အရေးများ ရရှိနေကြပြီဖြစ်သည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်) တို့ပူးပေါင်း၍ မြို့နယ် ငါးမြို့နယ်ကို စီမံချက်မြို့နယ်များအဖြစ် ရွေးချယ်ပြီး နှစ်စဉ်တိုးချဲ့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြို့နယ် ၉၄ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်တွင် အဆင့်နှစ်ဆင့်ပါဝင်ပြီး ပထမဆင့်သည် မူလတန်းအောက်အဆင့်နှင့်တူညီကာ ဒုတိယအဆင့်သည် မူလတန်းအထက်အဆင့်နှင့် တူညီသည်။ အဆင့်တိုင်းအတွက် ပညာသင်နှစ်တစ်နှစ်သတ်မှတ်ထားပြီး မူလတန်းငါးနှစ်စာ ပညာရေးကို အချိန်နှစ်နှစ်တာအတွင်း သင်ကြားခွင့်ရရှိအောင် ကျွမ်းကျင်သူဆရာ၊ ဆရာမများဖြင့် သင်ကြားပို့ချခြင်းဖြစ်သည်။

ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုးညွှန်းတမ်းစာစောင်များကို အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများနှင့် ကိုက်ညီအောင်ပြုစုထားကာ အဆင့် နှစ်ဆင့်စလုံးတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဘာသာဟူ၍ ဘာသာရပ်လေးမျိုး သင်ကြားပေးခြင်းဖြစ်သည်။

ကျောင်းပြင်ပ မူလတန်းပညာရေးဗဟိုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဦးက "သင်ထောက်ကူပစ္စည်း ပြည့်ပြည့်စုံစုံနဲ့ သင်ယူတဲ့ကလေးတွေကိုယ်တိုင် တက်ကြွစွာပါဝင်လုပ်ကိုင်မှု၊ တီထွင်ဆန်းသစ်တဲ့ ချဉ်းကပ်မှု၊ အုပ်စုဖွဲ့သင်ကြားမှု၊ အလွတ်ကျက်မှတ်မှုထက် သင်ယူသူရဲ့ နားလည် အသုံးချတတ်မှုနဲ့ ပြဿနာဖြေရှင်းတတ်မှုကို ဦးစားပေးသင်ကြားပေးပါတယ်။ မူလတန်းပညာရေးငါးနှစ်ကို နှစ်နှစ်အတွင်း တတ်မြောက်အောင် ကျွမ်းကျင်မှုအခြေခံသင်ပေးတာဖြစ်ပါတယ်" ဟု ကျောင်းပြင်ပပညာရေးနှင့်ပတ်သက်၍ ရှင်းပြသည်။

ထို့ပြင် ပထမအဆင့် အထွေထွေဘာသာရပ်တွင် ရုပ်ပြကတ်နှင့် စာဖတ်ကတ်များပါဝင်ပြီး ဒုတိယအဆင့်တွင် အခြေခံသိပ္ပံ၊ ပထဝီဝင်၊ သမိုင်း၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ပြည်ထောင်စုစိတ်ဓာတ်၊ ကာယပညာနှင့် အားကစားပညာတို့ ပါဝင်သည်။ ဆရာကိုင် သင်တန်းလက်စွဲစာအုပ်များကိုလည်း ပြုစုပြဋ္ဌာန်းထားသည်။

တစ်နေ့လျှင် နှစ်နာရီခွဲဖြင့် သီတင်းပတ် တစ်ပတ်လျှင် ခြောက်ရက်သင်ကြားပေးကာ သင်ယူမည့်ကလေးများအတွက် အဆင်အပြေဆုံးဖြစ်မည့် အချိန်နှင့်နေရာတွင် သင်ကြားပေးခြင်းဖြစ်သည်။ တတ်မြောက်မှု စစ်ဆေးသည့် ဆန်းစစ်လွှာများဖြင့် ကျောင်းပြင်ပမူလတန်းပညာရေး၏ နှစ်ဆုံးတတ်မြောက်မှုကို စစ်ဆေးကြောင်း သိရသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စစ်ဆေးခဲ့သော ရလဒ်များအရ ကျောင်းပြင်ပ မူလတန်းပညာရေးမှ ကလေးများ၏စွမ်းဆောင်ရည်မှာ ကျောင်းပညာရေးမှ ကလေးများနီးပါး သင့်လျော်ကောင်းမွန်ကြောင်း သိရသည်။

ယခုနှစ် မတ်လတွင် ကျောင်းပြင်ပပညာရေး ဒုတိယအဆင့် ကလေးများ၏ နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးသည့် စံထားစစ်ဆေးလွှာအရ မြို့နယ် ၈၇ မြို့နယ်တွင် ၈၇ ဒသမ ၈၉ ရာခိုင်နှုန်း အောင်မြင်မှုရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကျောင်းပြင်ပမူလတန်းပညာရေးကို မြို့နယ်ပေါင်း ၉၄ မြို့နယ်၌ အခြေစိုက်စခန်းပေါင်း ၅၇၁ တွင် အဆင့် (၁) ကျောင်းသား ၅၄၄၀၊ အဆင့် (၂) ကျောင်းသား ၄၉၈၂ ဦးနှင့် စုစုပေါင်း ၁၀၄၂၂ ဦး ကို ဆရာ၊ ဆရာမ ၁၀၈၀ နှင့် ကြီးကြပ်ရေးမှူးများပူးပေါင်းကာ သင်ကြားပို့ချလျက်ရှိသည်။ ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်တွင် ပထမအဆင့် အောင်မြင်မှုနှုန်း ၆၉ ဒသမ ၆၃ ရာခိုင်နှုန်း၊ ဒုတိယဆင့်တွင် ၇၃ သမ ၇၃ ရာခိုင်နှုန်း ရှိသည်။ ယင်းပညာရေးအရ မူလတန်းအဆင့်ပြီးမြောက်ပြီး အလယ်တန်း၊ အထက်တန်း ပညာရေးကို ဆက်လက်ဆည်းပူးလိုသူများတွင် ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းအဆင့် ၂၂၅၆ ဦး၊ အထက်တန်းအဆင့် ၅၄ ဦး ဆက်လက်ပညာသင်ကြားနေပြီဖြစ်သည်။

**"ဒီပညာရေးက ထူးခြားတဲ့အစီအစဉ်နဲ့ ဆောင်ရွက်နေတဲ့ ပညာရေးဖြစ်တယ်။ ဒါ့ကြောင့် အသက် ၁၀ နှစ်ကနေ ၁၄ နှစ်အရွယ် ကျောင်းမနေဖြစ်တဲ့ ကလေးတွေ ကျောင်းနေဖြစ်သွားအောင် မိဘရော၊ ရပ်ရွာအဖွဲ့အစည်းတွေနဲ့ အသင်းအဖွဲ့တွေကပါ အားလုံးဝိုင်းဝန်းပြီး ဒီလမ်းကြောင်းပေါ် တင်ပေးပါလို့ တိုက်တွန်းချင်ပါတယ်"** ဟု ဆရာကြီး ဒေါက်တာ သန်းဦးက မှတ်ချက်ပြုပြောကြားသည်။

ကျောင်းပြင်ပပညာရေးအတွက် ရွေ့လျားသင်ယူမှုနည်းဗျူဟာ (Mobile Learning Strategy)ဖြင့် သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိအောင် စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပပညာရေးအတွက် ယူနီဆက်ဖ်က မြို့နယ် ၄၂ မြို့နယ်၊ အလှူရှင်များက မြို့နယ် ၃၀ နှင့် ပညာရေးဝန်ကြီးဌာနက ၂၂ မြို့နယ်တို့တွင် ရန်ပုံငွေများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**စံကားဝါ**




# မူဆယ်ဒေသအတွက် မီးသတ်ကားသုံးစီး ယူနန်ပြည်နယ်မှ လွှဲပြောင်းပေးအပ်

**ရွှေလီ စက်တင်ဘာ ၁၄**

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု (၆၅)နှစ်ပတ်လည်ပြည့် အထိမ်းအမှတ်ဖြင့် ယူနန်ပြည်နယ် လူမှုအဖွဲ့အစည်း နိုင်ငံတကာဆက်ဆံမှု တိုးမြှင့်ရေးအသင်းမှ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်မြို့တွင် အရေးပေါ်စွယ်စုံသုံး မီးသတ်ယာဉ်သုံးစီးကို ယနေ့နံနက် ၁၀ နာရီက ယူနန်ပြည်နယ် ရွှေလီမြို့တော် ကျယ်ဂေါင် (နန်းတော်ဂိတ်)ရင်ပြင်တွင် ပေးအပ်လှူဒါန်းလွှဲပြောင်းခြင်းကို ပြုလုပ်ခဲ့သည်။

အဆိုပါ စွယ်စုံသုံးမီးသတ်ယာဉ်လွှဲပြောင်းပွဲတွင် မြန်မာဘက်မှ ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးယောဝိ၊ ကူမင်းစစ်သံမှူး ဦးအောင်ကျော်ဦး၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် သက်ဆိုင်ရာ မူဆယ်ခရိုင် မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူ ဦးတင်မင်းနှင့် တပ်ဖွဲ့ဝင်များက တက်ရောက်လက်ခံကြပြီး တရုတ်နိုင်ငံဘက်မှ ယူနန်ပြည်နယ် နိုင်ငံခြားချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ယူနန်ပြည်နယ် လူမှုအဖွဲ့နိုင်ငံတကာ ကူးလူးဆက်ဆံမှုတိုးမြှင့်ရေးအသင်း ဒုတိယဥက္ကဋ္ဌဖြစ်သော Mr.Cheng Yunchuan နှင့် ယူနန်ပြည်သူ့အစိုးရအဖွဲ့ဝင်များ၊ တယ်ဟုန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပြည်သူ့အစိုးရတာဝန်ရှိသူများ၊ ရွှေလီမြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် မီးသတ်တပ်ဖွဲ့ ဦးဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

လှူဒါန်းပေးအပ်လွှဲပြောင်းသော မီးသတ်ယာဉ်သုံးစီးနှင့် မီးကာဝတ်စုံ၊ မီးကာဦးထုပ်များ၊ သတ်မှတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံတစ်စုံစာအပြည့်ရှိပြီး နိုင်ငံတကာစံချိန်မီ မီးသတ်ယာဉ်ဖြစ်ကြောင်းနှင့် အဆိုပါ မီးသတ်ယာဉ်အမျိုးအစားမှာ တရုတ်ပြည်၊ ကျယ်ဂေါင်မြို့တွင်ပင် ဝယ်ယူမသုံးနိုင်သေးသော ယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ်မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန် -**

**ဦးခင်မောင်ရီ**
**အမြဲတမ်းအတွင်းဝန်**
**ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉-၂၀၀၇၄၅၄**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)



တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)



## ရေဘေးသင့်ပျက်စီးအိမ်များနှင့် ကျောင်းများအတွက် ကိုရီးယားနိုင်ငံက ပြည်သူများအတွက် အလှူငွေများထပ်မံလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ ရေဘေးသင့် ပြည်သူများအတွက် ပျက်စီးသွားသော နေအိမ်များနှင့် ကျောင်းများ ပြန်လည်တည်ဆောက်ရာတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာကိုရီးယားသံအမတ်ကြီး H.E .Lee Beaksoon က ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဗဟိုဌာန ဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်မှစ၍ ရေထပ်မံဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်၊ ကျေးရွာပေါင်း လေးခု၊ အိမ်ခြေ ၃၆၇ လုံးခန့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ရွှေတောင်မြို့နယ်တို့တွင် စက်တင်ဘာ ၁၀ ရက်မှစ၍ ရေထပ်မံဝင်ရောက်ခဲ့သဖြင့် ကျေးရွာကိုးရွာ၊ အိမ်ခြေ ၇၈၀ ခန့်၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် သရက်မြို့နယ်တို့တွင် စက်တင်ဘာ ၉ ရက်မှစ၍ ရေထပ်မံဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်၊ ကျေးရွာပေါင်း ၅၃၃၊ အိမ်ခြေ ၂၈၁၇၀ ခန့် ရေဘေးသင့်ခံခဲ့ရရာ အဆိုပါရေထပ်မံ ဝင်ရောက်ခြင်းခံခဲ့ရသည့် ရေဘေးသင့်ဒေသများတွင် ယာယီဆေးခန်းများဖွင့်လှစ်ကာ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

ရေပြန်လည်ကျသွားသော မြို့နယ်များတွင်လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မူလအခြေအနေသို့ ပြည်လည်ရောက်ရှိစေရေး လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပျက်စီးသွားသော ကျန်းမာရေးဌာနအဆောက်အအုံများ၏စာရင်းကို စနစ်တကျမှတ်တမ်းတင်ပြီး ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရေကျပြီးနောက်ဆက်တွဲဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ် တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက စောစီးစွာသိရှိတုံ့ပြန် ဆောင်ရွက်ရေးစနစ် (Early Warning Alert and Response System) လုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ စက်တင်ဘာ ၁၃ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှု မရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




မာရူးဘီနီ (Marubeni) ကော်ပိုရေးရှင်း (ဂျပန်) က ကလေးမြို့ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀၀ နှင့် သောက်ရေသန့်ဘူး ကတ် ၅၀၀ ကို စက်တင်ဘာ ၁၃ ရက်တွင် လှူဒါန်းစဉ်။ ဂျူနိုင်း

## ကျေးလက်နေ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီး ၂၈ စီးပေးအပ်

**ကမမောင်း စက်တင်ဘာ ၁၄**

ကရင်ပြည်နယ် ကမမောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ လွှစင်ကုန်းကျေးရွာမှ ပညာသင်ကြားနေသော အထက်တန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကရင်ပြည် နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် စက်ဘီးများထောက်ပံ့ပေးကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ခဲ့သော တန်ဖိုးငွေကျပ် ၉၈၀၀၀၀ ရှိ စက်ဘီး ၂၈ စီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောင်းတက်ဝေးပြီး မဝယ်နိုင်သော ကျောင်းသား ကျောင်းသူများအတွက်ဖြစ်ပြီး စက်တင်ဘာ ၉ ရက်က ကမမောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းလတ်ပိုင်နှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ သွားရောက်ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျောင်းသား ကျောင်းသူများက လက်ခံယူကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြစ်ရေကြီးမှုကြောင့် မြစ်ကမ်းအနီးနေသူများ သတိပြုရန် အကြံပြု

**နေပြည်တော် စက်တင်ဘာ ၁၄**

**စိုးရိမ်ရေမှတ်များအောက် ကျဆင်းနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်စီ၊ ကလေးဝမြို့တွင် ပေဝက်ခန့်နှင့် မင်းကင်းမြို့တွင် နှစ်ပေခန့်ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် နောက်နှစ်ရက်အတွင်း မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၊ ဇလွန်မြို့နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင်(ဧရာဝတီမြစ်) အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## မိုးကြီးနိုင်သည့် တိုင်းဒေသကြီး/မြို့နယ်များ

**နေပြည်တော် စက်တင်ဘာ ၁၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဧရာဝတီမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနေပြီး မင်းဘူးမြို့တွင် သုံးလက်မခန့် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း၊ ညောင်ဦးမြို့၌ နှစ်ပေခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း၊ အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (မင်းဘူးမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ဟင်္သာတမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ဇလွန်မြို့)




# ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် မုံရွာမြို့တို့၌ တစ်ပေခန့်စီ၊ ကလေးဝမြို့တွင် ပေဝက်ခန့်နှင့် မင်းကင်းမြို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် နောက်နှစ်ရက်အတွင်း မင်းကင်းမြို့နှင့် မုံရွာမြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)




# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခွဲခန့်ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။

**(သတင်းစဉ်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




## အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားနိုင်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ချောင်းဆုံမြို့၌ ၃ ဒသမ ၈၂ လက်မ၊ တကောင်းမြို့၌ ၃ ဒသမ ၅၄ လက်မ၊ ဟိုင်းကြီးကျွန်းမြို့၌ ၃ ဒသမ ၁၅ လက်မ၊ တမူးမြို့၌ ၂ ဒသမ ၁၇ လက်မ၊ ညောင်တုန်းမြို့၌ ၁ ဒသမ ၉၅ လက်မ၊ မာန်အောင်မြို့၌ ၁ ဒသမ ၈၅ လက်မ၊ မြောင်းမြမြို့၌ ၁ ဒသမ ၈၁ လက်မ၊ ကျိုက်မရောမြို့၌ ၁ ဒသမ ၇၃ လက်မ၊ သပိတ်ကျင်းမြို့၌ ၁ ဒသမ ၆၁ လက်မနှင့် ဂွမြို့၌ ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ယောမြောင်းဖြင့် ရေသွယ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ကျောက်ထု စက်တင်ဘာ ၁၄**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ယောမြောင်းကြီးသည် ချီချောင်းမှ ရေသွယ်ယူကာ ကျေးရွာ ၁၀ ရွာရှိ လယ်ယာမြေများကို ရေသွယ်ယူနိုင်သည့် ၁၀ မိုင်ကျော်ရှည် ရေသွယ်မြောင်းဖြစ်ပြီး အဆိုပါ ရေမြောင်းအတွက် ဆောက်လုပ်ထားသည့် ရေလွှဲဆည်မှာ ပြီးခဲ့သည့် ဇူလိုင်လကုန်ရက်ပိုင်းနှင့် ဩဂုတ်လဆန်းရက်ပိုင်းများတွင် အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းသဖြင့် ပျက်စီးသွားခဲ့ရာ ယခုအခါတွင် အဆိုပါ ရေသွယ်မြောင်းဖြင့် ရေသွယ်ရရှိနိုင်ရေး ဒေသခံများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သစ်သားပိုင်တိုင်ရိုက်ခြင်း၊ ဝါးကပ်ဖြင့် ကာရံခြင်း၊ ကျောက်တန်းစီခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်အတွင်း ပြီးစီးမည်ဖြစ်ကြောင်းနှင့် စပါးအထွက်နှုန်းကျဆင်းမှုမရှိရေး ယောမြောင်းကြီးကြပ်ရေးကော်မတီက ကွင်းဆင်းကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရေကြီးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ် နားထောင်ပါ**

# နိုင်ငံတော်၏သိက္ခာနှင့် ပုံရိပ်တိုးတက်ရန်မှာ ရွေးကောက်ပွဲအပေါ် တည်မှီ၊ ကျင့်ဝတ်များနှင့်အညီ အပြန်အလှန်လေးစားလိုက်နာဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

**ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၁၀ ပါတီမှ တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)



ရွေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည့် ရွေးကောက်ပွဲဖြစ်သကဲ့သို့ တစ်ကမ္ဘာလုံးက စိတ်ဝင်တစား လေ့လာစောင့်ကြည့်လျက်ရှိကြောင်း။

ရွေးကောက်ပွဲကို လွတ်လပ်မျှတစွာဖြင့် အေးအေးချမ်းချမ်း ကျင်းပနိုင်ရန် လုံခြုံရေးတွင် တာဝန်ရှိသော ဝန်ကြီးဌာနများနှင့် ဆက်စပ်တာဝန်ယူကြရမည့် ဝန်ကြီးဌာနများအား ဖိတ်ခေါ်ပြီး ထောင့်စေ့ကွက်စေ့ ဆောင်ရွက်နိုင်စေရေး စီမံချက်အသေးစိတ် ချမှတ်ရေးဆွဲဆောင်ရွက်နိုင်ရန် အသိပေးခဲ့ကြောင်း၊ လုံခြုံရေးကိစ္စနှင့်စပ်လျဉ်း၍ ERM Tool (Electoral Risk Management Tool) အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခဲ့ပါကြောင်း၊ ဆွေးနွေးပွဲများ၏ ဖော်ထုတ်ချက်အရ မတည်မငြိမ်ဖြစ်စေမည့် အကြမ်းဖက်မှုများဖြစ်လာနိုင်မည့် အကြောင်းအရာများကို ကြိုတင်သတင်းလက်ဦးမှုရရှိအောင် ဆောင်ရွက်ရန်နှင့် ဖြစ်ပွားပေါ်ပေါက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးကော်မတီ တစ်ရပ် ဖွဲ့စည်းကြပ်မတ်သင့်ကြောင်းကို နိုင်ငံတော်သို့ အကြံပြုခဲ့ပြီး နိုင်ငံတော်က ပြည်ထဲရေးဝန်ကြီးဌာနကို လမ်းညွှန်ခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်အထိ လုံခြုံရေးကော်မတီများ ဖွဲ့စည်းပြီး တပ်ဖွဲ့ဝင်သစ်များ စုဆောင်းခြင်း၊ လေ့ကျင့်ခြင်း၊ ပညာပေးခြင်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း။

ကော်မရှင်အနေဖြင့်လည်း လုံခြုံရေးဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရန် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ကော်မတီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ ၁၀ ပါတီမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေပြု၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် တရားမဲ့ပြုကျင့်မှုဖြင့် ကန့်ကွက်လွှာများ တင်လာပါက ကော်မရှင်အဖွဲ့ဝင်များအား တာဝန်ပေးပြီး စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ရာ ပိုမိုမှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ ခရိုင်နှင့် မြို့နယ်များတွင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖ သြဇာတိက္ကမ ရှိသူများ၊ ရွေးကောက်ပွဲဝင်ရောက်မည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များဖြင့် စုဖွဲ့ပြီး မလိုလားအပ်သည့် ဖြစ်စဉ်များ မပေါ်ပေါက်စေရန် အောက်ခြေ အဆင့်တွင်ပင် ပြေလည်အောင်ညှိနှိုင်းဖြေရှင်းပေးကြမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရခြင်းသည် ရွေးကောက်ပွဲတွင် ပဋိပက္ခများ မဖြစ်ပွားအောင် ကြိုတင်သတင်းရယူညှိနှိုင်းပေးရန်နှင့် အငြင်းပွားမှုများ ဖြစ်ပွားလာပါက အငြင်းပွားရာ ဒေသသို့ သွားရောက်ညှိနှိုင်းဖြေရှင်းပေးရန် ဖြစ်ကြောင်း၊ ညှိနှိုင်းဖြေရှင်းရာတွင် ဥပဒေများ၊ ကျင့်ဝတ်များကို လိုက်နာပြီး ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းဖြေရှင်း၍ မရပါက တည်ငြိမ်အေးချမ်းသော ရွေးကောက်ပွဲဖြစ်စေရန် လုံခြုံရေးတာဝန်ယူရသည့် အဖွဲ့အစည်းက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလတွင်လိုက်နာရန် ညွှန်ကြားချက် (၁/၂၀၁၄)ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ပါတီများကိုယ်တိုင်ရေးဆွဲထားပြီး လက်မှတ်ရေးထိုးထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ပါတီဝင်များလိုက်နာရမည့် ကျင့်ဝတ်များရှိကြောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ အခန်း(၁၄) တရားမဲ့ပြုကျင့်မှုများကို သိရှိအောင် လေ့လာ၍ လိုက်နာကျင့်သုံးပြီး ဥပဒေ၏အကာအကွယ်ကို ရယူရန် ပြောကြားလိုကြောင်း၊ ဥပဒေ၊ စည်းမျဉ်း၊ ကျင့်ဝတ်များကို အသိတရားနှင့်ယှဉ်ပြီး လေးစားလိုက်နာကြရန် တိုက်တွန်းလိုကြောင်း။

ရွေးကောက်ပွဲတွင် ပြည်တွင်း ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် (Long Term Observer) များနှင့် (Short Term Observer)များကို ဖိတ်ခေါ်ထားပြီး နိုင်ငံတော်၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုသွားမည် ဖြစ်ပါကြောင်း။

တာဝန်ရှိသူများ အနေဖြင့် အေးချမ်းပြီး လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် လွန်စွာအရေးကြီးပြီး နိုင်ငံတော်၏ သိက္ခာနှင့် နိုင်ငံတော်၏ ပုံရိပ်တိုးတက်ရန်မှာ ရွေးကောက်ပွဲအပေါ်တွင် တည်မှီနေခြင်းကြောင့် အသိတရားနှင့်ယှဉ်သော စည်းကမ်းလိုက်နာမှု၊ ကျင့်ဝတ်များနှင့်အညီ အပြန်အလှန်လေးစားလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုမှ မြို့နယ်အထိ ကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြည်ပနိုင်ငံရောက် မဲဆန္ဒရှင်များ မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့များမှ ကမ်းလှမ်းလာမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မဲဆွယ်စည်းရုံးရေးကာလဖြစ်၍ ပါတီများ၊ ကိုယ်စားလှယ်လောင်းများ အဆင်ပြေစွာ စည်းရုံးနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မဲဆွယ်စည်းရုံးရာတွင် အသိတရားနှင့်ယှဉ်၍ စည်းကမ်းလိုက်နာရန်လိုအပ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲရလဒ်အပေါ် လက်ခံပြီး ဆောင်ရွက်နိုင်ဖို့ မီဒီယာက မျက်နှာမလိုက်ဘဲ ကျင့်ဝတ်များနှင့်အညီ တင်ပြရန်လို

**ရန်ကုန် စက်တင်ဘာ ၁၄**

ယခုလာမည့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက်ပါ အရေးကြီးကြောင်း၊ ပြဿနာဖြစ်နိုင်သည့် အသုံးအနှုန်းများနှင့် အမုန်းစကားများကို မသုံးမိစေရန်နှင့် တိကျမှုရှိရန် လိုကြောင်း၊ မီဒီယာများက တရားမျှတမှုအတွက် ဖိအားများကို ထိန်းသိမ်းပြီး သည်းခံလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများကလည်း စာနယ်ဇင်းသမားများ၏ လုံခြုံမှုရရှိရေးအတွက် ပံ့ပိုးကူညီပေးရန်လိုကြောင်း UNESCO Freedom of Expression and Democracy ဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား) Mr. Mogens Schmidt က ပြောကြားခဲ့သည်။

ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ချက်ထရီယံ ဟိုတယ်၌ ကျင်းပသည့် ရွေးကောက်ပွဲကာလ စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံမှုဆိုင်ရာ ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးစဉ် Mr. Mogens Schmidt က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ဥရောပသမဂ္ဂ (EU) နှင့် UNESCO Myanmar တို့ ပူးပေါင်း၍ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ရွေးကောက်ပွဲနှင့် မီဒီယာ၊ အာဏာပိုင်များနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ ရွေးကောက်ပွဲကာလ လွတ်လပ်လုံခြုံစွာ သတင်းဖော်ပြနိုင်ရေးအတွက် လုပ်ဆောင်မှုများ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။




ရွေးကောက်ပွဲကာလ စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ UNESCO Head of Yangon Office မှ Mr. Sardar Umar Alam နှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်+မိုး)တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲနှင့် မီဒီယာ၊ အာဏာပိုင်များနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့် တာဝန်များ ခေါင်းစဉ်ဖြင့် UNESCO မှ Mr. Mogens Schmidt နှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ( MJA)၊ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)၊ မြန်မာဂျာနယ်လစ်သမဂ္ဂ(MJU) နှင့် BNI (Ethnic Media)တို့မှ ကိုယ်စားလှယ်တို့က ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

ရွေးကောက်ပွဲကာလ လွတ်လပ်လုံခြုံစွာ သတင်းဖော်ပြတင်ဆက်နိုင်ရေးအတွက် လုပ်ဆောင်မှုများခေါင်းစဉ်ဖြင့် Fomer Chair of the Southeast Asian Press Alliance မှ Mr. Kavi Chongkittavorn နှင့် ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲ၌ အထွေထွေရွေးကောက်ပွဲကာလ၌ စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ အခန်းကဏ္ဍအသီးသီးမှ လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ Mr. Mogens Schmidt အားတွေ့ဆုံမေးမြန်းရာ ၎င်းက "နိုဝင်ဘာ ၈ ရက်မှာကျင်းပဖို့ စတင်မှာဆိုတော့ နှစ်လလောက်ပဲ လိုတော့တယ်။ လုပ်ဆောင်စရာတွေ အများကြီးရှိမယ်။ အာဏာပိုင်တွေ၊ နိုင်ငံရေးပါတီတွေ၊ သတင်းယူတဲ့ မီဒီယာတွေ အလုပ်လုပ်တဲ့အခါမှာ အားလုံးအနေနဲ့ သေချာလုပ်နိုင်ဖို့ လိုတယ်။ ဒီအတွက် အကြောင်းအရာအကုန်လုံးကို သိနိုင်ဖို့ ဒီဆွေးနွေးပွဲကိုလုပ်တာ ဖြစ်တယ်။

"လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့အတွက် ရွေးကောက်ပွဲမလုပ်ခင်မှာလည်း သတင်းသမားများ အန္တရာယ်ကင်းကင်းနဲ့ ဘေးကင်းလုံခြုံစွာ လွတ်လွတ်လပ်လပ်၊ မျှမျှတတဆောင်ရွက်ဖို့ အရေးကြီးတယ်။ ရွေးကောက်ပွဲပြီးတဲ့အခါမှာလည်း နိုင်တဲ့လူနဲ့ ရှုံးတဲ့လူတွေအနေနဲ့ ရလဒ်တွေအပေါ် သေချာလက်ခံပြီး ဆောင်ရွက်နိုင်ဖို့ မီဒီယာက မျက်နှာမလိုက်ဘဲ ကျင့်ဝတ်တွေနဲ့အညီ တင်ပြနိုင်ဖို့လိုတယ်"ဟု ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# အာဖဂန် တာလီဘန်အကျဉ်းထောင် ဝင်ရောက်စီးနင်းခံရ အကျဉ်းသား ရာကျော်လွတ်မြောက်

**ကဘူးလ် စက်တင်ဘာ ၁၄**

တာလီဘန် သောင်းကျန်းသူများသည် စက်တင်ဘာ ၁၄ ရက်က အာဖဂန်နစ္စတန်ရှိ အကျဉ်းထောင်တစ်ခုကို ဝင်ရောက်စီးနင်းခဲ့ပြီး ရဲများကိုသတ်ဖြတ်ခဲ့ရာ အကျဉ်းသား ၄၀၀ ကျော် လွတ်မြောက်သွားစေခဲ့ကြောင်း အရာရှိများက ပြောခဲ့သည်။

ဂါဇနီမြို့ပြင်၌ ဖြစ်ပွားခဲ့သည့် တာလီဘန် အကျဉ်းထောင်စီးနင်းမှုသည် ငြိမ်းချမ်းရေး ဆွေးနွေးမှု မျှော်လင့်ချက်ရောင်ခြည် ကင်းမဲ့ခဲ့သော ကဘူးလ်မြို့တိုက်ခိုက်မှုကြောင့် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။



အကျဉ်းထောင်အဖြစ် အသုံးပြုနေသော ခံတပ်၏ အဝင်ပေါက်ပျက်စီးစေရန် အသေခံဗုံးခွဲသမားနှစ်ဦးနှင့် ဖောက်ခွဲကားတစ်စီးတို့ကို အသုံးပြုခဲ့သည်ကို တွေ့ရကြောင်း၊ အခင်းဖြစ်ပွားစဉ်က မြို့တော် ကဘူးလ်အနောက် တောင်ဘက် ၇၅ မိုင်အကွာ ဂါဇနီတွင် အကျဉ်း ထောင်အပြင်ဘက်တွင် ရိုက်တာ သတင်းထောက်တစ်ဦးရှိသည်။

ဒုတိယမြို့တော်ဝန် မိုဟာမက် အလီအာမဒီက အကျဉ်းသား ၄၀၀ ကျော် လွတ်မြောက်သွားခဲ့ကြောင်း ပြောခဲ့သည်။ အကျဉ်းသား ၈၀ ကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ပြီး ၃၅၂ ဦး ထွက်ပြေးလွတ်မြောက်နေကြောင်း ၄င်းတို့ထဲတွင် တာလီဘန် ၁၅၀ ဦး ပါကြောင်း သိရသည်။

တာလီဘန်ခုနစ်ဦးနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်လေးဦးတို့သည် အဆိုပါ တိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြောင်း ဒုတိယမြို့တော်ဝန်က ပြောခဲ့သည်။

အကျဉ်းထောင်သို့ သွားရာ လမ်းများတွင် မြေမြှုပ်မိုင်းများကို ချထားခဲ့ကြောင်း ၄င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဒုတိယမြို့တော်ဝန်အာမဒီက အကျဉ်းထောင်သည် ဂါဇနီမြို့နှင့် ၄ ဒသမ ၃ မိုင်သာဝေးသောကြောင့် အကယ်၍ အရေးပေါ်အခြေအနေတစ်ခုခုကြုံလာပါကလည်း စစ်ကူများ အလျင်အမြန်ရောက်ရှိနိုင်သော နေရာဖြစ်ကြောင်း ပြောခဲ့သည်။

တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇဘီဟူလာမူဂျာဟစ်က သေနတ်သမားများနှင့် အသေခံဗုံးခွဲသမားများသည် အကျဉ်းထောင်ကို နံနက် ၇ နာရီတွင် တိုက်ခိုက်ခဲ့ကြောင်း၊ အသေခံဗုံးခွဲသမားသုံးဦး သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

အကျဉ်းထောင်ဖောက်မှုတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကျဉ်းထောင်စောင့် ၄၀ သေဆုံးခဲ့မှုကြောင့် အရေးကြီးသော စစ်ဘက်ဆိုင်ရာ မူဂျာဟစ်ခေါင်းဆောင်များ လွတ်မြောက်နေကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

(ရိုက်တာ)

## အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ခရီးသွားယာဉ်တန်းကို မှားယွင်းပစ်ခတ်၊ ၁၂ ဦးသေဆုံး

**ကိုင်ရို စက်တင်ဘာ ၁၄**

အီဂျစ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မက္ကဆီကန်နှင့် အီဂျစ်လူမျိုး ၁၂ ဦးကို မတော်တဆ မှားယွင်းသတ်ဖြတ်ခဲ့ကာ ၁၀ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောခဲ့သည်။



နိုင်ငံ၏အနောက်ဘက် သဲကန္တာရသို့သွားနေသော ခရီးသွားယာဉ်တန်းကို စစ်သွေးကြွယာဉ်တန်းနှင့် မှားယွင်းကာ ပစ်ခတ်ခဲ့သောကြောင့် ထိုသို့ သေဆုံးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ အနည်းဆုံး မက္ကဆီကန်နှစ်ဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနက ယင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အီဂျစ်ရဲတပ်ဖွဲ့နှင့် တပ်မတော်တပ်ဖွဲ့ပေါင်းစပ်ထားသော ပူးတွဲတပ်ဖွဲ့များသည် နိုင်ငံ၏ကျယ်ပြောလှသော အနောက်ဘက် သဲကန္တာရလစ်ဗျားနယ်စပ်တွင် သွားနေသော ယာဉ်တန်းကို စစ်သွေးကြွယာဉ်တန်း ထင်မှတ်ကာ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးသွား ယာဉ်တန်းသည် တားမြစ်ဧရိယာထဲသို့ မည်သည့်အကြောင်းကြောင့် ကျူးကျော်ဝင်ရောက်လာသလဲဆိုသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

မက္ကဆီကန်သမ္မတ အန်းရစ်ပီနာနီတိုက ၄င်း၏တွစ်တာအကောင့်တွင် အဆိုပါမှားယွင်းတိုက်ခိုက်မှုမှာ ရင်နှင့် ကြေကွဲစရာကောင်းကြောင်း အသေးစိတ်စုံစမ်းမှုများပြုလုပ်ရန် တိုက်တွန်းကြောင်း ဖော်ပြခဲ့သည်။

(ရိုက်တာ)

## ဗန်ကောက်ဗုံးပေါက်ကွဲမှုတွင်ပါဝင်သည်ဟု ယူဆရသော လူသုံးဦးကို မလေးရှားရဲများ ဖမ်းဆီး

**ကွာလာလမ်ပူ စက်တင်ဘာ ၁၄**

လွန်ခဲ့သည့်လက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်သည့် ဆက်စပ်တရားခံဟုယူဆရသော သူသုံးဦးကို မလေးရှားရဲများက ဖမ်းဆီးခဲ့သည်ဟု မလေးရှား ရဲအရာရှိချုပ် ကာလစ်အမူက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ထိုင်းအာဏာပိုင်များ၏ ဆက်သွယ်မှုဖြင့် သံသယဖြစ်ဖွယ် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးခဲ့ပြီး နောက်ရက်အနည်းငယ်ကြာ ထိန်းသိမ်းမှုများပြုလုပ်ခဲ့သည်ဟု ၄င်းက ပြောကြားသည်။

သံသယရှိသူအမျိုးသားတစ်ဦးမှာ ပါကစ္စတန်လူမျိုးဖြစ်ပြီး ကျန်နှစ်ဦးမှာ မလေးရှားလူမျိုးများဖြစ်ကြသည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။ ဗုံးပေါက်ကွဲမှု၏ အဓိကတရားခံမှာ မလေးရှားတွင် ရှိ/မရှိဆိုသည်ကိုမူ ရဲများအနေဖြင့် အတိအကျမပြောနိုင်ကြောင်း ၄င်းကပြောသည်။

အဆိုပါသံသယရှိသူများကို ထိုင်းရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်းခြင်း မပြုရသေးကြောင်းနှင့် လက်ရှိအချိန်တွင် ၄င်းတို့ကို လွှဲပြောင်းပေးရန် မလိုအပ်သေးကြောင်း ရဲအရာရှိချုပ်က ပြောသည်။ မလေးရှားရဲများသည် ထိုင်းရဲတပ်ဖွဲ့နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဗန်ကောက်မြို့လယ်ကောင်ရှိ ဧရာဝဏ်နတ်ကွန်းဗုံးပေါက်ကွဲမှုကြောင့် လူ ၂၀ သေဆုံးခဲ့ပြီး လူ ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

(ဆင်ဟွာ)

## ဒုက္ခသည်စီးဝင်လာမှုကို ယာယီဟန့်တားရန် နယ်စပ်ဒေသထိန်းချုပ်မှု ဂျာမနီစတင်

**မြူးနစ် စက်တင်ဘာ ၁၄**

ဂျာမနီသည် အရှေ့အလယ်ပိုင်းမှ ရွှေ့ပြောင်းဒုက္ခသည် အမြောက်အမြားစီးဝင်လာမှုကို ထိန်းချုပ်ဟန့်တားရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် နယ်စပ်ဒေသထိန်းချုပ်မှုများကို ယာယီဆောင်ရွက်နေပြီဖြစ်သည်။

ဂျာမနီပြည်ထဲရေးဝန်ကြီး သောမက်စ်ဒီမေ့ဇီဇီရယ်က စက်တင်ဘာ ၁၃ ရက်က သတင်းစာရှင်းလင်းပွဲ၌ အဆိုပါဆုံးဖြတ်ချက်ကို ကြေညာခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် ယာယီဆုံးဖြတ်ချက်သာဖြစ်ပြီး အစိုးရအနေဖြင့် နယ်စပ်ဆိုင်ရာ စနစ်ကျသည့် လုပ်ထုံးလုပ်နည်းများ ပြန်လည်စတင်မှာဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။ ဂျာမနီသည် ဒုက္ခသည်များကို ကာကွယ်မှုများပြုလုပ်ရာတွင် ဥရောပသမဂ္ဂစံ နမူနာနှင့်အညီ ဆက်လက် ပြုလုပ်မည်ဖြစ်ကြောင်း ၄င်းက အလေးအနက် ပြောကြားခဲ့သည်။

ဟန်ဂေရီမှတစ်ဆင့် စက်တင်ဘာ ၁၂ ရက်တွင် မြူးနစ်တောင်ပိုင်းမြို့သို့ ဒုက္ခသည် ၁၂၀၀၀ ကျော် ရောက်ရှိလာခဲ့သည်။ ဒုက္ခသည်အများစုမှာ ဆီးရီးယားနှင့် အရှေ့အလယ်ပိုင်းရှိ အချို့ဒေသများမှ ဖြစ်ကြသည်။

မြို့တော်၏ဧည့်ကြိုဝန်ဆောင်မှုလုပ်ငန်းများမှာ ဒုက္ခသည်များနှင့်သာ ပြည့်နှက်လျက်ရှိပြီး အချို့မှာ မီးရထားဘူတာရုံများတွင် ရက်သတ္တပတ်ကျော်ကြာ နေထိုင်ရန်ကြိုးစားခဲ့သည်။

နယ်စပ်ဒေသထိန်းချုပ်မှုများကို ဩစတြီးယားတောင်ဘက်နယ်စပ်တွင် ခေတ္တခဏပြုလုပ်ထားခြင်းဖြစ်ကြောင်း ဂျာမန်အစိုးရအရာရှိများက ပြောသည်။ နိုင်ငံနှစ်နိုင်ငံကို ဆက်သွယ်ထားသော မီးရထားခရီးစဉ်များမှာ လာမည့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းထိ ကြန့်ကြာနေခဲ့သည်။

အချို့ဂျာမန်အရာရှိများက ဒုက္ခသည်အမြောက်အမြားကို လက်ခံရန်မှာ ကန့်သတ်ဘောင်ထက်ကျော်လွန်နေကြောင်း ပြောခဲ့သည်။

တနင်္လာနေ့ ၁၄-၉-၂၀၁၅ တွင် ကျင်းပသည့် အစည်းအဝေးတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒုက္ခသည်များအရေးကို မျှမျှတတ ကိုင်တွယ်ရန် ဂျာမန်ပြည်ထဲရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# ဂျပန်နိုင်ငံ အိုဆာကာတွင် လုံခြုံရေးဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြ

**အိုဆာကာ စက်တင်ဘာ ၁၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လွန်ခဲ့သည့်လအတွင်း ပါလီမန်တွင် အတည်ပြုရန်ကြိုးပမ်းခဲ့သော အငြင်းပွားဖွယ် လုံခြုံရေးဥပဒေသစ်ကို ကန့်ကွက်သောအားဖြင့် အိုဆာကာတွင် လူပေါင်းများစွာတို့စုဝေး၍ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

လူပေါင်း ၁၁၀၀ ကျော်သည် အိုဆာကာရှိ လူထုခန်းမတွင် စုဝေးခဲ့ကြပြီး ငြိမ်းချမ်းရေးကိုလိုလားကြောင်း သမိုင်းတွင်ဖြစ်ပွားခဲ့သော စစ်ပွဲများထပ်မံမဖြစ်ပွားလိုကြောင်း တောင်းဆိုခဲ့ကြသည်။

လက်ရှိ အာဏာရပါတီသည် လက်ယာယိမ်းကြောင့် ပြည်သူလူထုဆန္ဒကို အလေးမထားကြောင်း ဟိုဆေးတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခက ပြောခဲ့သည်။ ကာကွယ်ရေးဥပဒေသစ်သည် ဂျပန်နိုင်ငံကို စစ်ထဲသို့ဆွဲခေါ်ကြောင်းနှင့် ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ၄င်းက ပြောသည်။

စုစည်းသူများ၏ အဆိုအရ ဂျပန်နိုင်ငံအနောက်ပိုင်းမှ ကောလိပ်ကျောင်းသားများ အများဆုံးပါဝင်သည့် လူပေါင်း ၂၀၀၀၀ ခန့်သည် ဝန်ကြီးချုပ်အာဘေး နုတ်ထွက်ရန်နှင့် လုံခြုံရေးဥပဒေသစ်ကို ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။

လက်ရှိအာဏာရ အစိုးရနှင့် အတိုက်အခံပါတီတို့ကြား ကာကွယ်ရေးဥပဒေသစ်နှင့် ပတ်သက်၍ တင်းမာမှုများ အထက်လွှတ်တော်တွင် တဖြည်းဖြည်းပြင်းထန်လာခဲ့သည်။

(ဆင်ဟွာ)



# အပစ်ရပ်စာချုပ် လက်မှတ်ထိုးပြီးနောက် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား နိုင်ငံရေးပါတီများသို့အသိပေးရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၄

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးပါက စာချုပ်ပါသဘောတူညီချက်များအတိုင်း ဆက်လက်လုပ်ဆောင်ရမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပတ်သက်၍ တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများအား အသိပေးရှင်းလင်းမှုများပြုလုပ်ခဲ့သည်။**



(သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ - ဖိုးထောင်)

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) မှ ကိုယ်စားလှယ်များက နိုင်ငံရေးပါတီများအား စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ MPC ၌ အသိပေးပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက **"နိုင်ငံရေးပါတီတွေ အားလုံးနဲ့ တိုင်းရင်းသားတွေ သိထားရမှာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ရမယ်ဆိုတဲ့ ဖြစ်စဉ်ဖြစ်တယ်လို့ အားလုံးက ခံယူထားရပါမယ်။ NCA လက်မှတ်ထိုးပြီးရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ဖို့ ဖွဲ့စည်းထားတဲ့ ကော်မတီတွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် UPDJC လို့ခေါ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု ပူးတွဲကော်မတီကို ဖွဲ့စည်းရပါမယ်။ UPDJCဟာ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်လာဖို့ပူးတွဲအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ တိုင်းရင်းသားတွေဘက်က တောင်းဆိုထားတဲ့ အချိန်ဇယားအတိုင်း အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်"**ဟု နိုင်ငံရေးပါတီများအား အသိပေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)မှ ဒါရိုက်တာဖြစ်သူ ဒေါက်တာ မင်းဇော်ဦးက NCA စာချုပ် ချုပ်ဆိုပြီးနောက် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်အသေးစိတ်နှင့် စာချုပ်တွင် ထည့်သွင်းသတ်မှတ်ထားသည့် အချိန်ဇယားများအရ ခေါ်ယူရမည့် အစည်းအဝေးများနှင့် ထပ်မံဖွဲ့စည်းရမည့် ပူးတွဲကော်မတီများအကြောင်းကို ရှင်းလင်းသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ NCA စာချုပ်တွင်ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာများ၊ အရပ်သားများအား အကာအကွယ်ပေးခြင်းဆိုင်ရာများ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဆိုင်ရာများ၊ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းဆိုင်ရာများ၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ခေါင်းစဉ်များအောက်တွင်ပါဝင်သည့် အကြောင်းအရာများကို ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်။

နိုင်ငံရေးပါတီများ၏ မေးမြန်းမှုများကို UPWC ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် MPC ၏ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် ဒေါက်တာ မင်းဇော်ဦးတို့က ပြန်လည်ဖြေကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက NCA စာချုပ် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်ရေးနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားရာတွင်"၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်မှာ နိုင်ငံတော်သမ္မတက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ပါတယ်။ အဲ့ဒီအချိန်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့ပဲရှိပါတယ်။ ကိုးကန့် အဖွဲ့ဟာ ငြိမ်းချမ်းရေးယူပြီး ကိုးကန့်ဒေသမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုပြီး လုပ်ထားပြီးသားပါ။ MNDAA ကိုးကန့်အဖွဲ့ဆိုတာ ၂၀၁၅ ဖေဖော်ဝါရီ ၆ ရက်မှ တိုက်ပွဲဖြစ်ပြီး ဒီအဖွဲ့ရှိမှန်း သိရပါတယ်။ ၂၀၁၁ ငြိမ်းချမ်းရေး ဖိတ်ခေါ်ခဲ့တုန်းက အဲ့ဒီအဖွဲ့မပါဘူး။ အဖွဲ့အစည်းအသစ်ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ကိုလည်း ကျွန်တော်တို့ မချန်ပါဘူး။ ၁၆ ဖွဲ့ထဲမှာ MNDAA မပါတာ ဒါကြောင့်ဆိုတာတော့ ပြောကြားချင်ပါတယ်။ AA(ရခိုင့်တပ်မတော်)ဆိုတာနဲ့ပတ်သက်ပြီး ၂၀၁၁ ခုနှစ်ငြိမ်းချမ်းရေးဖိတ်ခေါ်တုန်းက ဒီအဖွဲ့ မရှိသေးဘူး။ ဒါကြောင့် AA ကိုလည်း ပထမအဖွဲ့ထဲမှာ မပါပေမယ့် ချန်မထားပါဘူး။ အတိအလင်းပြောထားပြီးသားပါ။ ပလောင်နဲ့ပတ်သက်ပြီးပြောရရင် ၂၀၁၁ ခုနှစ်မှာ ကျွန်တော်ဦးစီးပြီးတော့ ပလောင်အဖွဲ့နဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့ပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ ပလောင်ဒေသရှစ်မြို့နယ်ကို သူတို့ကိုပေးဖို့၊ နောက် အဲ့ဒီမှာ တပ်စွဲထားတဲ့ တပ်တွေကို ဖယ်ပေးဖို့ပြောတယ်။ ဒါဟာမဖြစ်နိုင်ပါဘူး။ ကျွန်တော်လေ့လာကြည့်တော့ အဲ့ဒီဒေသမှာ ရှမ်းလူမျိုး ရှစ်သောင်းနဲ့ ပလောင်လူမျိုးနှစ်သောင်းလောက်ပဲ နေထိုင်တာတွေ့ရပါတယ်။ ကျန်တဲ့ တိုင်းရင်းသားတွေနဲ့ စည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ပါတယ်။ ကျန်တဲ့ အဖွဲ့ငယ်တွေကိုတော့ Political Dialogue မှာ တက်ဖို့ ပြောထားတဲ့အတွက် အားလုံးကိုအရေးတယူဆောင်ရွက်ပေးနေပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ကျင်းပခဲ့သည့် အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီ ၇၈ ပါတီတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၁၄၅ ဦး တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ အချက်များအားလုံးကို ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်တွင် အပြီးသတ် ညှိနှိုင်းနိုင်ခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး NCA စာချုပ် လက်မှတ်ရေးထိုးမည့် ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး NCA စာချုပ်ကို အောက်တိုဘာ ပထမပတ်အတွင်း လက်မှတ်ရေးထိုးရန်ကိုလည်း နှစ်ဖက်သဘောတူခဲ့ကြကြောင်း MPC ၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)တွင် ပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့ကြောင်းသိရသည်။

---

■ *ကျော်ဖုံးမှ*

ယူ-၁၆ ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှခြေစစ်ပွဲဝင်မည့် အဆိုပါ ယူ-၁၆ အသင်းကို ပွဲကြိုအနေဖြင့် ပြည်တွင်းလိဂ်ကလပ်အသင်းတချို့နှင့်ခြေစမ်းကာ အမာခံလူစာရင်း ပြန်လည်ရွေးချယ်ခဲ့သည်။

ယခုခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အမာခံလူစာရင်းမှာ **ဂိုး-** ထက်ဝေယံစိုး၊ အောင်မြင့်မြတ်၊ ဟန်နိုင်စိုး၊ **နောက်တန်း-**အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးဝေ၊ မင်းမြတ်သူ၊ စည်သူမိုးခန့်၊ ပြည့်ဖြိုးမောင်၊ သက်ပိုင်ထွေး၊ ဒွေးကိုကို၊ သူရစန်း၊ ဘိုဘိုအောင်၊ **အလယ်တန်း-** ပြည့်စုံနိုင်၊ ရဲဝင်းထွန်း၊ ထွန်းစိုင်၊ သီဟဇော်၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့်၊ အောင်ချစ်ဦးကို၊ **ရှေ့တန်း-** ကျော်ကျော်ထက်၊ ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင်၊ သက်ပိုင်ထူးတို့ကို နောက်ဆုံးအပြီးသတ် ကစားသမားများအဖြင့် နည်းပြနှင့်အဖွဲ့ဝင်များက ရွေးချယ်ခဲ့သည်။

မြန်မာယူ-၁၆ အမျိုးသားအသင်းကို **နည်းပြချုပ်-** အဲရစ်ဝီလီယံ၊ **လက်ထောက်နည်းပြ-** ဦးတင်မောင်ဝင်း၊ **ဂိုးနည်းပြ-** ဦးမြင့်ဦးတို့က တာဝန်ယူထားပြီး မြန်မာအသင်းအနေဖြင့် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် စက်တင်ဘာ ၁၆ ရက်တွင် စတင်ကစားရမည်ဖြစ်ပြီး ၁၈ ရက်တွင် ဩစတြေးလျနှင့်လည်းကောင်း၊ ၂၀ ရက်တွင် ဂူအမ်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အုပ်စု ၁၁ စု ခွဲထားပြီး မြန်မာအသင်းသည် အုပ်စု(ည)တွင် ကျရောက်လျက်ရှိကာ အုပ်စုတွင်း၌ အုပ်စုဗိုလ်(သို့)အကောင်းဆုံးအုပ်စု ဒုတိယလေးသင်းထဲတွင်ပါဝင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

❀ *ကျော်ဖုံးမှ*

မြန်မာအမျိုးသမီးအသင်းမှာ ဂိုး မြဖူးငုံ၊ **နောက်တန်း-** ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဇာခြည်ဦး၊ **အလယ်တန်း-**စန်းစန်းမော်၊ နော်အားလိုဝါးဖော၊ ဝင်းသီဂီထွန်း၊ မေသူကျော်၊ **ရှေ့တန်း-** ရီရီဦး၊ ခင်မိုးဝေ တို့ဖြင့် ပွဲထွက်လာသည်။

မြန်မာအသင်းသည် ပွဲအစတွင် ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး နော်အားလိုဝါးဖော၏ ဘယ်ခြမ်းကို အဓိကအားပြုတိုက်စစ်ဆင်ခဲ့သည်။ ၁၇ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ပြစ်ဒဏ်ဘောကို ခင်မိုးဝေက တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဂျော်ဒန်နောက်တန်းကို မကျော်နိုင်၍ ထင်တိုင်းမပေါက်ခဲ့ပေ။ ဂျော်ဒန်အသင်းမှာ မိနစ် ၃၀နောက်ပိုင်းတွင် ကစားပုံပြန်ကောင်းလာပြီး မြန်မာအသင်းဂိုးပေါက်ကို ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့သည်။

ဒုတိယပိုင်း အစတွင်လည်း မြန်မာအသင်း ကစားကွက်တည်မရဖြစ်နေပြီး ဂျော်ဒန်အသင်းဘက်သို့ ဖိအားပေးနိုင်ခြင်းမရှိခဲ့ပေ။ ထို့အပြင် တွဲလုံးများဖြင့် ထိုးဖောက်ရမည့်အစား တစ်ကိုယ်တော် ထိုးဖောက်နေ၍ ဂျော်ဒန်နောက်တန်း လွယ်လွယ်ကူကူ ဖြတ်ထုတ်နိုင်ခဲ့သည်။ ၇၁ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရရှိခဲ့ပြီး နောက်ခံလူ ဝေဝေအောင်က ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပွဲဦးထွက်အနိုင်ရခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်ရှိနေဆဲ ဖြစ်သည်။

ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်သောပွဲတွင် တရုတ်(တိုင်ပေ)အသင်းက ဗီယက်နမ်အသင်းကို မထင်မှတ်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တရုတ်(တိုင်ပေ) အတွက် အနိုင်ဂိုးကို ၈၄ မိနစ်တွင် လင်ချောင်ယင်က သွင်းယူခဲ့သည်။

ခြေစစ်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲ၌ ဂျော်ဒန်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း ညနေ ၆ နာရီခွဲ၊ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

---

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ဆားလင်းကြီး စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့တွင် စက်တင်ဘာ ပထမပတ်က မြို့ပေါ်ရပ်ကွက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မြို့လယ်သာသနာ့ဗိမာန်တော်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ မြို့နယ်ဦးစီးဌာနမှူး ဦးသူရခေါင်းဆောင်သော မိုးပွင့်အထူးစီမံချက် ပြီးစီးသွားသော်လည်း ဆက်လက်၍ နယ်မြေများကို ကွင်းဆင်းဆောက်ရွက်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လုပ်ဆောင်ပေးလျက်ရှိသည်။ **အောင်သီဟ**

## မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

---

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၄** - ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပေးပို့လျက်ရှိရာ စက်တင်ဘာ ၁၄ ရက်တွင် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ဖြင့် ဆန်နှင့် အဝတ်အထည်မျိုးစုံတို့ကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ပေးပို့ခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်အတွင်း မူးယစ်အမှုပေါင်း ၈၉၁ မှုတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ဧပြီ ၂၉ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ကျင်းပသော တရုတ်-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ Safe Mekong Project II (Extention) ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးမှ မဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလေးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို ၂၀၁၅ ခုနှစ် မေ ၁၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ဆောင်ရွက်ရန် သဘောတူညီချက်အရ ရှမ်းပြည်နယ်ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ မဲခေါင်စစ်ဆင်ရေး(၂)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ သံလွင်စစ်ဆင်ရေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ရွှေလီစစ်ဆင်ရေး(၂) အမည်များဖြင့် ဆောင်ရွက်ခဲ့သည်။



တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည် ရရှိခဲ့သောသတင်းများအပေါ် မြေပြင်သတင်းဖော်ထုတ်၍ နယ်မြေခံတပ်နှင့်အတူ ဝင်ရောက်စီးနင်းခြင်း၊ ရှမ်းပြည်နယ်ဒေသအတွင်း မူးယစ်ဆေးဝါးများ ဝင်ထွက်မှုတို့ကို လမ်းကြောင်းပိတ်ဆို့ ရှာဖွေခြင်းများ ပြုလုပ်ခဲ့ရာ ဘိန်း ၅၈ မှု၊ ၄၅၉ ဒသမ ၂၀၉၉ ကီလို၊ ဘိန်းဖြူ ၂၂၇ မှု၊ ၃၃ ဒသမ ၉၀၅၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၃ မှု၊ ၂၁၈၇၇၂၁ ပြား၊ အိုက်စ် ကိုးမှု၊ ၁၁၆ ဒသမ ၈၈၁၇ ကီလို၊ ဘိန်းဆီခဲ ၁၈ မှု၊ ၆ ဒသမ ၁၅၅၆ ကီလို၊ ဆေးခြောက် လေးမှု၊ ၆ ဒသမ ၆၁ ကီလို၊ ဘိန်းဆီရည် တစ်မှု၊ ၂၅ လစ်တာ၊ ဘိန်းရည် ၂၉ လစ်တာ၊ ကဖင်း ၂၄၉ ဒသမ ၀၂ ကီလို၊ အဆင့်နိမ့်ဘိန်း တစ်မှု၊ ၀ ဒသမ ၀၉၆၃ ကီလို၊ အက်ဖီဒရင်း တစ်မှု၊ ၃၄ ဒသမ ၅၄၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ကိုးမှု၊ ၁၅၆ ဒသမ ၈၅၀၄ ကီလို၊ ဆူဒိုအက်ဖီဒရင်းအကြေမှုန့် ၁၅၁ ဒသမ ၂၅ ကီလို၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား တစ်မှု၊ ၅၃၃၇၅၀၀ ပြား၊ ဘိန်းညိုမှုန့် တစ်မှု ၀ ဒသမ ၆ ကီလို၊ ဘိန်းညိုခဲ ၀ ဒသမ ၀၁၆၃ ကီလို၊ အရိုးမီးသွေး ၇၅၀ ကီလို၊ ဖီနိုင်းအက်စီတစ်အက်စစ်ခဲ ကီလို ၂၁၅၀၊ အင်သရာနီလစ်အက်စစ်ခဲ တစ်မှု၊ ကီလို ၁၁၀၀၊ ဓာတုဆေးရည် နှစ်မှု၊ ၂၇၄၅၆ ဒသမ ၆၅၀ လစ်တာ၊ လက်နက် ၂၃ လက်၊ ခဲယမ်း ၆၈၄ တောင့်၊ ဗုံးသီး ငါးလုံး၊ ကျည်အိမ် ၁၅ခု၊ ဆိုင်ကယ်အစီး ၃၃၀၊ မော်တော်ယာဉ် ၇၄ စီး၊ လက်ကိုင်ဖုန်း ၈၅ လုံး၊ စက်ဘီးငါးစီး၊ ဆေးပြားရိုက်စက်နှစ်စုံ၊ ရွှေထည် ၆၀ ဒသမ ၁၃၀၆၄ ကီလို၊ ကျောက်စိမ်းတုံး ၃၄ တုံး၊ ထိုင်းဘတ်ငွေ ၁၆၅၈၀၀၊ တရုတ်ငွေ ၃၈၂၁၄ ယွမ်၊ မြန်မာငွေကျပ် ၃၁၂ ဒသမ ၆၉၃၅ သိန်း၊ မူးယစ်ဆေးဝါးတန်ဖိုး ၁၅၁၃၅၇ ဒသမ ၃၀၃၃ သိန်းနှင့် အခြားမူးယစ်ဆေးဝါးအမှုအပါအဝင် မူးယစ်ဆေးဝါးအမှုပေါင်း ၈၉၁ မှု ကို သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းများတွင် အမှုဖွင့်လှစ်ခဲ့ပြီး ပြစ်မှုကျူးလွန်သူပေါင်း ၁၂၄၂ ဦးကို ဖမ်းဆီးအရေးယူနိုင်ကာ အသိပညာပေးဟောပြောပွဲ ၁၁၄ ကြိမ်ပြုလုပ်၍ ပြည်သူလူထု ၂၁၈၄၃ ဦးကို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု စာရင်း

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုများ၊ ရထားရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၄၁ မှု အလေးချိန် ၄၈ ဒသမ ၇၁၉၅ ကီလို၊ ဘိန်းဖြူအမှု အမှု၂၃၀ အလေးချိန် ၃၃ ဒသမ ၃၄၂၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အမှု ၂၅၀၊ ၃၂၉၈၈၈၁ ပြား၊ ဆေးခြောက် ၂၈ မှု အလေးချိန် ၅ ဒသမ ၁၅၀၂ ကီလို၊ ဘိန်းရည် တစ်မှု ၀ ဒသမ ၂ လစ်တာ၊ ဘိန်းဆီခဲ လေးမှု အလေးချိန် ၀ ဒသမ ၁၁၈ ကီလို၊ အဆင့်နိမ့်ဘိန်း ရှစ်မှု အလေးချိန် ၀ဒသမ ၁၁၄၈ ကီလို၊ အိုက်စ် လေးမှု အလေးချိန် ၂ ဒသမ ၅၀၃၅ ကီလို၊ အက်ဖီဒရင်း တစ်မှု အလေးချိန် ၀ ဒသမ ၀၀၆ ကီလို၊ ဓာတုဆေးရည် တစ်မှု ၁၀၆၃၈ လစ်တာ၊ ဆာလဖျူရစ်အက်စစ် ၂၁၉၇ ဒသမ ၆၅ လစ်တာ၊ ဖီနိုင်းအက်စီတစ်အက်ဆစ်ခဲ ကီလို ကီလို ၂၁၅၀၊ ဟိုက်ဒြိုကလိုရစ်အက်စစ် လစ်တာ ၄၅၅၀၊ ဖီနိုင်းပရိုပီနွန်း တစ်မှု လစ်တာ ၈၁၉၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် တစ်မှု အလေးချိန် ၀ ဒသမ ၂၁ ကီလို၊ အရိုးမီးသွေး ၇၅၀ ကီလို၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၀ ဒသမ ၁၃၃ ကီလို၊ အခြားမှု နှစ်မှု၊ မှတ်ပုံတင်ပျက် ငါးမှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၇၉ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားပြစ်မှုကျူးလွန်သူ ၇၆၁ ဦး၊ အမျိုးသမီး ပြစ်မှုကျူးလွန်သူ ၁၀၈ ဦး စုစုပေါင်းပြစ်မှုကျူးလွန်သူ ၈၆၉ ဦးတို့ကို ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တန့်ဆည်မြို့၌ သိန်းပေါင်း ၈၀၀၀ ကျော် တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရ

**တန့်ဆည် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မဟာမြိုင်ရပ်ကွက်၌ စက်တင်ဘာ ၁၃ ရက် ညပိုင်းက ရွှေဆိုင်ကိုဖောက်ထွင်း၍ ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိုင်ပိုင်ရှင် ဦးထွန်းလတ်သည် ညနေ ၆ နာရီက ဆိုင်ပိတ်ခဲ့ပြီး နံနက် ၅ နာရီခွဲခန့်တွင် အိပ်ရာမှနိုးရာ အိမ်အောက်ထပ် ဆိုင်ခန်းပြတင်းတံခါးများပွင့်နေပြီး ဆိုင်၏အရှေ့ဘက်နံရံ၌ကပ်လျက် ခင်းကျင်းထားသော ကောင်တာများမှ ရွှေထည်ပစ္စည်း လက်ဝတ်ရတနာ ၁၀ ပိဿာ ၉၀ ကျပ်သားကျော် ပျောက်ဆုံးနေကြောင်း၊ ရွှေထည်ပစ္စည်းများမှ ရွှေဆွဲကြိုးအကုံး ၈၈၀၊ လက်ကောက် ၅၄၃ ကွင်း၊ လက်စွပ် ၆၆ ကွင်း၊ ဆွဲသီး ၁၅ ခုနှင့် အပေါင်ပစ္စည်းများမှ အခု ၁၅၀ တန်ဖိုးငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော် ပျောက်ဆုံးနေကြောင်း သိရပြီး ဖြစ်စဉ်ကို တန့်ဆည်မြို့ မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ညိုထွန်း(တန့်ဆည်)**

# လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးအရေးယူ

**ရန်ကုန် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ဗဟန်းဈေးအပေါ်ထပ် အခန်းအမှတ် (၁) ရွှေအင်ကြင်း (သယ်န်းဆိုင်) ၌ အလုပ်လုပ်ကိုင်နေသည့် မအိအိငွေ၊ မခင်မေစန်း၊ မင်းထက်အောင်တို့ကို အိအိငွေ၏ ရည်းစားဖြစ်ခဲ့ဖူးသူ စိုးမိုးထက်က အသင့်ယူဆောင်လာသော တုတ်ဖြင့်ရိုက်၊ ဓားဖြင့်ထိုးသောကြောင့် အိအိငွေမှာ ရရှိဒဏ်ရာများနှင့် သေဆုံးပြီး ကျန်နှစ်ဦးမှာ ဒဏ်ရာများရရှိကာ ဆေးဝါးကုသမှု ခံယူရသောကြောင့် တိမ်းရှောင်ထွက်ပြေးသွားသူ စိုးမိုးထက်ကို ဗဟန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ပြစ်မှုကျူးလွန်သူကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် ဗဟန်းမြို့မရဲစခန်း၊ စခန်းမှူး ဒုရဲမှူး အေးမင်းသိန်းနှင့်အဖွဲ့၊ အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်မြင့်မော် ဦးစီးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူ ထွက်ပြေးတိမ်းရှောင်နိုင်သည့် လမ်းကြောင်းများအား စဉ်ဆက်မပြတ် သတင်းရယူ စုံစမ်းပိတ်ဆို့ရှာဖွေခဲ့ရာ စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် ပန်းဆိုးတန်းသင်္ဘောဆိပ်၌ စိုးမိုးထက်ကို ဖမ်းဆီးရမိခဲ့ပြီး ဗဟန်းရဲစခန်းက ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၃၃)**

**မူးယစ်ဆေးဝါးအန္တရာယ် တို့ဝိုင်းဝန်းကာကွယ်**


**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ နတ်တလင်းမြို့နယ်၊ အထက (ဒမငယ်) အင္ဂမတန်း(က)မှ မောင်ရဲလင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင် ၇/နတလ(နိုင်) ၀၈၅၀၁၃ဖြစ်ပါသည်။ **ဦးအေးနိုင်**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားခြင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၅၆**

**ကွယ်လွန်သူ ဦးကျော်အုန်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**
**ဒေါ်ရဲကြည်** **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပြည်ခိုင်ဖြိုးလမ်း၊ ညောင်ပင်ကျေးရွာနေ ဒေါ်ရဲကြည်ကကွယ်လွန်သူ ဦးကျော်အုန်း ၏ဇနီးဖြစ်သူဟူ၍ ၎င်းကွယ်လွန်သူ ဦးကျော်အုန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်အုန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် စက်တင်ဘာ ၂၉ ရက် (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဒေါ်ရဲကြည်၏ လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ရုံးအမှတ်(၂၆)၊ နေပြည်တော်**
**စိစစ်ရေးမှူး(၂) ရာထူးလူတွေ့စစ်ဆေးခြင်း ဖြေဆိုရန်**

## အကြောင်းကြားခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး(၂) (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး ရေးဖြေစာမေးပွဲအား ၁၈-၇-၂၀၁၅ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခြင်း ဝင်ရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ရသ-၁၃ | ရသ-၆၂ | ရသ-၈၆ | ရသ-၁၂၁ | ရသ-၁၄၃ | ရသ-၁၇၄ | ရသ-၂၁၂ |
| ရသ-၂၄ | ရသ-၆၃ | ရသ-၉၇ | ရသ-၁၂၂ | ရသ-၁၄၈ | ရသ-၁၇၅ | ရသ-၂၁၄ |
| ရသ-၃၃ | ရသ-၆၉ | ရသ-၁၀၀ | ရသ-၁၂၃ | ရသ-၁၄၉ | ရသ-၁၉၇ | ရသ-၂၁၆ |
| ရသ-၃၅ | ရသ-၇၃ | ရသ-၁၀၇ | ရသ-၁၂၇ | ရသ-၁၅၄ | ရသ-၂၀၂ | ရသ-၂၂၀ |
| ရသ-၃၆ | ရသ-၈၃ | ရသ-၁၁၈ | ရသ-၁၂၉ | ရသ-၁၆၁ | | |

၃။ လူတွေ့စစ်ဆေးခြင်းကို ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)နံနက် ၈နာရီတွင် ရုံးအမှတ်(၂၆)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရွေးချယ်ခြင်းခံရသူများ မပျက်မကွက် လာရောက်ဖြေဆိုရန် အကြောင်းကြားအပ်ပါသည်။

၄။ လူတွေ့ဖြေဆိုရာတွင် အလုပ်လျှောက်လွှာတင်ပြခဲ့သည့် စာရွက်စာတမ်းမူရင်း အထောက်အထားများပါ တစ်ပါတည်း ယူဆောင်လာရန် ဖြစ်ပါသည်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရုံးချုပ်(နေပြည်တော်)
ဖုန်း-၀၆၇-၄၁၀၅၃၀၊ ၀၆၇-၄၁၀၅၂၉


**ဖခင်အမည်မှန်**

မုံရွာမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မောင်ညီညီစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကို ၅/မရန(နိုင်) ၂၂၂၂၀၀ ဖြစ်ပါသည်။ **ဦးမြင့်ကို**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အထက(ဝက်ပုတ်) တက္ကသိုလ်ဝင်တန်းမှ မယမင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးကျော်လှိုင် ၇/ရတန(နိုင်)၁၀၂၂၃၇ ဖြစ်ပါသည်။ **ဦးကျော်လှိုင်**


## မွေးနေ့ဆုတောင်း

ချစ်ဇနီး ဒေါ်ထိုက်ထိုက်အောင်၏ ၁၅-၉-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောခင်ပွန်း၊ မိဘ၊ မောင်နှမများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ချစ်ခင်ပွန်း-ဗိုလ်မှူးမျိုးသန့်**
**သားကြီး-မောင်သစ်ထူးအောင်**
**သားငယ်-မောင်ဆက်ထူးစံ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနမှ ရွှေဘိုခရိုင်နှင့် တမူးခရိုင်အတွင်း ဆောင်ရွက်ရန်ရှိသော ဆည်၊ ကန်နှင့်ရေပေးမြောင်းများ ပြုပြင်ချဲ့ထွင်တူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၅-၉-၂၀၁၅ရက်မှ ၂၈-၉-၂၀၁၅ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၂၈-၉-၂၀၁၅ရက် ညနေ ၄နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

၃။ လုပ်ငန်းစာရင်းအသေးစိတ်နှင့် အခြားစုံစမ်းသိရှိလိုသည်များအတွက် ဖုန်း-၀၇၁-၂၂၇၆၉၊ ၀၇၁-၂၃၆၂၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

# တိုက်နှစ်လုံးကြားမှ ခြောက်လှော်သို့ ခြေကန်တက်၍ ခိုးသည့်သူခိုးမိ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဂဠုန်ရပ်ကွက် မြောင်းကြီးလမ်း တိုက်အမှတ်(၁၂)၏ အပေါ်ထပ်ခြောက်လှော်နှင့် အောက်ဆုံးအလွှာတို့၌ စက်တင်ဘာ ၆ ရက် နံနက် ၅ နာရီခန့်က ပစ္စည်းခိုးမှုများ ဖြစ်ပွားခဲ့သည်။

အလုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၊ အလုံမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး တင်လှတို့၏ ညွှန်ကြားမှုဖြင့် နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် ဌေးအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် ခိုးမှုကျူးလွန်သူကို အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက် ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၃ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ဒုတိယအကြိမ် ပြန်လည်ခိုးယူရန် ဝင်ရောက်လာသော နေဝင်းထွန်း(ခ)ဂီ(ခ) လင်းမာန်အောင်(၃၂ နှစ်)ကို အလုံမြို့နယ် ဆင်မင်းရပ်ကွက် စက်တွင်းလမ်း တိုက်အမှတ် (၄၆) သုံးလွှာ ရေချိုးခန်းအတွင်း၌ လက်ရဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၆ ရက် နံနက်က ဂဠုန်ရပ်ကွက် မြောင်းကြီးလမ်းတိုက်အမှတ် (၁၂) တွင် ဝင်ရောက်ခိုးစဉ်က တိုက်နှစ်လုံးကြားမှခြေကန်၍ ခြောက်လှော်တိုက်ခန်းအတွင်းသို့ ဝင်ရောက်ခိုးယူခဲ့ကြောင်း ရဲတပ်ဖွဲ့၏စစ်ဆေးချက်အရ သိရသည်။

ယင်းခိုးမှုကျူးလွန်သူသည် ၂၀၀၁ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ခိုးမှုဖြင့် အင်းစိန်အကျဉ်းထောင်တွင် ထောင်ဒဏ်သုံးနှစ်ကျခဲ့ရာ ၂၀၀၄ ခုနှစ်တွင် အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့ပြီး လက်နက်ပုဒ်မဖြင့် မွန်ပြည်နယ် ဇင်းကျိုက်ရဲဘက်စခန်း၌ ထောင်ဒဏ် ၁၀ နှစ် ပြစ်မှုကျခံနေစဉ် ၂၀၀၈ ခုနှစ်တွင် ထွက်ပြေးခဲ့ကြောင်း၊ ယင်းနှစ် နိုဝင်ဘာလတွင် ကမာရွတ်မြို့နယ်၌ ခိုးမှုဖြင့် ထောင်ဒဏ်လေးနှစ်၊ ရဲဘက်ပြေးဖြင့် ထောင်ဒဏ်တစ်နှစ်ကျခံနေရပြီး တောင်စွန်းရဲဘက်စခန်းမှ ထွက်ပြေးခဲ့ကြောင်း။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် စမ်းချောင်းမြို့နယ်အတွင်း ခိုးမှုဖြင့် ပြစ်ဒဏ်ခြောက်နှစ်၊ ရဲဘက်ပြေးအတွက် တစ်နှစ်ဖြင့် အင်းစိန်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံ၍ ထိုမှ တောင်စွန်း ရဲဘက်စခန်းသို့ ထပ်မံရောက်ခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်က လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ကာ စက်တင်ဘာ ၆ ရက်တွင် အလုံမြို့နယ် ဂဠုန်ရပ်ကွက်၌ ဝင်ရောက်ခိုးယူမှုပြုခဲ့ပြီး ဒုတိယအကြိမ် အလုံမြို့နယ် ဆင်မင်းရပ်ကွက် စက်တွင်းလမ်းအတွင်းရှိ အိမ်သို့ ပစ္စည်းခိုးရန် ပြန်လည်ဝင်ရောက်လာစဉ် စက်တင်ဘာ ၁၃ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုဖြင့် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**





# ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်၌ မီးလောင်မှုဖြစ်

**ဖားကန့် စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်၌ စက်တင်ဘာ ၁၃ ရက် ညနေ ၄ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရခြင်းမှာ မော်ဝမ်းရပ်ကွက် အုပ်စု(၅) အမှတ်(၂၂) အိမ်ရှင် ဦးမြင့်ထွန်း(ခ) ဦးအားတီ၏ (ငြိမ်းကမ္ဘာကုန်မာဆိုင်) နေအိမ်အပေါ်ထပ် ဆိုလာပြားမှ တစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ ဒေါ်ငွေကြည်၏ မန္တလေးကုန်မာဆိုင်သို့ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ပိုင်ရှင် ဦးမြင့်ထွန်း(ခ) ဦးအားတီ၏ အုတ်နံရံကပ် သွပ်မိုး၊ ပျဉ်ခင်း နှစ်ထပ်အိမ်တစ်လုံး၊ ကပ်လျက်ရှိသော ဒေါ်ငွေကြည်၏ (မန္တလေးကုန်မာဆိုင်) အုတ်နံရံကပ် သွပ်မိုး၊ ပျဉ်ခင်း နှစ်ထပ်အိမ်တစ်လုံးတို့ မီးကူးစက်လောင်ခဲ့သဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးကာ ညနေ ၅ နာရီခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် မီးပေါ့ဆစွာ သုံးစွဲခဲ့သည့် အိမ်ရှင်ဦးမြင့်ထွန်း(ခ) ဦးအားတီကို ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရပြီး မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ကား ၁၂ စီး ရေဘောက်ဆာကား ခုနစ်စီး၊ ရတနာဆင်သီရိကုမ္ပဏီက ဘက်ဟိုးယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **စိုးနိုင်ဦး(ဖားကန့်)**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန

## (ယခင်မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)အကြွေးပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့်တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ(ပ)နံပါတ်မကျမီ ကြွေးပေးဆပ်သော ဦးမြင့်ကျော်နှင့် ဦးစောသိန်းတို့အား အမှုရုပ်သိမ်းပေးပြီးဖြစ်ပါသည်။ (ပ)နံပါတ်ကျပြီးမှ ကြွေးပေးဆပ်သော ဦးစန်းဝင်း၊ ဦးမင်းဇော်ဦး၊ ဦးမင်းသိမ်း(အိမ်မဲ)၊ ဦးတင်နွယ်၊ ဦးလွင်ရှိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဝင်း(ဦးဗိုလ်ဝင်း)၊ ဦးလှဝင်း(ပန်းတနော်)၊ ဦးအောင်ဖုန်းမြင့်၊ ဦးခင်မောင်သန်း၊ ဦးခင်စိုး၊ ဦးစိုးတင့်၊ ဦးတင်ကို၊ ဦးရဲကိုကိုအောင်၊ ဦးလှအောင်၊ ဦးမင်းဆွေတို့ လုပ်ငန်းရှင်(၁၆)ဦးအား ဌာနအနေဖြင့် အမှုရုပ်သိမ်းပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ စုစုပေါင်း ကြွေးကျေလုပ်ငန်းရှင်(၁၈)ဦးရှိပြီ ဖြစ်ပါသည်။

၂။ အောက်ပါလုပ်ငန်းရှင်(၃၇)ဦးသည် ၁၁-၉-၂၀၁၅ရက်အထိ ဖော်ပြပါအတိုင်း အကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | ကုမ္ပဏီအမည် | ကြွေးကျန်ငွေ(ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းလင်း | ဦးကျော်ညိမ်း | ၁၂/တတန(နိုင်)၀၅၈၅၅၀ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၉.၃၂၁ |
| ၂။ | ဦးနိုင်နိုင် | ဦးစိုးဝင်း | ၁၂/တတန(နိုင်)၀၃၄၄၁၇ | ကျွန်းတော(၃)လမ်း၊ တွံတေး | လုပ်ငန်းရှင် | ၄၅.၀၅၀ |
| ၃။ | ဦးစိုးသန်း | ဦးသန်းစိန် | ၁၂/တတန(နိုင်)၀၅၆၂၈၇ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၃၄.၆၁၅ |
| ၄။ | ဦးကြည်ဌေး | ဦးဘီဘူဂါဒင် | ၁၂/တတန(နိုင်)၀၅၆၁၅၆ | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆.၆၃၅ |
| ၅။ | ဦးတင်စိုး | ဦးအောင်စိန် | ၁၂/ထတပ(နိုင်)၀၄၃၈၀၈ | ပန်းတိုင်ကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၃၉၁.၃၉၆ |
| ၆။ | ဦးသိန်းဌေး | ဦးကျော်မြင့် | ၁၂/ဒဂတ(နိုင်)၀၂၂၃၇၉ | ၈၅၊ သရက်တော ၅လမ်း၊ ကြည့်မြင်တိုင် | လုပ်ငန်းရှင် | ၁၀၃.၈၈၇ |
| ၇။ | ဦးတင်မောင်စိုး | ဦးတင်အေး | ၁၄/ပတန(နိုင်)၁၀၇၉၄၉ | သရက်ငူကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၆၆.၃၉၂ |
| ၈။ | ဦးသိန်းဝင်း | ဦးကနော်စန်း | ၁၂/သဃက(နိုင်)၁၃၈၀၂၄ | ၁၀၆၁၊ အောင်သီရိလမ်း၊ ဒဂုံမြောက် | 'ကိုလေး' အစာ | ၃၇.၅၆၇ |
| ၉။ | ဒေါ်သဇင်အေး | ဦးတင်ဝင်း | ၇/နတလ(နိုင်)၀၀၀၁၅၅ | ပီ-၁၇၊ ၄၀ါ ၅လမ်း၊ လှိုင် | လုပ်ငန်းရှင် | ၃၅၇.၈၅၄ |
| ၁၀။ | ဦးကျော်မြင့်ဦး | ဦးဇော်ဝင်း | ၁၂/ဗဟန(နိုင်)၁၀၀၅၈၄ | ၂၄၁၊ ၃၉လမ်း၊ ကျောက်တံတား | PPA Co.,Ltd | ၄၂.၅၉၀ |
| ၁၁။ | ဦးမြင့်စိုး | ဦးစံညိမ်း | ၁၂/ထတပ(နိုင်)၀၁၆၆၄၈ | တိုက် ၉၊ အခန်း ၀၀၄၊ အောင်ဇေယျ | ဇာတိမာန် | ၁၃၇.၄၈၂ |
| ၁၂။ | ဦးကျော်စွာဝင်း | ဦးလှဆောင် | ၁၂/တတန(နိုင်)၀၁၆၅၄၆ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၂၈.၅၁၆ |
| ၁၃။ | ဦးရဲထွန်းနိုင် | ဦးသန်းမောင် | ၅/စကန(နိုင်)၁၄၆၇၆၃ | အမှတ် ၆၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာ | ရွှေလမင်းဆန်ထွက်ပစ္စည်း | ၃၃၂.၉၈၆ |
| ၁၄။ | ဦးကျော်စိန် | ဦးသန်းတင် | ၁၄/ပတန(နိုင်)၀၁၅၉၇၁ | ဂရက်တာကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၅၃.၁၇၁ |
| ၁၅။ | ဦးကျော်ဝင်း | ဦးစံထွန်း | KYN-၁၀၈၀၈၂ | စက်စုပိုင်း၊ ၉ ရပ်ကွက်၊ ခရမ်း | လုပ်ငန်းရှင် | ၁၃၀.၀၇၄ |
| ၁၆။ | ဦးနေမင်းထက် | ဦးဝင်းမောင် | ၁၂/အစန(နိုင်)၀၄၈၆၁၈ | ခြံ ၁၃၊ ၁၀ ရပ်ကွက်၊ ဒဂုံအရှေ့ | လုပ်ငန်းရှင် | ၉၉.၆၀၀ |
| ၁၇။ | ဦးစံငြိမ်း | ဦးမြိုင် | ၁၂/တတန(နိုင်)၀၁၁၄၇၂ | ၁၃၂၊ မြင်သာရပ်ကွက်၊ တွံတေး | လုပ်ငန်းရှင် | ၂၀.၅၂၆ |
| ၁၈။ | ဦးမြင့်ဇော်အေး | ဦးချစ်အေး | ၁၂/တတန(နိုင်)၀၀၆၁၉၃ | ၆၊ ဘုရားလမ်း၊ ကျွန်းတောရပ်၊ တွံတေး | လုပ်ငန်းရှင် | ၂၅.၇၇၅ |
| ၁၉။ | ဒေါ်စန်းသီရိချို | ဦးသိန်းနိုင် | ၆/မမန(နိုင်)၁၁၇၂၅၈ | ၁၃၁၊ အေးချမ်းသာယာရပ်၊ မြိတ် | ကြက်စာရောင်းဝယ်ရေး | ၅၆.၃၆၂ |
| ၂၀။ | ဒေါ်သီတာအေး | ဦးဇော်ဝင်း | ၁၂/လမန(နိုင်)၅၀၁၇၉၁ | ၄၄-ခ၊ အုန်းတောဘုရားလမ်း၊ ကမာရွတ် | PPA Co.,Ltd | ၁၇.၂၆၅ |
| ၂၁။ | ဦးအောင်နိုင်ထွန်း | ဦးထွန်းရီ | ၁၂/လသန(နိုင်)၀၀၉၃၇၄ | ၉၂၊ ဗိုလ်ရွဲလမ်း၊ လသာ | လုပ်ငန်းရှင် | ၁၇.၉၉၃ |
| ၂၂။ | ဦးစိုးမင်းထွန်း | ဦးတင်ထွန်း | ၁၂/တတန(နိုင်)၁၁၈၄၅၂ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၁.၉၄၃ |
| ၂၃။ | ဦးစိန်သောင်းဦး | ဦးထွေးအောင် | ၁၂/တတန(နိုင်)၀၅၆၃၂၈ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၁၀.၂၉၉ |
| ၂၄။ | ဦးဝင်းလှိုင် | ဦးလှကြည် | ၁၂/တတန(နိုင်)၀၇၄၈၉၃ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၅၂.၀၀၆ |
| ၂၅။ | ဦးကျော်ကျော်နိုင် | ဦးညိမ်းဟံ | ၁၂/တတန(နိုင်)၀၁၀၆၇၈ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၇၃.၉၈၁ |
| ၂၆။ | ဦးစန်းလှ | ဦးတင်ဝင်း | ၁၂/တတန(နိုင်)၀၃၈၁၁၃ | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၅.၈၄၂ |
| ၂၇။ | ဦးလှဝင်း(တွံတေး) | ဦးတလုပ် | ၁၂/တတန(နိုင်)၀၅၆၅၈၇ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၆၂.၂၁၁ |
| ၂၈။ | ဒေါ်လေးလေးခိုင် | ဦးတင်ထွန်းဝင်း | ၁၂/အလန(နိုင်)၀၀၀၁၆၀ | ၂၊ သစ်တောလမ်း၊ အလုံ | အာရှသား International Co.,Ltd | ၄၀၆.၅၈၉ |
| ၂၉။ | ဦးမင်းသိမ်း | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃ ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၆၆၈၀.၈၇၇ |
| ၃၀။ | ဦးမင်းသိမ်း(သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃ ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၄၅၀၉.၆၉၅ |
| ၃၁။ | ဦးသုတရွှေ၊ ဦးလှမြင့်အောင် | ဦးရွှေဝိုင်း | ၁၃/မပတ(နိုင်)၀၀၃၂၆၄ | အစာစပ်စက်ရုံ၊ ညောင်တုန်း | 'ဖြိုးဇရာ' ကုမ္ပဏီ | ၅၅၁၆.၆၇၇ |
| ၃၂။ | ဦးဇော်ဇော်တိုး | ဦးလှတိုး | ၁၄/ဒဒရ(နိုင်)၀၀၀၀၃၁ | ၄၀၂၊ ၉ လမ်း၊ သမိုင်း ၁ရပ်ကွက်၊ မရမ်းကုန်း | 'ရွှေဘုံစံ' ပွဲရုံ | ၂၀၅၇.၅၆၆ |
| ၃၃။ | ဦးကြည်ဝင်း | ဦးပု | ၁၂/တကန(နိုင်)၁၁၅၀၃၂ | ၃၈၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလမ်း၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆၉.၃၂၉ |
| ၃၄။ | ဦးဟိန်းဇော်စစ် | ဦးစစ်လှိုင် | ၁၄/ဟသတ(နိုင်)၀၀၀၁၄၇ | ၃၀၅၊ တိုက် ၇၊ ၄ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ မရမ်းကုန်း | လုပ်ငန်းရှင် | ၁၄၁၀.၇၄၅ |
| ၃၅။ | ဦးမျိုးအောင် | ဦးမောင်ဟန် | ၁၂/တကန(နိုင်)၀၉၉၀၆၇ | ၄၁၊ မြို့လယ်လမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီး | လုပ်ငန်းရှင် | ၁၂၇၉.၇၁၉ |
| ၃၆။ | ဦးမိုး | ဦးဘမောင် | ၅/စကန(နိုင်)၁၃၀၈၈၀ | စက်မှုဇုံ ၂၊ ပြည်ကြီးတံခွန်၊ မန္တလေး | စိန်စိန်တိုးဆီစက် | ၆၇၁.၂၄၆ |
| ၃၇။ | ဦးမျိုးမင်းသိမ်း | ဦးဘွန်သိန်း | ၁၂/မရက(နိုင်)၀၀၄၇၄၃ | ၂၃၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း | 'မြပန်းခေတ်' ကုမ္ပဏီ | ၄၈၃.၈၄၄ |

၃။ အကြွေးပေးသွင်းရန် ကျန်ရှိသူများအား တရားဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃(အပက-၃)အရ "မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှု ကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)နှစ်အောက်မနည်းသည့်ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်" ဖြစ်ပါသည်။

(ခ) ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများဆုံးရှုံးခြင်းကို ကာကွယ်သွားမည်ဖြစ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**



## ကျေးလက်ကုန်ထုတ်လမ်း ၇၅ ရာခိုင်နှုန်းခန့် ပြီးစီး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဖောက်လုပ်လျက်ရှိသော သန်းကြီးကုန်း-မကျီးစုကျေးလက်ကုန်ထုတ်လမ်းမှာ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သန်းကြီးကုန်း-မကျီးစု ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် မိုးမြတ်မဟာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး လမ်းအမျိုးအစားမှာ ဂျင်းမြေသားလမ်းဖြစ်သည်။ လမ်းအရှည် တစ်မိုင်ကို အကျယ် ၁၈ ပေလမ်းအဖြစ် စက်တင်ဘာ ၁ ရက်မှ စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ သန်းကြီးကုန်း-မကျီးစုကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ပြီးစီးပါက အနီးဝန်းကျင်ရှိ ကျေးရွာလေးခုမှ လူဦးရေ ၃၁၃၈ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

## ကျေးရွာနေပြည်သူများအတွက် မြေငှားဂရန်စာချုပ်များထုတ်ပေး

**မြောင်းမြ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ကနဦးစံပြအဖြစ် ကျေးရွာတစ်ရွာစီသို့ မြေငှားဂရန်များထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြောင်းမြမြို့နယ် ကဝက်ကျေးရွာမှ ပြည်သူများအား မြေငှားဂရန်ကို စက်တင်ဘာ ၁၂ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်ထုတ်ပေးသည့် အခမ်းအနားသို့ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းအဖွဲ့ဝင်များ၊ မြေငှားဂရန်ရရှိသည့် ဒေသခံပြည်သူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြေငှားဂရန်ရရှိသည့် ဒေသခံပြည်သူ ၄၇ ဦးထံသို့ မြေငှားဂရန်ပေးအပ် စာချုပ်များကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်းသိရသည်။

ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာတွင် မြေငှားဂရန်ရရှိခြင်းသည်

**မြေငှားဂရန်ရရှိခြင်းသည် ပိုင်ဆိုင်မှုအထောက်အထားတစ်ခုအဖြစ်ရရှိခြင်းဖြစ်ရာ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုသူများ၊ အရင်းအနှီးရယူလိုသူများအတွက် အခွင့်အလမ်းကောင်းတစ်ခု ရရှိလိုက်ခြင်းဖြစ်ကြောင်း၊ ပိုင်ဆိုင်သူအနေဖြင့် ပေါင်နှံခြင်း၊ ရောင်းချခြင်းစသည်ဖြင့် မိမိစိတ်တိုင်းကျ စီမံဆောင်ရွက်ခွင့်ရရှိပြီဖြစ်ကြောင်း. . .**



ပိုင်ဆိုင်မှုအထောက်အထားတစ်ခုအဖြစ် ရရှိခြင်းဖြစ်ရာ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုသူများ၊ အရင်းအနှီးရယူလိုသူများအတွက် အခွင့်အလမ်းကောင်းတစ်ခု ရရှိလိုက်ခြင်းဖြစ်ကြောင်း၊ ပိုင်ဆိုင်သူအနေဖြင့် ပေါင်နှံခြင်း၊ ရောင်းချခြင်းစသည်ဖြင့် မိမိစိတ်တိုင်းကျ စီမံဆောင်ရွက်ခွင့်ရရှိပြီဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြောင်းမြခရိုင်အတွင်း မြို့နယ်တစ်ခုစီမှ ကျေးရွာတစ်ရွာစီအတွက် မြေငှားဂရန်များ ထုတ်ပေးခြင်းကို ခရိုင်ဥက္ကဋ္ဌနှင့် ကျေးရွာဂရန်ထုတ်ပေးရေး ခရိုင်အဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိရာ အိမ်မဲမြို့နယ်တွင် ရွာသစ်ကျေးရွာမှ ဒေသခံပြည်သူ ၇၀ အတွက် မြေငှားဂရန်များကိုလည်းကောင်း၊ ဝါးခယ်မမြို့နယ် တွင် လမ်းသမိုင်ရွာကြီးကျေးရွာမှ ဒေသခံပြည်သူ ၃၄ ဦးတို့အတွက် မြေငှားဂရန်များကိုလည်းကောင်း လက်ဝယ်အရောက် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်မင်း(iprd)**

## နယ်လှည့်စာဖတ်ဝိုင်းများ လိုက်လံဖွင့်လှစ်ပေးလျက်ရှိ

**သထုံ စက်တင်ဘာ ၁၄**

ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ပြီး စာဖတ်ခြင်းဖြင့် အထွေထွေဗဟုသုတများပြည့်ဝကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် နယ်လှည့်စာဖတ်ဝိုင်းများ ဖွင့်လှစ်ပေးခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောခြင်းစသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို သထုံမြို့နယ် နောင်ဘိုကျေးရွာအုပ်စုရှိ မဝိုင်းစုကျေးရွာ ပညာအလင်း စာကြည့်တိုက်နှင့် နောင်ဘိုမြောက်ကျေးရွာ သုခမိန် စာကြည့်တိုက်များတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက စက်တင်ဘာ ၁၂ ရက်က လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စာဖတ်ဝိုင်းများဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေ ပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားပြီး ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စာကြည့်တိုက်များ ရှင်သန်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးတို့ကို မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်သူဇာအောင်နှင့် ဝန်ထမ်းများက ရှင်းလင်းဆွေးနွေးပြောကြားပြီး ကျေးရွာစာကြည့်တိုက်များ အတွက် သုတရသ စာအုပ်စာစောင်များကို လှူဒါန်းပေးခဲ့ကြသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် နယ်လှည့်စာဖတ်ဝိုင်းများ ဖွင့်လှစ်ပေးကာ ကျောင်းသား ကျောင်းသူများအား စာဖတ်စွမ်းရည်များ မြင့်မားလာစေရန် လေ့ကျင့်ပေးပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ မြို့သစ်မြို့နယ်၌ အပြီးသတ်ထုတ်ပေး

**မြို့သစ် စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ တောင်သူလယ်သမားများအတွက် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို မြို့သစ်မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးခဲ့ရာ ဩဂုတ် ၃၁ ရက်က အပြီးသတ်ထုတ်ချေးနိုင်ခဲ့ကြောင်း သိရသည်။

ဘဏ်ချေးငွေများကို ကျေးရွာအုပ်စု ၄၀ မှ တောင်သူ ၁၀၆၁၁ ဦးထံသို့ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ကျပ် ၃၄၇၄၁ ဒသမ ၄ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ သီးနှံစိုက်ပျိုးမှုအနေဖြင့် စပါး ၂၉၆၇၄ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းနှင့် နှမ်း ၂၅၀၈၇ ဧက၊ မြေပဲ ၃၆၀ ဧကနှင့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်အတွက် ၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသည့်အတွက် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အတွက်အထောက်အပံ့ဖြစ်ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

## မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျုံပျော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌အတွင်းမှ ကျေးရွာများအတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ ပေးအပ်ပွဲနှင့် စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစန်းယုလှိုင်က ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စများ၊ သင်တန်းပို့ချသွားမည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၂၆ ရွာ၌ ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းအတွက် ရန်ပုံငွေများကို ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာကိုးရွာ၌ စတင်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၆ ရွာ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်စဉ်ရရှိလာသော အမြတ်ငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများမှ လတ်တလောဆောင်ရွက်ပေးရမည့် လုပ်ငန်းများအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သင်းပုန်းတန်းကျေးရွာအုပ်စု၊ ကန်ပြင်ကျေးရွာအုပ်စု၊ စပါးထားကျေးရွာအုပ်စုနှင့် ကျွဲထိုးကျေးရွာအုပ်စုများသို့ ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်ပြီး ကျေးရွာအုပ်စုများအတွင်း ထိခိုက်ကျိုးပေါက်သွားခဲ့သော တာတမံများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ရေး၊ မိုးစပါးစိုက် လယ်မြေများသို့ ဆားငံရေဝင်ရောက်ခြင်းမှ ကာကွယ်ရေး၊ ထိခိုက်ပျက်စီးသော စာသင်ကျောင်းများ၊ လမ်းတံတားများ ပြုပြင်ခြင်း အပါအဝင် လတ်တလောဖြေရှင်းပေးရမည့် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မျိုးစပါးထောက်ပံ့ငွေများ၊ ဆန်၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် အိမ်သုံးပရိဘောဂများ၊ စာရေးကိရိယာများကို ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့လှူဒါန်းပေးခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကိုလည်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# ရွှေကူ တံကဲတော်

မောင်သာ
(ရှေးဟောင်းသုတေသန)

ထေရဝါဒဗုဒ္ဓဘာသာကို အများဆုံးယုံကြည်ကိုးကွယ်သည့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဆင်းတုတော်များသည် တစ်နိုင်ငံလုံးနီးပါး နေရာအနှံ့၌ တည်ရှိနေပေသည်။ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဆင်းတုတော်များကို ဘုရား၊ ကျောင်းကန်၊ တန်ဆောင်းများတွင်သာမက မိမိတို့နေထိုင်ရာ အိမ်များတွင်လည်း ထားရှိပူဇော်လေ့ရှိကြသည်။ ဗုဒ္ဓဆင်းတုတော်များသည် လျောင်းတော်မူ၊ ရပ်တော်မူ၊ ထိုင်တော်မူ စသည်ဖြင့် အသွင်အမျိုးမျိုးရှိကြရာ ထိုင်တော်မူ ရုပ်ပွားတော်များအား ပလ္လင်တစ်ခုခုပေါ်တွင် တင်ထားကိုးကွယ်ကြသည်။ အချို့သော ထိုင်တော်မူနှင့် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ၏ ကျောဘက်တွင် တံကဲဟု ခေါ်ဆိုသည့် နောက်မှီတစ်ခုကို ထည့်သွင်းပြုလုပ်ထားလေ့ရှိသည်။ တံကဲဟူသည် မြတ်စွာဘုရားရုပ်ပွားတော်များ၏ ကျောဘက်တွင် ထားရှိအပ်သော သစ်သားအဆင်တန်ဆာတစ်ခုဖြစ်ကာ မြန်မာအဘိဓာန်တွင် တံကဲကို ပလ္လင်နောက်မှီဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့တော်ဟု တင်စားခေါ်ဝေါ်ကြသည့် ပခုက္ကူမြို့သည် ပရိယတ္တိ၊ ပဋိပတ္တိထွန်းကားရာ ဒေသတစ်ခုဖြစ်ပြီး ရှေးအစဉ် အဆက်ကတည်းကပင် မြန်မာနိုင်ငံတစ်လွှားမှ ရဟန်းသံဃာများသည် ဗုဒ္ဓစာပေများကို သွားရောက်သင်ယူကြရသော ပခုက္ကူသာသနာထွန်းကားခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။ ပခုက္ကူမြို့တွင် ပရိယတ္တိစာသင်တိုက်များ များစွာရှိသကဲ့သို့ ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံများလည်း များစွာရှိသည်။

ပခုက္ကူမြို့လယ် ရွှေကူမြတ်စွာဘုရားဝင်းအတွင်း၌ ကမ္ဘာကျော် တံကဲတော်ကြီးတစ်ခုရှိသည်။ ထိုတံကဲတော်ကြီးသည် ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုကြသူတိုင်း တအံ့တဩဖြစ်ရသည့် အနုပညာ လက်ရာတစ်ခုအဖြစ် ထင်ရှားသည်။ ရွှေကူမြတ်စွာဘုရားဝင်းအတွင်းရှိသောကြောင့် ထိုတံကဲကြီးကို ရွှေကူတံကဲတော်ဟု ခေါ်ကြသည်။ အများအားဖြင့် ဘုရားတံကဲများကို ပန်းကနုတ်များ ထွင်းထုပုံဖော် ပြုလုပ်လေ့ရှိကြသော်လည်း ရွှေကူတံကဲတော်မှာမူ ပန်းကနုတ်များအပြင် ဗုဒ္ဓဝင်ဇာတ်နိပါတ်လာ ဇာတ်ကွက်များကို ထည့်သွင်းထွင်းထုထားသောကြောင့် အလွန်ထူးခြားနေပေသည်။

ပလ္လင်တစ်ခုပေါ်တွင် ရပ်တော်မူနေသော ဉာဏ်တော် ငါးပေနှစ်လက်မမြင့်သည့် ဗုဒ္ဓရုပ်ပွားတော်၏ နောက်ဘက်ရှိ တံကဲတော်သည် အလျား ၅ ပေ ၁၀ လက်မ၊ အမြင့် ၁၂ ပေ ၁၀ လက်မခန့်နှင့် ထုခြောက်လက်မခန့်ရှိသည့် ယမနေသား တံကဲကြီးဖြစ်သည်။ ခြောက်လက်မအထူရှိသည့် ယမနေသစ်သားပြား ငါးချပ်ကို တွဲစပ်လျက် အရုပ်များနှင့် ကနုတ်များကို ရှစ်လွှာ၊ ရှစ်ထပ် ပြုလုပ်ထားသည်။ လူရုပ် ၁၃၆ ရုပ်နှင့် တိရိစ္ဆာန် ၁၈ ရုပ် ပါဝင်သော ရွှေကူတံကဲကြီးသည် အံ့မခန်းအောင် လက်ရာမြောက်လွန်းလှပေသည်။ ခြောက်လက်မထူသော သစ်သားကို ရှစ်လွှာရှစ်ထပ် ထုလုပ်ထားသဖြင့် တစ်လွှာလျှင် အထူတစ်လက်မပင် မရှိပါချေ။ ထိုတစ်လက်မအောက် သစ်အလွှာများတွင် အရုပ်များကို ကြွနေအောင် ထုလုပ်ထားသည့် အနုလက်ရာသည် အံ့မခန်းဖြစ်ပေသည်။

ရွှေကူတံကဲတော်ကြီးကို ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် စတင်ထုလုပ်ခဲ့ကာ ၁၉၀၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ လေးနှစ်ကြာ အချိန်ယူထုလုပ်ရခဲ့သော တံကဲတော်ကြီးအတွက် ပန်းပုထုလုပ်အားခသည် ငွေကျပ် လေးထောင်ဖြစ်ပြီး ထိုစဉ်က ငွေတန်ဖိုးအရ ရွှေတစ်ကျပ်သားလျှင် ငွေနှစ်ဆယ်ဖြစ်သောကြောင့် ရွှေနှစ်ပိဿာတန်ဖိုးနှင့် ညီမျှသည်။

ရွှေကူတံကဲတော်အနီးတွင် "ကမ္ဘာ့အံ့ဖွယ်ရာ ရွှေကူတံကဲတော်" အမည်ဖြင့် တံကဲတော်နှင့်ပတ်သက်၍ ရှင်းလင်းချက်များ ရေးသားထားရာ မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်က လက်ခငွေ ငွေဒင်္ဂါးပြား ၄၀၀၀ နှင့် လေးနှစ်ကျော်ထုလုပ်ရခြင်း၊ တံကဲ၏ ထုရှစ်လက္ခ၊ ရှစ်ထပ်နှင့် သစ်တုံးငါးတုံးဖြင့် ပန်းရုပ်လုံးများ ဖော်ပြထားခြင်း စသည်တို့ကို ဖတ်ရှုရသည်။ ရှင်းလင်းချက်စာတမ်းအနီးတွင် ရွှေကူတံကဲကို ထုလုပ်ခဲ့သူ ပန်းပုဆရာဦးကံကြီးနှင့် သားဖြစ်သူ မောင်တေတို့၏ဓာတ်ပုံကို ချိတ်ဆွဲပြသထားသည်။

တံကဲ အလှူရှင်များမှာ ပခုက္ကူမြို့ ဈေးဟောင်းရပ် ကျောင်းတော်ရာလမ်း တိုက်နံပါတ် ၅၇၅ နေ ဦးဟင်းငါးနှင့် ဇနီး ဒေါ်ဇီးဇံ၊ သမီး မယ်သစ်၊ မယ်မြစ်တို့ဖြစ်ကြပြီး ပန်းပုပညာရှင်များမှာ မြိုင်မြို့နယ် သစ်ကြီးတော၊ လေးတန်းရွာမှ ဦးကံကြီးနှင့် သား မောင်တေတို့ဖြစ်သည်။ ရွှေကူတံကဲတော်ကြီး၏ ဘယ်ဘက်ပန်းကနုတ်ပေါ်တွင် ဆြာဦးကံကြီး၊ သားမောင်တေ ဟူသော စာတမ်းကိုထွင်းထုထားပြီး တံကဲ၏ ညာဘက်တွင်အလှူရှင်များဖြစ်သည့် "မဆီးဆံ၊ကိုဟင်းငါး၊မမယ်သင်ကောင်းမှု"ဟု ရေးထွင်းထားသဖြင့် နှောင်းလူတို့အတွက် မှတ်တမ်းအထောက်အထား ဖြစ်ခဲ့ပေသည်။

ဦးကံကြီး၏ဖခင် ဦးရှိန်းသည် မင်းတုန်းမင်းလက်ထက် လက်စွဲတော်ပန်းပုဆရာကြီးတစ်ဦးဖြစ်သည်။ ဦးကံကြီးနေထိုင်ရာ သစ်ကြီးတော၊ လေးတန်းရွာသည် ပန်းပုအကျော်အမော်များပေါ်ထွက်ရာ ရွာတစ်ရွာဖြစ်ပြီး ယနေ့တိုင်ပန်းပုဆရာများ ပေါ်ထွန်းလျက်ရှိနေသည်။ ဆရာဦးကံကြီးနှင့် သားဖြစ်သူတို့သည် ရွှေကူတံကဲကြီးကိုထုလုပ်ရန် စူးဆောက် တန်ဆာပလာများကိုပန်းပဲဖိုတွင် မိမိတို့စိတ်တိုင်းကျ ပြုလုပ်ခဲ့ကြသည်ဟုဆိုသည်။ အချို့သော

**ရွှေကူတံကဲတော်ကြီးကို ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် စတင်ထုလုပ်ခဲ့ကာ ၁၉၀၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ လေးနှစ်ကြာ အချိန်ယူထုလုပ်ရခဲ့သော တံကဲတော်ကြီးအတွက် ပန်းပုထုလုပ်အားခသည် ငွေကျပ် လေးထောင်ဖြစ်ပြီး ထိုစဉ်က ငွေတန်ဖိုးအရ ရွှေတစ်ကျပ်သားလျှင် ငွေနှစ်ဆယ်ဖြစ်သောကြောင့် ရွှေနှစ်ပိဿာတန်ဖိုးနှင့် ညီမျှသည်။**

စူးဆောက်များအား နှစ်ဆစ်ချိုး သုံးဆစ်ချိုး ပြုလုပ်ထားပြီး အမျိုးပေါင်း ၅၀ ကျော် ရှိသည်။ ရွှေကူတံကဲတော်ကြီးကို သမားရိုးကျထုလုပ်လေ့ရှိသော ပန်းကနုတ်ပုံစံမဟုတ်ဘဲ ခြောက်လက်မအထူ ပျဉ်ချပ်တွင် အထပ်ရှစ်ထပ်ပေါ်အောင် ရုပ်လုံးကြွထုလုပ်ကြရသည့်အတွက် ဆရာဦးကံကြီးတို့ သားအဖကိုယ်တိုင် ပန်းပဲဖိုတွင် စူးဆောက်များကို စိတ်ကြိုက်ပြုလုပ်ခဲ့ကြရသည်။

ယမနေသားသည် ပန်းပုထုဆစ်ရာတွင် ကျွန်းသားထက် ပိုမိုကောင်းမွန်သည့်အပြင် ဆောက်သွားဖြင့် ပုံဖော်ရာတွင် လိုအပ်သည့်အတိုင်း ပုံဖော်နိုင်သဖြင့် တံကဲတော်ကြီးကို ယမနေသားဖြင့်ပြုလုပ်ရန် ဆရာဦးကံကြီးက ဆုံးဖြတ်ခဲ့သည်။ သစ်သားထု ခြောက်လက်မတွင် အလွှာရှစ်လွှာပေါ်အောင် ထွင်းပြီး နိပါတ်တော်လေးခုထဲမှ ဇာတ်ဝင်ခန်း ၁၂ ခန်းကို ထွင်းထုထားသည်မှာ လူသားတစ်ဦးတစ်ယောက် ထွင်းထုထားခြင်း ဟုတ်ပါလေစဟုပင် ယုံမှားဖွယ်ဖြစ်ကြရသည်။

တံကဲတော်ကြီးပေါ်တွင် ဒေဝါရောဟဏဇာတ်၊ နေမိဇာတ်၊ သာဓိဏဇာတ်တော်နှင့် ဗိမ္ဗိသာရဇာတ်တို့မှ အခန်း ၁၂ ခန်း ကို တစ်ဆက်တစ်စပ်တည်း ပုံဖော်ထားသည်။

တံကဲတော်ကြီး၏ အပေါ်ဆုံးအလွှာတွင် ဒေဝါရောဟဏဇာတ်တွင် ပါရှိသော မြတ်စွာဘုရားရှင် တာဝတိံသာမှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်ကြွမြန်းလာခန်းကို ထုလုပ်ထားသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာပရိတ်သတ်အပေါင်းအား အဘိဓမ္မာတရားတော်များကို ဝါတွင်းသုံးလဟောကြားတော်မူအပြီး လူ့ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းများမှ ဆင်းသက်၍ ပြန်လည်ကြွမြန်းလာပုံကို ထုလုပ်ထားရာ ရုပ်ထုပေါင်း ၂၁ ခု ဖြင့်ပုံဖော်ထားသည်။ အလယ်ပတ္တမြားစောင်းတန်းမှ သင်္ကဿနဂိုရ်ပြည် တောင်တံခါးဆီသို့ကြွမြန်းဆင်းသက်လာသော ဇာတ်ကွက်တွင် မြတ်စွာဘုရားရှင်အား လိုက်ပါပို့ဆောင်ကြသော မာတလိ၊ ဝိသကြုံနတ်သားနှင့် ဗြဟ္မာကြီးများကို လက်ရာမြောက်စွာ ထုလုပ်ထားပြီး ခရုသင်းမှုတ်သူ၊ ထီးတော်မိုးပေးသူ၊ သားမြီးယပ်ခတ်ပေးသူ၊ တူရိယာများ တီးခတ်လိုက်ပါလာကြသူများသည် အသက်ဝင်လွန်းလှသဖြင့် ပန်းပုရုပ်များဟုပင် မထင်ရပါချေ။

တံကဲတော်ကြီး၏ လက်ယာဘက် အထက်ပိုင်းတွင် နေမိဇာတ်တော်၊ လက်ဝဲဘက် အထက်ပိုင်းတွင် သာဓိနဇာတ်တော်မှ ဇာတ်ကွက်များကို မြင်တွေ့ရသည်။ မာတလိနတ်သားက နေမိမင်းသားနှင့် သာဓိနမင်းကြီးတို့ကို နတ်ပြည်သို့ မြင်းသုံးကောင်ကသော ရထားဖြင့် တောမြိုင်အတွင်းမှ ခေါ်ဆောင်သွားပုံသည် ပန်းရှစ်ထပ်အတွင်းမှ ရထားထွက်လာတော့မည့်အလား ထင်မှတ်ရပေသည်။ တောတွင်း၌ ငှက်ငယ်လေးများ တစ်ကောင်နှင့်တစ်ကောင် အစာခွံ့နေပုံ၊ မြူးတူးပျော်ပါးနေပုံများသည်လည်း တောတောင်ရှုခင်းတစ်ခုကို ဓာတ်ပုံရိုက်ထားသည့် အသွင်ဖြစ်သည်။ ဘုရားရှင်နှင့်တကွ နတ်ဗြဟ္မာများ၊ ရှင်ဘုရင်၊ ဝန်ကြီးဝန်လေး၊ ကချေသည်၊ ပြည်သူပြည်သားရုပ်ထုများအား လေးဘက်ပတ်လည် ကြည့်နိုင်ရန် သစ်ချပ်တစ်ချပ်တည်းပေါ်မှာပင် ထွင်းထုထားသည်မှာ လက်ရာမြောက်လှပေသည်။

ဗိမ္ဗိသာရဇာတ်ကွက်ကို သရုပ်ဖော်ထားရာတွင် ထုလုပ်ထားသောဇာတ်ရုပ်များက အသက်ဝင်လွန်းသည့်အတွက် ဇာတ်မင်းသား အမယ်ကြီးအိုအောင်စိန်က တံကဲတော်တွင်ပါဝင်သည့် ဇာတ်ဝင်ခန်းများအတိုင်း ဗိမ္ဗိသာရဇာတ်ကိုကပြရန် ရွှေမန်းဦးတင်မောင်ကို ပြောကြားခဲ့သည်။ ရွှေမန်းဦးတင်မောင်ကလည်း ဗိမ္ဗိသာရဇာတ်ထုတ်ကို ရွှေကူတံကဲပေါ်တွင် ထုထားသည့်ဇာတ်ကွက်များအတိုင်း ကပြခဲ့သည်ဟု ဆိုကြသည်။ ဒေဝဒတ်က အဇာတသတ်မင်းသားအား ဖခင်ကိုသတ်ပြီး မင်းပြုရန်အကြံပေးနေပုံ၊ အဇာတသတ်မင်းသားက ဖခင်အားနန်းချ၍ အကျဉ်းချထားပုံ၊ အစာရေစာငတ်မွတ်နေသော ဗိမ္ဗိသာရမင်းကြီးအား ဝေဒေဟီ မိဘုရားကြီးက စတုမဓု သုတ်လိမ်းထားသော မြတဘက်ကို ဆက်သနေပုံ၊ ပါးကွက်သားများက မင်းကြီး၏ ခြေဖဝါးကို ဓားဖြင့်ခွဲနေပုံတို့မှာ အသက်ဝင်လှသည်။

ပန်းပုဆရာဦးကံကြီးသည် တံကဲတော်ကြီးကို မပြုလုပ်မီ တံကဲပုံစံငယ်တစ်ခုပြုလုပ်ပြီး အလှူ့အစ်မ ဒေါ်ဇီးဇံနှင့် ဆရာတော်ကြီးများကိုပြသပြီး အကြံဉာဏ်ရယူခဲ့သည်။ ပခုက္ကူမြို့မှ သီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ်ဘုရားများတွင်လည်း တံကဲတော်ကြီးများရှိခဲ့ကြရာ တစ်ချိန်တစ်ခါက တံကဲတော်ကြီးများကို ပခုက္ကူမြို့တွင် အပြိုင်အဆိုင် ထုလုပ်ခဲ့ကြသလောဟုပင် ထင်မှတ်ရပေသည်။ သီဟိုဠ်ရှင်ဘုရားမှ မူလတံကဲတော်ကြီးသည် မီးလောင်ပျက်စီးခဲ့ပြီဖြစ်သော်လည်း မီးမလောင်မီက ရိုက်ကူးထားခဲ့သော အဖြူအမည်းဓာတ်ပုံတစ်ပုံကို သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး အဝင်မုခ်ဦးရှိ မှန်ပုံးထဲတွင်ပြထားရာ အလွန်လှပပြီး လက်ရာမြောက်လှသည်။ သို့သော် သီဟိုဠ်ရှင်တံကဲသည် ရွှေကူတံကဲတော်ကဲ့သို့ ပန်းရှစ်ထပ်မဟုတ်ဘဲ ရုပ်လုံးမပါသည့် ကနုတ်ပန်းသက်သက်ဖြင့်သာ ထုထားသော တံကဲကြီးတစ်ချပ်ဖြစ်သည်။

သီဟိုဠ်ရှင်ဘုရားတွင် မီးလောင်ကျွမ်းသွားသော တံကဲအစား တံကဲအသစ်တစ်ခုကို ယနေ့ခေတ်လက်ရာဖြင့် အသစ်ပြန်လည်ပြုလုပ်ထားရာ ယင်းတံကဲသည်လည်း ခမ်းနားလှပကြောင်း တွေ့ရှိနိုင်ပေသည်။

ဆရာဦးကံကြီးသည် ရွှေကူတံကဲတော်ကြီးကိုထုလုပ်ပြီး စူး၊ ဆောက်တန်ဆာပလာလက်နက်များ အားလုံးကို ဧရာဝတီမြစ်ထဲသို့ စွန့်ပစ်ခဲ့သည်ဟု ဆိုကြသည်။ ဆရာဦးကံကြီးသည် မိမိ၏ ပညာ၊ စေတနာ၊ သဒ္ဓါ အားလုံးတို့ကို ရွှေကူတံကဲတော်ကြီးတွင်မြှုပ်နှံကာ လက်ကုန်ပညာကုန်ဖွင့်ခဲ့ကြောင်း မှတ်တမ်းပြုခဲ့ကြသည်။

ယခုအခါတွင် ပခုက္ကူမြို့မှ ရွှေကူတံကဲတော်ကြီးသည် သက်တမ်း နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ မူလက အမိုးအကာမရှိဘဲ ဟင်းလင်းပြင်တွင် ထားခဲ့သဖြင့် ပျက်စီးမှုအနည်းငယ်ရှိခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် မူလတံကဲအလှူရှင် ဒေါ်ဇီးဇံ၏သမီး ဒေါ်မြစ်က တံကဲတော်ကြီးကို ဆေးခြယ်သကာ ပြန်လည်မွမ်းမံခဲ့သည်။ နောက်ပိုင်းတွင် တန်ဆောင်းအတွင်း အမိုးအကာအောက်တွင် မှန်ခန်းအတွင်း ထိန်းသိမ်းပြသထားသဖြင့် အများပြည်သူတို့ စိတ်ကြိုက်လေ့လာကြည့်ရှုနိုင်ကြပေသည်။ ရွှေကူတံကဲတော်ကြီးအား နှစ်ပေါင်း ၁၀၀ ကျော်ကြာ တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပေးထားနိုင်သဖြင့် ပန်းပုပညာရှင် မြန်မာသားအဖနှစ်ဦး ကိုယ်တိုင်ပြုလုပ်ခဲ့သော ပြောင်မြောက်ထူးခြားလှသည့် တံကဲတော်သည် ကမ္ဘာပေါ်တွင် မည်သည့်ဒေသတွင်မှ မမြင်တွေ့နိုင်သည့် မြန်မာတို့၏ အနုလက်ရာစွမ်းရည်ကို ဝင့်ကြွားစွာ ပြသလျက်ရှိနေပေသည်။

**ကိုးကား**

**ရွှေကူမြတ်စွာဘုရားကြီးသမိုင်း(အရှင်ကေလာသ)**








## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မိတ္ထီလာမြို့ အထက (၁) ခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး မိတ္ထီလာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(၁)မှ ဒုရဲမှူးမျိုးလွင်က မြို့နယ်အတွင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်ပိုစတာ၊ စာစီစာကုံး၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသူကျောင်းသားများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**



## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အခမ်းအနား မင်းတပ်၌ ကျင်းပ

**မင်းတပ် စက်တင်ဘာ ၁၄**

၂၀၁၅ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကို မင်းတပ်မြို့ စံပြရပ်ကွက်ရှိ မိခင်နှင့်ကလေးအသင်းရုံး၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်(၁)ဒေါ်ရီရွှေက အာဟာရအကြောင်း သိကောင်းစရာများကို ဟောပြောသည်။ မြို့ပေါ်ရပ်ကွက်လေးခုမှ အာဟာရချက်ပြုတ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အထွေထွေဗဟုသုတဖြေဆိုပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားသို့ ခရိုင်ဆရာဝန်ကြီး ဒေါက်တာအောင်မျိုး၊ မိခင်နှင့်ကလေးအသင်းဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျုံကဒတ်စံပြကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်




**သံဖြူဇရပ် စက်တင်ဘာ ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်စံပြကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

တိုက်နယ်ဆေးရုံဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် တိုက်နယ်ဆေးရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံ တက်ရောက်ကုသခံနေသော လူနာများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ တိုက်နယ်ဆေးရုံဖွင့်လှစ်ခြင်း အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို ဆေးရုံခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သံဖြူဇရပ်မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက တိုက်နယ်ဆေးရုံနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို တင်ပြကာ ဆေးရုံသစ်ကြီးအား တာဝန်ယူဆောက်လုပ်သည့် ဟံသာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အဆောက်အအုံနှင့် သက်ဆိုင်သည့် မှတ်တမ်းများကို တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာဇင်ဗိုလ်ဦးထံ ပေးအပ်ခဲ့သည်။ ထို့နောက်ဆေးရုံသစ်ကြီးတွင်အသုံးပြုရန် ခုတင်၊ မွေ့ရာ၊ ဗီရို၊ ထိုင်ခုံနှင့် ရေစင်များအတွက် အလှူငွေ ကျပ်သိန်း ၈၀ နှင့် ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀ ကို ရန်ကုန်မြို့နေ ဆင်မင်းဦးတင်ရွှေမိသားစုက ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများမှလည်း အလှူငွေများပေး အပ်လှူဒါန်းခဲ့သည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# မိုးရာသီသီးနှံ ဘဏ်ချေးငွေများကြောင့် လယ်ယာလုပ်ငန်းခွင်များ အဆင်ပြေလျက်ရှိ

**အောင်လံ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအတွက် မိုးရာသီသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဩဂုတ် ၂၆ရက်က အပြီးထုတ်ချေးပေးခဲ့ပြီဖြစ်ရာ တောင်သူများအနေဖြင့် အဆိုပါ ဘဏ်ချေးငွေများဖြင့် လယ်ယာလုပ်ငန်းခွင်များအတွက် လိုအပ်သော သွင်းအားစုများကို အချိန်မီ ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သောကြောင့် ဒေသခံတောင်သူများ၏ လယ်ယာလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“တောင်သူတွေဘဝက စိုက်ချိန်ပျိုးချိန်ဆို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တတ်ကြတာ အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ စားဝတ်နေရေး၊ ကလေးတွေပညာရေးနဲ့ ရပ်ရေးရွာရေးကိစ္စတွေကို မဖြစ်မနေ ဖြေရှင်းဆောင်ရွက်နေရတာကြောင့် စိုက်ခဲ့၊ ရခဲ့သမျှတွေကလည်း တောင်သူလုပ်ငန်းခွင် ပြန်စတော့မယ်ဆိုရင် ကုန်သလောက်ဖြစ်နေပြီ။ ရပ်ထဲရွာထဲမှာ ထုံးစံအတိုင်း မျက်နှာအောက်ချပြီး အတိုးနဲ့ချေးရငှားရတာပါပဲ။ စိုက်ချိန်ပျိုးချိန်တွေမှာ အခုလို အတိုးနည်းနည်းနဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေထုတ်ချေးပေးတော့ ရင်းနှီးမြှုပ်နှံရမယ့် စိုက်ပျိုးစရိတ်တွေအတွက် ပူစရာမလိုတော့ဘူးပေါ့”ဟု ချေးငွေရယူ၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် ဒေသခံတောင်သူတစ်ဦးဖြစ်သူ ဦးစိုးမြင့်က ပြောသည်။

တောင်သူလယ်သမားများ၏ လုပ်ငန်းခွင်များ အဆင်ပြေစေရေးအတွက် အောင်လံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၇ အုပ်စုရှိ အစုအဖွဲ့ ၆၅၁၁ ဖွဲ့မှ အဖွဲ့ဝင်တောင်သူဦးရေ ၁၉၁၀၁ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) အရ ချေးငွေ စုစုပေါင်းငွေကျပ် ၄၉၇၃၃ ဒသမ ၂၀ သိန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း၊ ချေးငွေများအတွက် အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ အပေါ်တွင် တစ်လ ၄၂ပြားနှုန်းသာကျသင့်ကြောင်း အောင်လံမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ သရက်ခရိုင်အတွင်း အောင်လံမြို့နယ်အပါအဝင် မြို့နယ်ခြောက်ခုသို့ ချေးငွေထုတ်ပေးမှုအနေဖြင့် သီးနှံမျိုးစုံစိုက်ဧက ၂၇၁၉၁၅ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၁၂၆၀၃၄ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် အကူအညီများလိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်းလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မိုးစပါးစိုက်တောင်သူများထံ နှိုးဆော်ချက်များ ထုတ်ပြန်ကြေညာထားသည်။

**ဇေယျာတု(မကွေး)**





# အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မင်းရဲကျော်စွာခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာထိန်းသိမ်းပေး ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ကယားပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၁ ဦး၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၂ ဦး၊ စုစုပေါင်း ၄၃ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား စက်တင်ဘာ ၁၆ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုရန်အတွက် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပလျက်ရှိသည်။

**ရဲနောင်(လွိုင်ကော်)**

# ဆေးပညာသတင်းဆန်းများ (၁၁၁)

ဆောင်းပါး - ဒေါက်တာကံညွန့်



**ကင်ဆာရောဂါရှိကြောင်း ကြေညာလိုက်တဲ့ ဂျင်မီကာတာ**

အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာက သူ့မှာ ကင်ဆာရောဂါရှိနေပြီဆိုတာ ၁၂. ၈. ၂၀၁၅ ရက်က လူသိရှင်ကြား ကြေညာလိုက်ပါတယ်။ ကင်ဆာဟာ အသည်းမှာရှိနေတာဖြစ်လို့ အသည်းကင်ဆာကျိတ်ကို ခွဲစိတ်မှုခံယူခဲ့ပါတယ်။ အဲလိုခွဲစိတ်မှုခံယူပြီးတဲ့နောက် ဩဂုတ်လ ၂၀ ရက်နေ့မှာတော့ သူ့ကင်ဆာဟာ Melanoma ခေါ်တဲ့ ကင်ဆာဖြစ်ပြီး ဒီကင်ဆာဟာ ဦးနှောက်နှင့်တခြားကိုယ်ခန္ဓာ အစိတ်အပိုင်းအချို့မှာလည်း ပျံ့နှံ့နေပြီ။ ဒါကြောင့် သူဟာ အသက်ရှည်နိုင်တော့မှာမဟုတ်ဘဲ မကြာခင် အသက်ဆုံးရှုံးရတော့မယ်လို့ ထပ်မံပြောကြားလိုက်ပါတယ်။ အမှန်တော့ အသည်းထဲက ခွဲထုတ်လိုက်တဲ့ကင်ဆာအကျိတ်ဟာ Melanoma ခေါ်တဲ့ အရေပြားမှာသာ အဖြစ်များတဲ့ ကင်ဆာမျိုးဖြစ်နေတာဟာ အံ့သြစရာဖြစ်နေပါတယ်။ အမှန်အားဖြင့် အသည်းမှာMelanocyte Cells မရှိတာကြောင့် ဒီကင်ဆာကျိတ်ဟာ တခြားတစ်နေရာက ပျံ့ခဲ့တာလို့ပဲ ယူဆကြပါတယ်။ ဒီ Melanoma ဆိုတဲ့ကင်ဆာဟာ Melanocyte ဆိုတဲ့ Cell က စဖြစ်တာပါ။ Melanocyte Cells ဟာ Melanin ဆိုတဲ့ Pigment တစ်မျိုးကို ထုတ်လုပ်နေတာဖြစ်ပြီး ဒီ Melanin Pigment ဟာ နေရောင်ခြည်ကလာတဲ့လူတွေကို အန္တရာယ်ပေးနိုင်တဲ့ Utraviolet ခေါ်တဲ့ ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူပေးနေတာဖြစ်တယ်။ ဒါကြောင့် ဒီ Cells တွေကို သဘာဝက ဘယ်လိုဖန်တီးပေးထားသလဲဆိုရင် နေရောင်ခြည်ကို တိုက်ရိုက်ခံယူရတဲ့ အရေပြားနှင့် မျက်လုံးထဲက Choroid ဆိုတဲ့နေရာတွေမှာ ထားပေးထားတာဖြစ်ပါတယ်။

သမ္မတကြီးပြောကြားတဲ့အထဲမှာ သူဟာ ယခုအသက် ၉၀ ထိ ကောင်းကောင်းမွန်မွန်နေထိုင်ခဲ့ရပြီး ဒါဟာ လူတန်းစေ့နေထိုင်ခဲ့ရတာဖြစ်တယ်။ မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးနှင့် ကိုယ်လုပ်ချင်တာတွေကိုလည်း လုပ်ခဲ့ပြီးတာကြောင့် အသက်ဆုံးရှုံးမှုကို ရင်ဆိုင်ဖို့အသင့်ဖြစ်နေပြီလို့ ဆိုလိုက်ပါတယ်။ သူဟာ Atlanta မြို့က Carter Centre ရှိရာ နေအိမ်မှာ သူ့ဇနီး ရိုစလင်းကာတာနှင့်အတူ ရှိနေတာပါ။ သူတည်ထောင်ထားတဲ့ Carter Foundation ဟာလည်း ယခုမြန်မာနိုင်ငံမှာ နိုဝင်ဘာလ ၈ရက်နေ့မှာ ကျင်းပမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ တရားမျှတမှုရှိ/မရှိ စောင့်ကြည့်လေ့လာဖို့ လျှောက်ထားတဲ့ နိုင်ငံခြားအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး သူကိုယ်တိုင်လည်း ဒီရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပပေးဖို့ ဒီနိုင်ငံကို ကိုယ်တိုင်လာရောက်ပြီး အစိုးရနှင့်အရပ်ဖက် အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံခဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက ပြည်သူတွေအပေါ် စေတနာထားခဲ့တဲ့ သမ္မတကြီး ရွေးကောက်ပွဲပြီးသည်အထိ အသက်ရှည်စွာနေနိုင်ဖို့ ဆုတောင်းလိုက်ရပါတယ်။



**သန္ဓေတားဆေးစားခြင်းက ကင်ဆာရောဂါကာကွယ်နိုင်**

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ပဋိသန္ဓေတားဆေး(စားဆေး) စားတဲ့ အမျိုးသမီးတွေဟာ Endometrial Cancer ခေါ်တဲ့ သားအိမ်အတွင်းပိုင်း ကင်ဆာရောဂါဖြစ်ခြင်းက ကာကွယ်နိုင်တယ် ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကို အင်္ဂလန်နိုင်ငံ Oxford University က ဆေးပညာရှင်တွေ စုပေါင်းလေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလေ့လာမှုမှာ ယခင်လေ့လာထားတဲ့ စာတမ်း ၃၆ခုပေါ်မှာ အခြေခံပြီး အမျိုးသမီးပေါင်း ၁ သိန်း ၄ သောင်းကျော်ကို နှစ်ပေါင်း ၃၀ ကြာ စောင့်ကြည့်လေ့လာခဲ့ကြတာ ဖြစ်ပါတယ်။ ယခင်လေ့လာချက်တွေထဲမှာ ဒီ Oral Contraceptive ခေါ် ပဋိသန္ဓေတားဆေးပြားတွေဟာ estrogen နှင့် Progesterone ဟော်မုန်းနှစ်မျိုးနှင့် ပေါင်းစပ်ပြုလုပ်ထားတာဖြစ်တယ်။ ဒီတားဆေးဟာ တာရှည်အသုံးပြုနေသူတွေမှာ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် အသည်းကင်ဆာရောဂါတွေကို ဒီဆေးမစားသုံးသူတွေထက် ပိုဖြစ်နိုင်ခြေရှိတယ်လို့ US National Cancer Institute (NCI)က ထုတ်ပြန်ကြေညာထားတာပါ။ သူတို့ကြေညာချက်မှာလည်း ဒီဆေးဟာ သားအိမ်အတွင်းပိုင်းကင်ဆာအပြင် မျိုးဥအိမ်ကင်ဆာ (Ovarian Cancer)ကိုပါ ကာကွယ်နိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ယခု ယူကေနိုင်ငံ Oxford တက္ကသိုလ်ကလေ့လာချက်နဲ့လည်း ကိုက်ညီတယ်။ ဒ့ါအပြင် Sarcoma ခေါ်တဲ့ သားအိမ်နံရံက အသား Muscleကင်ဆာဖြစ်ပွားမှုကိုလည်း တားနိုင်တယ်လို့ တခြားလေ့လာချက်တစ်ခုမှာလည်း ဖော်ပြထားပြီး ဒီလိုတားနိုင်တာဟာ ဒီစားဆေးသောက်ခဲ့သူတွေမှာ ဆေးဖြတ်ပြီး နှစ် ၃၀ ကြာထိ အကျိုးသက်ရောက်မှုရှိတယ်လို့လည်း ဖော်ပြထားပါတယ်။ ဒီပဋိသန္ဓေတားဆေး စားဆေးဟာ ၁၉၆၀လောက်က စအသုံးပြုခဲ့ကြပြီး နှစ်စဉ် အမျိုးသမီးပေါင်း သန်း ၄၀၀ ကျော်ခန့် အသုံးပြုနေကြတာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



**သွေးလွန်တုပ်ကွေးတိုက်ဖျက်ဖို့ ထူးဆန်းတဲ့နည်း**

တရုတ်နိုင်ငံက ထူးဆန်းတဲ့သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ပုံနည်းတစ်ခုအကြောင်းကို တင်ပြချင်ပါတယ်။ တရုတ်နိုင်ငံ Guangdong ပြည်နယ်ဟာ ယခင်နှစ်တွေက သွေးလွန်တုပ်ကွေးအလွန်အဖြစ်များခဲ့တဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရောဂါဖြစ်သူ ၄၆၀၀၀ ကျော်ရှိခဲ့ပြီး ယမန်နှစ်ကတော့ တစ်ထောင်ကျော်လောက်သာ ရှိပါတော့တယ်။ ဒါဟာဘာကြောင့်လဲဆိုရင် ဒီပြည်နယ်မှာ ခြင်ပေါက်ပွားနှုန်း ၉၀% ကျဆင်းသွားခဲ့လို့ ဖြစ်ပါတယ်။ Guangdong ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ Guangdong ဟာ သွေးလွန်တုပ်ကွေး အဖြစ်အများဆုံးဖြစ်ပြီး ဒီမြို့တစ်ခုတည်းမှာ သွေးလွန်တုပ်ကွေးဖြစ်သူ ၃၅၀၀၀ ရှိခဲ့တာပါ။ သူတို့ဟာ Guangdong မြို့မှာ ခြင်ကောင် ထုတ်လုပ်တဲ့စက်ရုံတစ်ခုကို တည်ထောင်ခဲ့ကြပါတယ်။ ဒီစက်ရုံက ထုတ်လုပ်တဲ့ခြင်ဖိုတွေကို မျိုးမအောင်နိုင်အောင် Wolbachi ခေါ်တဲ့ Bacteria တစ်မျိုးနှင့် ကူးစက်စေခဲ့ပါတယ်။ ဒီမျိုးမအောင်တဲ့ခြင်တွေကို သန်းနှင့်ချီပြီး လွှတ်ပေးလိုက်ပြီး ဒီခြင်ဖိုတွေနှင့် မိတ်ဖက်ကြတဲ့ခြင်မတိုင်းဟာ မျိုးမအောင်ဘဲဖြစ်သွားကာ နောက်ထပ်ခြင်ပေါက်ပွားခြင်းမရှိနိုင်တော့ပါဘူး။ ဒီနည်းနှင့် သွေးလွန်တုပ်ကွေး Virus ကို သယ်ဆောင်မယ့်ခြင်အရေအတွက် လုံးဝနည်းသွားကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်နှုန်းကိုလည်းကျဆင်းစေခဲ့ပါတယ်။ တရုတ်နိုင်ငံက တီထွင်လိုက်တဲ့ ခြင်မပျံ့ပွားအောင်လုပ်တဲ့ ထူးဆန်းတဲ့နည်းသစ်ကို တင်ပြလိုက်ရပါတယ်။

**အညစ်အကြေးပေရင် မက်ဆေ့ပို့ပေးမယ့် အာရုံခံကိရိယာ**

မေ့ဆေးပေးထားတဲ့ လူနာ၊ သတိလစ်နေတဲ့လူနာ၊ စကားမပြောနိုင်တဲ့ လူနာတွေရဲ့ အောက်မှာ ခင်းထားတဲ့ အဝတ်တစ်ခုဟာ ချွေး၊ ကျင်ငယ်ရေ၊ ဝမ်းစတဲ့ အရေတစ်ခုခုကြောင့် စွန်းထင်းနေရင် သူ့အလိုအလျောက် သတင်းပို့နိုင်တဲ့ အနီးမှာကပ်ထားမယ့် Sensor တစ်မျိုးကို စင်ကာပူနိုင်ငံ သိပ္ပံပညာရှင်တွေက ထွင်နိုင်ခဲ့ပါပြီ။ ဒီပညာရှင်တွေကတော့ စင်ကာပူနိုင်ငံ Institute Of Bioengineering and Nanotechnology က သုတေသနပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ သေးငယ်တဲ့ Sensor တစ်မျိုးကပ်ထားတဲ့ ပါးလွှာတဲ့ စက္ကူသို့မဟုတ် Plastic Paper တစ်မျိုးကို ထွင်နိုင်ခဲ့ပြီး ဒါကို တာရှည်အိပ်ရာက မထနိုင်ဖြစ်နေတဲ့ လူနာတွေရဲ့အောက်မှာ



အခင်းအဖြစ် အသုံးပြုမှာဖြစ်ပြီး ဒီအခင်းတွေဟာ တစ်ခုခု စွန်းထင်းတာနဲ့ အလိုအလျောက် SMS ပို့နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူနာစောင့်သူတွေဟာ လူနာကို မလိုအပ်ဘဲ လှန်လှောကြည့်စရာမလိုတော့ဘူးလို့ဆိုပါတယ်။ ဒီအခင်းပေါ်လာတာဟာ သတိမေ့မျောနေတဲ့လူနာ၊ ဦးနှောက်ထိခိုက်ပြီး စကားမပြောနိုင် ဖြစ်နေတဲ့လူနာ၊ လေဖြတ်နေတဲ့လူနာတွေအတွက် အထူးသင့်တော်တာကြောင့် လူနာပြုစုရေးမှာ အထူးအထောက်အကူပြုမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



**ဆေးလိပ်အတုတွေကြောင့်လည်း ဆေးလိပ်စွဲနိုင်**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ E-Cigarette အကြောင်းပါ။ E-Cigarette ဟာ အကောင်းဆုံးဆေးလိပ်ဖြတ်နိုင်မယ့်နည်းဖြစ်ပြီး လူတွေကိုလည်း ၉၅ ရာခိုင်နှုန်းခန့် အန္တရာယ်ကင်းနိုင်တယ်လို့ ဗြိတိန်နိုင်ငံ အစိုးရကျန်းမာရေးဌာနက ကြေညာလိုက်ပါတယ်။ ဗြိတိန်နိုင်ငံ ပြည်သူ့ကျန်းမာရေးဌာနက ဦးဆောင်ပြုလုပ်ခဲ့တဲ့ လေ့လာမှုအရ ဆေးလိပ်ဖြတ်ချင်သူတွေအတွက် အကောင်းဆုံးနှင့် အကုန်အကျအနည်းဆုံး နည်းတစ်ခုဖြစ်ပြီး ဗြိတိန်နိုင်ငံက ဆေးလိပ်သောက်ခဲ့သူ ၂ ဒသမ ၆ သန်းဟာ E-Cigarette ရဲ့ အကူအညီနှင့် ဆေးလိပ်ဖြတ်နိုင်ခဲ့ပြီလို့ဆိုပါတယ်။ အမေရိကန်နိုင်ငံ University of Southern Califonia က လေ့လာမှုတစ်ခုမှာတော့ Nicotine အငွေ့အသက်ပါနေတဲ့ ဒီ E-Cigarette ကို သုံးစွဲမိတဲ့ လူငယ်တွေဟာ ဆေးလိပ်သောက်ချင်စိတ် သာမန်လူတွေထက် နှစ်ဆပိုများနိုင်တယ်။ ဒီ E-Cigarette ကို အန္တရာယ်ကင်းတယ်ဆိုပြီး သောက်နေတဲ့လူငယ်တွေဟာ ဆေးလိပ်သောက်သူတွေဖြစ်အောင် လမ်းဖွင့်ပေးနေသလို ဖြစ်တယ်လို့ဆိုထားပါတယ်။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အစီရင်ခံစာတစ်ခုမှာလည်း ဒီ E-Cigarette ကို အိမ်တွင်းနှင့် လူငယ်တွေကို အသုံးပြုဖို့ တင်းကျပ်စွာ စည်းကမ်းသတ်မှတ်သင့်တယ်လို့ ဖော်ပြထားပါတယ်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အစိုးရနှင့် အိန္ဒိယအစိုးရကတော့ ဒီ E-Cigarette သုံးစွဲမှုကို စည်းကမ်းတင်းကျပ်စွာထားနေဆဲပါ။ ဒီ E-Cigarette ဟာ နီကိုတင်းအငွေ့အသက်ပါနေတာကြောင့် ဆေးလိပ်မသောက်ဖူးသေးတဲ့ လူငယ်တွေအတွက် ဒါကိုစွဲလမ်းသွားကာ ဆေးလိပ်သောက်ချင်စိတ်ကို တွန်းပို့သလိုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



**အကြောက်လွန်ရောဂါကို ကာကွယ်နိုင်တဲ့ ipad Game**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အကြောက်လွန်ရောဂါလို့ လူသိများတဲ့ Schizophrenia ခေါ် စိတ်ရောဂါတစ်မျိုးကို ipad Game ကစားနည်းတစ်မျိုးနှင့် ရောဂါလက္ခဏာသက်သာအောင် စွမ်းဆောင်နိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကို လန်ဒန် Cambridge တက္ကသိုလ်က စိတ်ရောဂါဆရာဝန်တွေက ပြုလုပ်ခဲ့တာဖြစ်ပြီး Journal Philosophical Transactions of Royal Society B မှာ ဖော်ပြထားတာပါ။ စိတ်ရောဂါဆရာဝန် (Psychologist)၊ အာရုံကြောဆိုင်ရာ သိပ္ပံပညာရှင် (Neuroscientist) ကွန်ပျူတာဂိမ်းတီထွင်ပြီး စီးပွားရေးလုပ်နေတဲ့ (Professional Game-Developer)စတဲ့ ပညာရှင်အဖွဲ့တစ်ဖွဲ့ဟာ ကိုးလကြာ စုပေါင်းဆွေးနွေးပြီး Wizard လို့ အမည်ပေးထားတဲ့ i pad Game တစ်ခုကို တီထွင်ခဲ့ကြပါတယ်။ ဒီ Game ကို Schizoprenia စိတ်ရောဂါခံစားနေရသူ ၂၂ ဦးကို တစ်ပတ်မှာ ရှစ်နာရီကြာ လေးပတ်တိတိ ကစားစေခဲ့ပါတယ်။ ဒီလိုကစားခိုင်းပြီး ကျန်တဲ့ ဒီလို Game မကစားဘဲရောဂါရှိတဲ့ အုပ်စုနှင့် ယှဉ်လိုက်တဲ့အခါ ကစားတဲ့ အုပ်စုမှာ ရောဂါလက္ခဏာသက်သာတဲ့အပြင် သူတို့ရဲ့ မှတ်ဉာဏ်စွမ်းအားပါ အထူးတိုးတက်လာတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီ i pad Game ကစားခြင်းကို မှတ်ဉာဏ်ကျဆင်းစေတဲ့ ဦးနှောက်ရဲ့ တခြားရောဂါရှိသူတွေကိုလည်း စမ်းသပ်ကြည့်ရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

# ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်နဲ့ ချယ်လ်ဆီးတို့ ချန်ပီယံလိဂ် ပွဲဦးထွက်မှာ မျက်နှာပန်း လှနိုင်ပါ့မလား

မိုးမြင့်လင်းလက်




ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)ကို စက်တင်ဘာ ၁၇ ရက်မှာ ဆက်လက် ယှဉ်ပြိုင်တဲ့အခါ ရိုးမားနဲ့ ဘာစီလိုနာ၊ အိုလံပီယာကို့စ်နှင့် ဘိုင်ယန်မြူးနစ်၊ ချယ်လ်ဆီးနဲ့ မက္ကာဘီတဲလ်အဗစ်စတဲ့ ပွဲတွေကို အားပေးကြရပါဦးမယ်။ ပြည်တွင်းလိဂ်ပွဲတွေ အကြိတ်အနယ် ယှဉ်ပြိုင်နေချိန်မှာ အရေးကြီးတဲ့ ချန်ပီယံလိဂ် အုပ်စုဖွင့်ပွဲစဉ်တွေကို ဆင်နွှဲရမှာမို့ ကစားသမားတွေ စိတ်ပမ်းလူပန်းဖြစ်နေကြမယ့် အချိန်ပါပဲ။ ဒါပေမယ့် ချန်ပီယံလိဂ်မှာ မှတ်တမ်းကောင်းတွေ ကျန်ရစ်ဖို့အတွက် အသင်းတိုင်း အားထုတ်ကြမှာမို့ ရင်ခုန်စွာ အားပေးရဦးမယ့်ပွဲတွေပဲ ဖြစ်ပါတယ်။

**ရိုးမားနှင့်ဘာစီလိုနာ**

အုပ်စု(E)မှာ ထိပ်သီးနှစ်သင်းဆုံတွေ့တဲ့ပွဲ ဖြစ်ပါတယ်။ ရာသီအစကတည်းက ခြေစွာနေတဲ့ရိုးမားဟာ လာလီဂါဘုရင် ဘာစီလိုနာကို အိမ်ကွင်းမှာ အကောင်းဆုံးဗျူဟာခင်းကျင်းပြီး ရင်ဆိုင်ရပါလိမ့်မယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ ရလဒ်ကို ကြည့်ရင်တော့ ဘာစီလိုနာတို့က အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ နှစ်သင်းလုံးရဲ့ လက်ရှိ ခြေစွမ်းကိုကြည့်ရင် အားရစရာတော့ မရှိပေမယ့် အရေးကြီးတဲ့ ပွဲစဉ်တွေတိုင်း ခြေပေါ်အောင် ကစားနိုင်တဲ့အသင်းတွေ ဖြစ်တာမို့ ဒီပွဲမှာ အိမ်ရှင်ကို ကြိုက်ပေမယ့် ဘာစီလိုနာရဲ့ အသင်းလိုက်ကစားအားက ဒီပွဲရလဒ်ကို ပုံဖော်သွားပါလိမ့်မယ်။

**အိုလံပီယာကို့စ်နှင့် ဘိုင်ယန်မြူးနစ်**

ဂရိကလပ်အိုလံပီယာကို့စ်ဟာ ဘိုင်ယန်မြူးနစ်ကို ခြေရည်တူကစားနိုင်ဖို့ တော်တော်လေးရုန်းကန်ရမှာ ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်တို့ဟာ အုပ်စု(F)မှာတော့ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်တက်ဖို့ ရေပန်းစားနေတဲ့ အသင်းဖြစ်ပါတယ်။ လောလောဆယ်မှာ ဂိုးပြတ်တွေသွင်းပြီး နိုင်ပွဲဆက်နေတဲ့ ဘိုင်ယန်မြူးနစ်ဟာ အဝေးကွင်းဆိုပေမယ့် အိုလံပီယာကို့စ်တို့ကို အနိုင်ကစားပြီး သုံးမှတ်အပြည့်ယူဖို့ ကြိုးစားပါလိမ့်မယ်။

**ဒိုင်နမိုဇာဂရက်နှင့်အာဆင်နယ်**

အုပ်စု(F)မှာတော့ အာဆင်နယ်တို့ နောက်တစ်ဆင့်တက်ရေးအခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဒိုင်နမိုဇာဂရက်နဲ့ အာဆင်နယ်တို့ နောက်ဆုံး တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာတော့ အာဆင်နယ်က အနိုင်ရထားပါတယ်။ ဒီနှစ် ခရိုအေးရှားလိဂ်မှာတော့ ရှစ်ပွဲကစားပြီးချိန်မှာ တန်းစီဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ ဒိုင်နမိုဇာဂရက်ကို အာဆင်နယ်တို့ ခြေကုန်ဖွင့်ကစားရမှာဖြစ်ပြီး လက်ရှိခြေစွမ်းအရ ဒီပွဲမှာတော့ အမှတ်ခွဲယူရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။

**ဒိုင်နမိုကိဗ်နှင့်ပေါ်တို**

နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ ဂိုးမရှိ သရေပွဲဖြစ်ထားပြီး ယူကရိန်းလိဂ်မှာတော့ ဒိုင်နမိုကိဗ်တို့က ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ အုပ်စု(G)မှာတော့ ပေါ်တိုတို့ နောက်တစ်ဆင့်တက်ရေး အခြေအနေကောင်းနိုင်ပါတယ်။ ယူကရိန်းကလပ်ဒိုင်နမိုကိဗ်က အိမ်ကွင်းမှာ ခြေစွာတဲ့အပြင် ပြိုင်ဘက်တွေကို အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိပါတယ်။ ပေါ်တိုဟာခြေစွမ်းမတည်ငြိမ်သလို တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ အခုပွဲမှာ အိမ်ရှင်တို့ အခွင့်အရေး သာသွားနိုင်ပါတယ်။

**ချယ်လ်ဆီးနှင့်မက္ကာဘီတဲလ်အဗစ်**

ရှုံးပွဲတွေတွေ့နေရတဲ့ ချယ်လ်ဆီးတို့အတွက် ချန်ပီယံလိဂ်မှာ အဲဒီ ဝေဖန်ပြစ်တင်မှုတွေ ဖယ်ရှားနိုင်မလား ကြည့်ရမှာပါ။ ပရီမီယာလိဂ်မှာ ရလဒ် တွေကမောက်ကမဖြစ်နေတဲ့ ချယ်လ်ဆီးကို အစ္စရေးကလပ်မက္ကာဘီတဲလ်အဗစ်တို့ ဘယ်လိုရင်ဆိုင်မယ်ဆိုတာ စိုးရိမ်စရာပါပဲ။ ကျားနာဖြစ်နေတဲ့ ချယ်လ်ဆီးဟာ အခုပွဲအိမ်ကွင်းလည်းဖြစ်တာမို့ နည်းပြ မော်ရင်ဟိုဟာ အကောင်းဆုံးအခင်းအကျင်းနဲ့ ပွဲထွက်ဖို့ စီစဉ်မှာဖြစ်တာကြောင့် ဒီပွဲမှာ ချယ်လ်ဆီးတို့ နိုင်ပွဲကိုရအောင် အပြင်းအထန်ပုံဖော်ပါလိမ့်မယ်။ ချယ်လ်ဆီး ပရိသတ်တွေအတွက် ကျေနပ်စရာရလဒ်ကို ဆောင်ကြဉ်းပေးပါလိမ့်မယ်။

---




## အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရတဲ့မော်ရင်ညို

မော်ရင်ညိုရဲ့ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ရာသီအစမှာ အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ စနေနေ့က မော်ရင်ညိုရဲ့ချယ်လ်ဆီးအသင်းဟာ အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားပြီးနောက် နည်းပြမော်ရင်ညိုဟာ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဗာတန်ကစားသမား စတီဗင်နိုင်စမစ်ရဲ့ ဟက်ထရစ်ဂိုးသွင်းယူမှုကြောင့် မော်ရင်ညိုရဲ့ ချယ်လ်ဆီးအသင်းဟာ အရှုံးနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ ဒီရှုံးနိမ့်မှုဟာ သုံးပွဲဆက်တိုက်ရှုံးနိမ့်မှုဖြစ်ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းရာသီအစမှာ ရှုံးနိမ့်မှုဟာ အဆိုးရွားဆုံးပဲလို့ ဘောလုံးကျွမ်းကျင်သူတွေက ဆိုပါတယ်။ မော်ရင်ညိုကတော့ ဒီလိုအပြစ်တင်ပြောဆိုမှုတွေကို လက်မခံနိုင်ဘူးလို့ ဆိုပါတယ်။ သူတို့ဟာ ပရီမီယာလိဂ်ရဲ့ ချန်ပီယံဖြစ်တယ်။ သူ့ကစားသမားတွေဟာ ချန်ပီယံကစားသမားတွေပါ။ ချန်ပီယံဖြစ်နေဆဲပါလို့ နည်းပြ မော်ရင်ညိုက ဆိုပါတယ်။ သူ့အနေနဲ့ ကစားသမားတွေကို ဒီလိုရလဒ်ကြောင့် ဖိအားပေးမှာ မဟုတ်သလို ဝေဖန်အပြစ်ပြောဆိုနေမှုများကိုလည်း လက်ခံမှာမဟုတ်ဘူးလို့ မော်ရင်ညိုက ဆိုပါတယ်။ တကယ်တော့ ဒီပွဲဟာ ထူးခြားတဲ့ ပြိုင်ပွဲတစ်ပွဲပါ။ ချယ်လ်ဆီးက အဲဗာတန်နောက်တန်းကစားသမားဂျွန်စတုန်းကို ခေါ်ယူဖို့ လေးကြိမ်တိုင်တိုင် ကြိုးစားခဲ့ပါတယ်။ ဒီပွဲမှာ ဂျွန်စတုန်းကလည်း မော်ရင်ညိုရဲ့ တိုက်စစ်မှူးတွေ ကန်သွင်းခွင့်မရအောင် အပြတ်အသတ် ခြေစွမ်းပြကစားခဲ့တာပါ။ ဒီအတွက်ကြောင့်လည်း အဲဗာတန်အသင်းဟာ ခံစစ်အားကောင်းနေတဲ့အတွက် သွင်းဂိုးမရဘဲ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်လို့ ဆိုပါတယ်။

## မာရှယ်ကို ချီးကျူးမစောဖို့ ဗန်ဟားလ်ဆို

မကြာသေးမီက ပြင်သစ် မိုနာကိုကလပ်မှခေါ်ယူခဲ့တဲ့ လူငယ်တိုက်စစ်မှူး အန်ထော်နီမာရှယ်ကို ချီးမွမ်းမစောဖို့ နည်းပြဗန်ဟားလ်က မန်ယူ ပရိသတ်တွေကို သတိပေးပြောဆိုလိုက်ပါတယ်။ ဆယ်ကျော်သက် ပြင်သစ်ကစားသမားမာရှယ်က စနေနေ့က လီဗာပူးကို မန်ယူက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ဒီအတွက် မန်ယူပရိသတ်တွေ အနေနဲ့ မာရှယ်ကို ချီးကျူးနေကြပါတယ်။ သို့ပေမယ့် နည်းပြဗန်ဟားလ်ကတော့ ချီးကျူးမစောဖို့ ပြောဆိုလိုက်ပါတယ်။ မာရှယ်ဟာ အလွန်ငယ်ပါသေးတယ်။ အတွေ့အကြုံတွေ လိုအပ်နေဆဲပါ။သူ့ကိုအလွန်မချီးကျူးကြပါနဲ့လို့ ဗန်ဟားလ်က ဆိုပါတယ်။ ပြင်သစ်ဆယ်ကျော်သက် တိုက်စစ်မှူး မာရှယ်ကို မန်ယူက ပြင်သစ်ကလပ်မိုနာကိုမှ ပေါင် ၃၆ သန်းနဲ့ ခေါ်ယူခဲ့တာပါ။ လူငယ်ကစားသမားတွေထဲမှာတော့ ဈေးအကြီးဆုံး ကစားသမားဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ မန်ယူကစားသမားတွေ အပြောင်းအလဲလုပ်လိုက်တဲ့အတွက် နိုင်ပွဲတွေ စတင်ရရှိလာပါတယ်။ ဒီအတိုင်း ခြေစွမ်းတည်တည်ငြိမ်ငြိမ်နဲ့ ကစားနိုင်မယ်ဆိုရင်တော့ ဖလားရနိုင်တဲ့အနေအထားသို့ ပြန်ရောက်လာနိုင်တယ် လို့ နောက်တန်းကစားသမားဟောင်း ဖာဒီနန်က ဆိုပါတယ်။







## လာလီဂါမှာ သူတို့ အပြိုင်ဂိုးသွင်းကြပြီ

စပိန်လာလီဂါမှာ ဂိုးသွင်းဘုရင်တွေဖြစ်တဲ့မက်ဆီနဲ့ စီရော်နယ်ဒိုတို့ဟာ ရာသီအစကတည်းက ဂိုးတွေမသွင်းကြလို့ ပရိသတ်တွေ သံသယဖြစ်နေကြပါတယ်။ အခုအခါမှာတော့ ဒီသံသယတွေဟာ အဆုံးသတ်သွားခဲ့ပါပြီ။ သူတို့နှစ်ယောက်ဟာ ပြီးခဲ့တဲ့နှစ်က စပိန်လာလီဂါမှာ ဂိုးအများဆုံးသွင်း ယူခဲ့ကြတဲ့ တိုက်စစ်မှူးတွေပါ။ သို့ပေမယ့် ရာသီအစမှာ ဂိုးမသွင်းနိုင်ကြတဲ့ အတွက် ပရိသတ်တွေက သံသယပွားစရာ ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့က ရီးရဲမက်ဒရစ်က အယ်လ်ပန်ညိုကို ခြောက်ဂိုးပြတ်အနိုင်ရတဲ့ပွဲမှာ စီရော်နယ်ဒိုတစ်ဦးတည်း ငါးဂိုးသွင်းယူခဲ့ပါတယ်။ စီရော်နယ်ဒိုဟာ ပထမပိုင်း ၁၉ မိနစ်အတွင်းမှာပဲ ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီလိုပါပဲ။ ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ပွဲမှာလည်း မက်ဆီဂိုးစသွင်းပြီဖြစ်ပါတယ်။ ဘာစီလိုနာက ဒီပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ရာမှာ မက်ဆီနဲ့နေမာတို့က ဂိုးတွေသွင်းယူခဲ့ကြတာပါ။ စပိန်လာလီဂါမှာ စီရော်နယ်ဒိုရော မက်ဆီပါ ဂိုးတွေ အပြိုင်သွင်းယူကြပြီဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာတော့ စီရော်နယ်ဒိုက မက်ဆီထက် ဂိုးတွေ ပိုသွင်းလိမ့်မယ်လို့ ရီးရဲမက်ဒရစ်နည်းပြဟောင်း အန်ဆယ်လော့တီက မကြာမီက ခန့်မှန်းပြောကြားခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

# မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ သက်တမ်းတိုးကွင်းဆင်းဆောင်ရွက်



**ညောင်ဦး စက်တင်ဘာ ၁၄**

ညောင်ဦးမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၏ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများကို အကုန်အကျသက်သာပြီး အချိန်တိုအတွင်း အလွယ်တကူဆောင်ရွက်နိုင်ရန် မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများက စက်တင်ဘာ ၁၂ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများက ကျောက်ပန်းတောင်းမြို့ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန၊ အာမခံလုပ်ငန်း၊ ညောင်ဦးမြို့စည်ပင်သာယာရေးအဖွဲ့နှင့် ယာဉ်လုပ်ငန်းကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့များနှင့်ပူးပေါင်းကာ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတောင်ဘက်စောင်းတန်းအနီးကွင်းပြင်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များသက်တမ်းတိုးခြင်းကို နေ့ချင်းပြီးကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပြီး မော်တော်ယာဉ် ၈၆ စီး၊ မော်တော်ဆိုင်ကယ် ၂၇ စီးနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ရှစ်စောင်ကို သက်တမ်းတိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် အခွန်စည်းကြပ်ငွေကျပ် ၃၃ သိန်းကျော် ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးများကို ကွင်းဆင်းဆောင်ရွက်ပေးသဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့်လည်း လူမပင်ပန်းခြင်း၊ ငွေကုန်ကြေးကျ သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်းတို့ကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်ဆွေးနွေး

**မုံရွာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ကဏ္ဍအသီးသီးတွင် ရုရှား-မြန်မာချစ်ကြည်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံညှိနှိုင်းပွဲကို မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံညှိနှိုင်းပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးဇော်က စစ်ကိုင်းတိုင်းဒေသကြီး၏ မြေမျက်နှာသွင်ပြင်အနေအထား၊ လူဦးရေ၊ မြေယာအသုံးချမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ဒေသဆိုင်ရာအချက်အလက်များကို ရုရှား မြန်မာချစ်ကြည်ရေးအဖွဲ့မှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြကာ ရုရှား-မြန်မာချစ်ကြည်ရေးအဖွဲ့မှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။



တွေ့ဆုံညှိနှိုင်းပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ ရုရှား-မြန်မာချစ်ကြည်ရေးအဖွဲ့မှ Mr. Bulochnikoz Anataly ဦးဆောင်သော အဖွဲ့ဝင်များ၊ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ နည်းပညာတက္ကသိုလ် (မုံရွာ)တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးဦးစီးမှူးများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ရုရှား-မြန်မာချစ်ကြည်ရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘုတလင်မြို့နယ် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့လည်း သွားရောက်လေ့လာခဲ့ပြီး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက်တွင်လည်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**မိုးချမ်း(မုံရွာ)**

# ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားမှုရှင်းလင်း

**ကျောက်ဖြူ စက်တင်ဘာ ၁၄**

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန် ပြည်သူများက အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန် ဦးစီးဌာနအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရေးအထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ကျောက်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်မှစ၍ ရုံးဖွင့်လှစ်ပြီး ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။

အဆိုပါရုံးတွင် ကျောက်ဖြူမြို့ လူမှုရေးအဖွဲ့အစည်းများ ၊ မြို့မိမြို့ဖများ၊ လူငယ်အဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့များအား ဖိတ်ခေါ်၍ စက်တင်ဘာ ၁၂ ရက်က OSS ရုံး ဖွင့်လှစ်ရခြင်းနှင့် ရုံးတွင်လုပ်ကိုင်ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများ တစ်ခုချင်းကို ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွင် ပါဝင်သည့်ဌာန ၁၀ခုမှ ဌာနတစ်ခုချင်းအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ပြည်သူဝန်ဆောင်မှုရုံး OSS တွင် လုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# MECTel ၏ ရွှေမေတ္တာအစီအစဉ်ကို သုံးခြင်းဖြင့် ဖုန်းခေါ်ဆိုခနှင့် အင်တာနက်အသုံးပြုခ ပိုမိုသက်သာနိုင်

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ MECTel ဖုန်းများတွင် ဩဂုတ် ၁၈ ရက်က စတင်ပြုလုပ်ပေးထားသည့် ရွှေမေတ္တာအစီအစဉ်ကို ရယူသုံးစွဲခြင်းဖြင့် အသုံးပြုသူများမှ ဖုန်းခေါ်ဆိုခနှင့် အင်တာနက်အသုံးပြုခများ ပုံမှန်ထက် သက်သာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

MECTel ဖုန်းများ၏ ဖုန်းခေါ်ဆိုခနှင့် အင်တာနက်အသုံးပြုခများကို ဩဂုတ် ၁၂ရက်က စတင်လျှော့ချလိုက်သည်။ ပုံမှန်အင်တာနက်သုံးခ တစ်မိနစ်လျှင် လေးကျပ်မှ သုံးကျပ်နှုန်းသို့ လျှော့ချခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၁၈ ရက်တွင် စတင်ခဲ့သည့် ရွှေမေတ္တာအစီအစဉ်တွင် Diamond Package ကို ရယူပါက အသုံးပြုသူများအနေဖြင့် တစ်မိနစ်လျှင် ၂၀ကျပ်နှုန်းဖြင့် ခေါ်ဆိုနိုင်မည်ဖြစ်ရာ ဖုန်းခေါ်ဆိုခ ပိုမိုသက်သာမည် ဖြစ်သည်။ လက်ရှိဈေးကွက်အတွင်း အခြားအော်ပရေတာများ၏ ဖုန်းခေါ်ဆိုခနှုန်းထားမှာ အော်ရီဒူးက ၂၀ကျပ်၊ MPT က ၂၃ ကျပ်၊ တယ်လီနောက အချင်းချင်းခေါ်ဆိုခ ၁၈ ကျပ်နှင့် အခြားဖုန်းများသို့ ၂၃ ကျပ်ဖြစ်ရာ MECTel ဖုန်းများမှာလည်း ရွှေမေတ္တာအစီအစဉ်ကို ရယူခြင်းဖြင့် အနည်းဆုံးခေါ်ဆိုခဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

ရွှေမေတ္တာအစီအစဉ်ကိုရယူလျှင် အင်တာနက်အသုံးပြုခကို လက်ရှိကောက်ခံ သည့် တစ်မိနစ်သုံးကျပ်နှုန်းအစား ဒေတာအပေါ်ကောက်ခံသည့် တစ်မီဂါဘိုက်လျှင် ခြောက်ကျပ်နှုန်းဖြင့် ကောက်ခံမည် ဖြစ်သည်။ အချိန်ဖြင့် ကောက်ခံသည့်စနစ်ကို မြန်မာနိုင်ငံတွင် လူကြိုက်များသဖြင့် အသုံးပြုသူအများစုက ရွှေမေတ္တာအင်တာနက်ကို လတ်တလောတွင် အကြိုက်မတွေ့သေးသော်လည်း အင်တာနက်သုံးခမှာ အချိန်ဖြင့်ကောက်ခံခြင်းထက် ပိုမိုသက်သာမည်ဖြစ်သည်။ ထို့အပြင် တစ်မီဂါဘိုက်လျှင် ခြောက်ကျပ်နှုန်းမှာ ရွှေမေတ္တာအစီအစဉ်၏ ပုံမှန်နှုန်းထားသာဖြစ်ပြီး Package Plan များကို ရယူပါက တစ်မီဂါဘိုက်လျှင် လေးကျပ်နှုန်းအထိ လျော့ကျသွားမည်ဖြစ်ရာ အသုံးပြုသူများအတွက် မိနစ်ဖြင့်ကောက်ခံသည်ထက်ပို၍ ထိုက်တန်သော နှုန်းထားများဖြစ်သည်။

MPT ၏ ဆွေသဟာအစီအစဉ်က ပုံမှန်အားဖြင့် တစ်မီဂါဘိုက်လျှင် ခုနစ်ကျပ်ခွဲနှုန်းရှိကာ Package Plan များရယူပါကခြောက်ကျပ်ခွဲနှုန်း၊ တယ်လီနောက ပုံမှန်အနေဖြင့် တစ်မီဂါဘိုက်လျှင် ငါးကျပ်နှုန်းနှင့် ဖုန်းခေါ်ဆိုခလျှော့ထားသည့် စူပါပွားအစီအစဉ်တွင် ပါဝင်သည့် စမတ်အင်တာနက်က ခြောက်ကျပ်နှုန်း၊ အော်ရီဒူး၏ ဖလန်းဖလန်းအင်တာနက် အစီအစဉ်က ပုံမှန်တစ်မီဂါဘိုက်လျှင် ခြောက်ကျပ်နှုန်း နှင့် Package Plan များဖြင့်ဆိုပါက သုံးကျပ်နှုန်းခန့်ရှိရာ MECTel ၏ ရွှေမေတ္တာအစီအစဉ်အရ ရရှိမည့် တစ်မီဂါဘိုက်လျှင် လေးကျပ်နှုန်းမှာ အခြားအော်ပရေတာများ၏ အင်တာနက်သုံးခများနှင့် နှိုင်းယှဉ်လျှင်လည်း အသုံးပြုသူများအတွက် ထိုက်တန်သည့် နှုန်းထားများ ဖြစ်သည်ကို တွေ့ရှိရသည်။

ရွှေမေတ္တာအစီအစဉ်ကို စတင်ပြုလုပ်သည့် ဩဂုတ် ၁၈ရက်မှစက်တင်ဘာ




၁၀ ရက်အထိ အချိန်အတွင်း MECTel ဖုန်းကို သုံးစွဲနေသူပေါင်း လေးသန်းခန့်အနက် လေးသိန်းခန့်မှာ ရွှေမေတ္တာအစီအစဉ်ကို ရယူသုံးစွဲထားပြီးဖြစ်ကြောင်းလည်း သိရသည်။

MECTel သည် ဖုန်းအသုံးပြုသူများ အဆင်ပြေစေရေးအတွက် ဖုန်းခေါ်ဆိုခနှင့် အင်တာနက်သုံးစွဲခ လျှော့ချခြင်း၊ ပိုမိုသက်သာသော ရွှေမေတ္တာအစီအစဉ်ကို ပြုလုပ်ပေးခြင်းတို့အပြင် ရေဘေးသင့်ဒေသများတွင် အခမဲ့ဖုန်းခေါ်ဆိုနိုင်သည့် အစီအစဉ်ကိုလည်း ပြုလုပ်ပေးထားကြောင်း သိရသည်။

ချင်းပြည်နယ်တွင် ဟားခါးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟင်္သာတ၊ သာပေါင်း၊ ညောင်တုန်း၊ အင်္ဂပူနှင့် ဇလွန်မြို့နယ်များ၌ ရေဘေးသင့်ပြည်သူများ၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးသွားရောက်ဆောင်ရွက်သူများ ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် MECTel ဖုန်းအချင်းချင်း ခေါ်ဆိုပါက အခမဲ့ခေါ်ဆိုနိုင်ခွင့်ပြုထားသဖြင့် ၄င်းဒေသများရှိ ပြည်သူများ၊ စေတနာရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးပရဟိတ အဖွဲ့အစည်းများအနေဖြင့် အခမဲ့ဖုန်းခေါ်ဆိုနိုင်သည့်အပြင် ဖုန်းခကုန်၍ ဆက်သွယ်မှုပြတ်တောက်သွားခြင်း ၊ ငွေဖြည့်ရခြင်းများ မရှိသည့်အတွက် အလွန်ကောင်းမွန်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်နေပြီး ၄င်းဒေသများအတွက် များစွာအကျိုးရှိသည်ဟု သိရသည်။

ထို့အပြင် ရေဘေးသင့်ဒေသများမှ ပြည်သူများ၏ ဆက်သွယ်ရေး အဆင်ပြေစေရေးအတွက် MECTel ဆင်းကတ်နှင့် ဟန်းဆက်များကိုလည်း MECTel မှ အခမဲ့ဖြန့်ဝေပေးခဲ့ရာ ဩဂုတ် ၁၈ရက်တွင် ညောင်တုန်းမြို့မှ ဒေသခံပြည်သူများထံသို့လည်းကောင်း ၊ ဩဂုတ် ၂၀ရက်တွင် သာပေါင်းမြို့မှ ဒေသခံပြည်သူများထံသို့လည်းကောင်း အခမဲ့ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လဆန်းက မြန်မာနိုင်ငံအနှံ့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာတွင် ရေဘေးသင့်ဒေသအချို့မှာ ဆက်သွယ်ရေးအခက်အခဲ ကြုံတွေ့ခဲ့ရစဉ် MECTel ဖုန်းများကြောင့် ဒေသခံပြည်သူများနှင့် ကယ်ဆယ်ရေးအဖွဲ့များ အဆက်အသွယ်မပြတ် ချိတ်ဆက်နိုင်ခဲ့ပြီး ဝေးလံခေါင်းပါးသော ဒေသများတွင် အခြားမရှိ MECTel ရှိနေခဲ့သည်ကို တွေ့ရှိရသည်။ ချင်းပြည်နယ်အတွင်း၌ ဖလမ်း၊ ဟားခါး၊ မင်းတပ်နှင့် မတူပီမြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ကလေးနှင့် ရွှေဘိုမြို့နယ်များ ၊ မကွေးတိုင်းဒေသကြီးတွင် ရေစကြို၊ ပွင့်ဖြူနှင့် မင်းဘူးမြို့နယ်များ၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ အမ်း၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များမှာ အခြားအော်ပရေတာများမှ ဝန်ဆောင်မှု မပေးနိုင်သေးသော ဒေသများဖြစ်ရာ MECTel ဖုန်းများဖြင့် အဓိကထား ဆက်သွယ်ခဲ့ရပြီး MECTel ဖုန်းလိုင်းများကောင်းမွန်နေခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ MECTel ၏ ရွှေမေတ္တာအစီအစဉ်ကို ရယူသုံးစွဲရန်အတွက် နံပါတ် ၂၃၃ သို့ SMT ဟု အခမဲ့ SMS ပေးပို့ခြင်းဖြင့် ရယူသုံးစွဲနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ

## ကမ္ဘောဇဘဏ်လီမိတက် အား

EUROMONEY AWARDS FOR EXCELLENCE 2015

## " Best Bank in Myanmar - 2015 "

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (UMFCCI)



### ဖခင်အမည်မှန်

လားရှိုးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဇော်တူး (ကဝ-၆၈၅၉)၏ ဖခင်အမည်မှန်မှာ ဦးလောင်ခေါင်(ခ)ဦးဟူခေါင် ၁၃/ကမန(နိုင်)၀၃၈၃၈၃ ဖြစ်ပါသည်။



### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊မြေကွက်အမှတ် ၂၇၉၊ မြေကွက်တည်နေရာအမှတ် ၂၇၉၊ ဧရာဝတီလမ်း၊ ၁၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(ဦးစိုးမြင့်) ALN/၀၀၈၂၈၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမြင့် ၁၂/ရကန(နိုင်)၀၃၇၇၅၄မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**အမည်မှန်**

ဦးချစ်ဝင်း-ဒေါ်အမာစိန်တို့၏သမီး မဘိမ်းမြို့နယ် ငါးအို အထကကျောင်း တက္ကသိုလ်ဝင်တန်း(ဂ)မှ မစုစုနိုင်၏အမည်မှန်မှာ မစုစုခိုင် ဖြစ်ပါကြောင်း။

မစုစုခိုင်



### ဝန်ထမ်းအလိုရှိသည်

(၁) Sales & Marketing M/F (2)Post
Any Graduate/AGTI(Civil), လုပ်ငန်းအတွေ့အကြုံ(၂)နှစ်

(၂) Specification Engineer M/F (1)post
BE (Civil)/B,Tech (Civil), လုပ်ငန်းအတွေ့အကြုံ(၂)နှစ်

ဝါးခယ်မမြို့နေ (ဦးအေး-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးပု-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ဒေါက်တာဦးထွန်းရီ(မျက်စိအထူးကုဆရာဝန်ကြီး၊ စင်ကာပူ)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းကြည်(အကြံပေး၊ မြဝတီဘဏ်)၊ (ဒေါ်တင်ဦး)တို့၏ ညီမ၊ ဦးမျိုးနိုင်၊ ဒေါ်ခင်မြင့်ကြည်(စင်ကာပူ)၊ ဒေါ်ခင်မြင့်ရည်၊ ဦးကြည်ဝင်း၊ ဒေါ်ရူပ၊ ဦးဝေမြင့်၊ ဒေါ်ခင်သန်းအေးတို့၏အစ်မ၊ ဦးအောင်မော်ဟိန်း၊ ဒေါက်တာကေသီထွန်း(စင်ကာပူ)၊ ဦးဝင်းဗိုလ်၊ ဒေါ်နွယ်နီထွန်း(ILBC)တို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၂-၉-၂၀၁၅ရက် (စနေနေ့) စင်ကာပူစံတော်ချိန် ညနေ ၃း၄၅ နာရီတွင် စင်ကာပူနိုင်ငံ Changi General Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးစိန်လှိုင်(ငြိမ်း)

**အမှတ်စဉ်-၃၁(ကြည်း)၊ ၁၀၄၀၀ OTS**
**(သူရဲကောင်းမှတ်တမ်းဝင်) မန်နေဂျာ(ပပဝင်းရုပ်ရှင်ရုံ)ရုပ်ရှင်လုပ်ငန်း(ငြိမ်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ် ၁၉၀/၁၉၂၊ အခန်း ၃၀၂၊ လေးလွှာ(A) နေ (ဦးစံငြိမ်း-ဒေါ်အေးတင်)တို့၏သား၊ (ဦးဆန်နီ-ဒေါ်နှင်းမေ)တို့၏သားသမက်၊ ဒေါ်ခင်လေးဝေ(ဝင်နီ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ပပလှိုင်၊ ဦးမင်းဇော်လှိုင်၊ ဒေါ်ခိုင်စပယ်လှိုင်တို့၏ဖခင်သည် ၁၃-၉-၂၀၁၅ရက် နံနက် ၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၁၅ရက်(စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစန်း(မြိတ်/ကန်တော်ကလေး)

**AGTI(Civil) လက်ထောက်အင်ဂျင်နီယာ**
**(မြေစမ်း ဌာန) ဆောက်လုပ်ရေး**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ အမှတ် ၈၇၊ ၉၄လမ်းနေ (ဦးဘိုးကြူ-ဒေါ်ကြင်ရွှေ)တို့၏သား၊ ဦးသိုင်းကြူ(စက်ရုံမှူး၊ ငြိမ်း)MEPE-ဒေါ်ကြူကြူ၊ (ဦးအောင်လွင်၊ အလုပ်ရုံခွဲမှူး၊ ငြိမ်း၊ မီးခြစ်စက်ရုံ)-ဒေါ်မြမြဝင်း၊ ဒေါ်မြစိန်(လ/ထ၊ မန်နေဂျာ၊ ငြိမ်း၊ ပုလဲနှင့်ရေလုပ်ငန်း)၊ ဦးကြင်ဆိုင်(ဒု-စက်ရုံမှူး၊ ငြိမ်း၊ စက်မှု-၁၊ စားကုန်)၊ (ဒေါ်ရီရီ) အထက-၆၊ဗိုလ်တထောင်၊ ငြိမ်း၊ ဦးစိန်ဝမ် (Ex သတ္တုပစ္စည်းလုပ်ငန်း၊ စက်မှု-၁)တို့၏ ညီ/မောင်၊ ဦးမြင့်သီ-ဒေါ်မြင့်မြင့်စိန် (Ex က·စ·လ)၊ ဦးဝင်းကြူ-ဒေါ်စန္ဒာဦးတို့၏အစ်ကို၊ တူ၊ တူမ ၁၆ယောက်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘကြီး၊ အဘိုး၊ ဘိုးဘိုးကြီးသည် ၁၃-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးစန်း(မြိတ်/ကန်တော်ကလေး)

**AGTI(Civil) လက်ထောက်အင်ဂျင်နီယာ**
**(မြေစမ်း ဌာန) ဆောက်လုပ်ရေး**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ အမှတ် ၈၇၊ ၉၄လမ်းနေ (ဦးဘိုးကြူ-ဒေါ်ကြင်ရွှေ)တို့၏သား၊ ဦးအောင်မင်း-ဒေါ်အေးအေးစန်း၊ (ဦးရဲမြင့်အောင်)၊ ဦးစိုင်းလင်းဦး-ဒေါ်ဂျက်ကီ(ခ)ဒေါ်တင်ယုလွင် (ခေတ္တ-ဩစတြေးလျ)၊ ဦးစိုင်းမင်းဦး၊ ဦးမင်းမင်း(ခေတ္တ-စင်ကာပူ)-ဒေါ်ခင်မျိုးလွင်၊ ဦးအောင်ဝင်း-ဒေါ်မေမျိုးလွင်(ခေတ္တ-USA)၊ (ဦးအောင်ဇော်ဇော်မိုး)-ဒေါ်စန်းစန်းယု၊ ဦးကျော်လင်းသူ၊ ဦးမြတ်သူ-ဒေါ်လတ်လတ်ဝင်း(ခေတ္တ-စင်ကာပူ)၊ ဒေါ်ဖြူနှင်းအေး(ခေတ္တ-စင်ကာပူ)၊ ဦးအောင်သူဖြိုး(ခေတ္တ-စင်ကာပူ)၊ မောင်ပြည့်စုံဝင်း(ခေတ္တ-စင်ကာပူ)တို့၏ဦးလေး၊ ဘကြီး၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၃-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၅ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စောမေ (တောင်ကြီး)**
**အသက် (၉၁)နှစ်**

ဒေါက်တာသန်းနိုင်စိုး (1984 Veterinary Surgeon) ရပ်စောက်မြို့၏မိခင် ဒေါ်စောမေ(တောင်ကြီး)သည် ၁၁-၉-၂၀၁၅ရက် ညနေ ၆နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1984 ဘွဲ့ရ တိ/ကု ဆရာဝန်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ကိုလေးဖြူ၊ ကိုအငဲတို့၏ မိခင်ကြီး ဒေါ်မေ (ခ)ဒေါ်စောမေ အသက် (၉၁)နှစ်သည် (၁၁-၉-၂၀၁၅) သောကြာနေ့တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုဝင်များနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**IRONCROSS ညီအစ်ကိုများ**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း (၁၅-၉-၂၀၁၅)

**ဦးထွန်းဖေ၊ ပြင်ဦးလွင်မြို့**
**အသက် (၈၄)နှစ်**

မိသားစုဘဝထဲက ခွဲခွာသွားတာတစ်နှစ်ပြည့်ပြီဖြစ်သဖြင့် ဖေကြီးအတွက်ရည်စူးပြီး ပြုနေကြကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါ၏။ ကျေးဇူးရှင်ဖေကြီးမြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး-ဒေါ်သန်းညွန့်နှင့်သားသမီးမြေးများ**
**သုမင်္ဂလာရပ်၊ ပြင်ဦးလွင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်အောင် (ကျိုက်လတ်)**
**(ဂုဏ်ထူးဆောင်နာယက၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)**
**အသက် (၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဦးတင်အောင်သည် ၁၁-၉-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဂေါပကအဖွဲ့**
**ကျိုက္ကစံစေတီတော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်အောင် (ကျိုက်လတ်)**
**(ဂုဏ်ထူးဆောင်နာယက၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)**
**အသက် (၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဦးတင်အောင်သည် ၁၁-၉-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်ကြည်ကြည်မိသားစု**
**ဆင်မင်းဆပ်ပြာစက် (ဗဟန်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၇၄၄၈၇ Honda Scoopy M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမင်းမင်းအေး ၁/ဗမန(နိုင်)၀၁၇၇၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

# ရေဘေးသင့်ဒေသများရှိ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၆

## ယနေ့ ဖတ်စရာ

အာဖဂန်တာလီဘန်အကျဉ်းထောင် ဝင်ရောက်စီးနင်းခံရ အကျဉ်းသား ရာကျော်လွတ်မြောက်

စာမျက်နှာ » ၁၁

တန့်ဆည်မြို့၌ သိန်းပေါင်း ၈၀၀၀ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရ

စာမျက်နှာ » ၁၃

တိုက်နှစ်လုံးကြားမှ ခြောက်လှသို့ ခြေကန်တက်၍ ခိုးသည့်သူခိုး မိ

စာမျက်နှာ » ၁၄

# အိုလံပစ်အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ မြန်မာအမျိုးသမီးအသင်း ပွဲဦးထွက်အနိုင်ရ

**မန္တလေး စက်တင်ဘာ ၁၄**

၂၀၁၆ ရီယိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ မြန်မာအသင်း ပွဲဦးထွက်နိုင်ပွဲရရှိခဲ့သည်။

**မြန်မာ - နှစ်ဂိုး**
**(ခင်မိုးဝေနှင့် ဝေဝေအောင်)**
**ဂျော်ဒန် - ဂိုးမရှိ**

မြန်မာ အမျိုးသမီးအသင်းမှာ ပွဲဦးထွက်ပွဲတွင် ဂျော်ဒန်အသင်းကို အနိုင်ယူပြီး သုံးမှတ်အပြည့်ရရှိခဲ့သည်။ မြန်မာအသင်းမှာ နိုင်ပွဲရရှိခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များ ရှိနေရာ လာမည့်ပွဲစဉ်များတွင် ဂျော်ဒန်အသင်းထက် ပိုမိုကောင်းမွန်သည့်အသင်းများနှင့် ကစားရမည်ဖြစ်၍ ခြေစွမ်းပိုကောင်းလာရန် လိုအပ်နေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ❁



သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

# ဗီယက်နမ်တွင်ကျင်းပမည့် အာရှခြေစစ်ပွဲသို့ မြန်မာယူ-၁၆ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်



သတင်း-မောင်စိန်လွင်
ဓာတ်ပုံ-မင်းထက်

**ရန်ကုန် စက်တင်ဘာ ၁၄**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ယူ-၁၆ ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသား ယူ-၁၆ အသင်းသည် ပြိုင်ပွဲဝင်ရန် ပြည်ပသို့ ယနေ့ ထွက်ခွာသွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက အာဆီယံယူ-၁၆ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်၍ ဒုတိယဖြင့် ကျေနပ်ခဲ့ရသော မြန်မာယူ-၁၆ အသင်းသည် ယခုလာမည့် စင်တင်ဘာ ၁၆ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အာရှ

*စာမျက်နှာ ၁၂ ကော်လံ ၁* ■

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက အကြံပြုထားသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS



## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။

✳ မဲဆန္ဒရှင်ပြည်သူများသွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်များနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့်မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။

✳ မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

**ရွေးကောက်ပွဲကျင်းပရန်**

**၅၄**

**ရက်သာလိုတော့သည်။**

## မြဝတီမြို့တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၇ ဦးရှိပြီး မဲဆန္ဒရှင် ဦးရေပေါင်း ၇၀၀၀၀ နီးပါးရှိ

**မြဝတီ စက်တင်ဘာ ၁၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် သက်ဆိုင်ရာ လွှတ်တော် မဲဆန္ဒနယ်များအလိုက် လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက စိစစ်ခဲ့ပြီးနောက် အတည်ပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများအား စက်တင်ဘာ ၄ ရက်မှစ၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားပြီး ကြေညာထားကြောင်း သိရသည်။




"ကျွန်တော်တို့အနေနဲ့ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ စိစစ်တာကတော့ ပြီးသွားပါပြီ။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) တို့မှ လွှတ်တော်ကိုယ်စားလှယ် အားလုံး ၃၉ ဦးကို စိစစ်ပြီးတဲ့အခါ နှစ်ဦးကိုတော့ ပယ်ချခဲ့ပါတယ်။ ပယ်ချခဲ့တဲ့အခါ ကျွန်တော်တို့ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေနဲ့ လက်ခံအတည်ပြုပြီး ဖြစ်ပါတယ်။ ပယ်ချခံရတဲ့သူနှစ်ဦးမှာ ပထမတစ်ဦးက အသက်မပြည့်လို့၊ နောက်တစ်ဦးက တော့ ခွင့်ပြုချက်မရှိဘဲ တစ်ဖက်နိုင်ငံ သွားရောက်ခဲ့တဲ့အတွက်ကြောင့် ပယ်ချခံရတာ ဖြစ်ပါတယ်။ အတည်ပြုပြီးတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၇ ဦးကို သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးတွေမှာ စက်တင်ဘာ လ ၄ ရက်နေ့ ညနေက ကပ်ထားပြီး ကြေညာပေးထားပါတယ်"ဟု မြဝတီခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးလင်းနိုင်စိုး က ပြောသည်။

မြဝတီမြို့နယ်တွင် ကနဦးရွေးကောက်ခံပါတီ ၁၁ ပါတီရှိရာမှ အမျိုးသားတိုးတက်ရေးပါတီ ထပ်မံတိုးလာသည့်အတွက် စုစုပေါင်း ၁၂ ပါတီဖြစ်လာကြောင်း၊ အဆိုပါ ပါတီအနေဖြင့် ရုံးခွဲမရှိသော်လည်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

မြဝတီမြို့နယ်အတွင်း ပါတီ ၁၁ ပါတီမှာ ကရင်ဒီမိုကရက်တစ်ပါတီ(K.D.P)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ(တစည)၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP)၊ ၈၈-မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ (88 GSY)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP)၊ ဖလုံ-စဝေါ် ဒီမို ကရက်တစ်ပါတီ(PSDP)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ပြည်ခိုင်ဖြိုး)၊ ကရင်ပြည်သူ့ပါတီ (KPP)နှင့် မွန်အမျိုးသားပါတီ (MNP)တို့ဖြစ်ပြီး နောက်ဆုံးထပ်တိုးလာသည့် ပါတီဖြစ်သည့် အမျိုးသားတိုးတက်ရေးပါတီတို့ ဖြစ်ကြသည်။

မြဝတီမြို့နယ်တွင် လက်ရှိမဲဆန္ဒရှင်ဦးရေသည် ၇၀၀၀၀ ခန့်ရှိပြီး အောက်တိုဘာလ ၁၀ ရက်နေ့မတိုင်မီအထိ တဖြည်းဖြည်း ထပ်မံတိုးတက်လာဦးမည် ဖြစ်ကြောင်း သိရသည်။

"လက်ရှိ မဲဆန္ဒရှင်အရေအတွက်က ၆၉၂၂၁ ဦးရှိပါတယ်။ ဒါကတော့ ပုံစံ ၆၆/၆ ရှိတဲ့ မဲစာရင်းဦးရေပါ။ ဆက်လက်ပြီးတော့ ၃ (က) ရက်ပေါင်း ၁၈၀ ထက်မနည်းနေထိုင်တဲ့ ပုဂ္ဂိုလ်များက လက်ရှိမှာတော့ ၈၀၀ လောက်တော့ရှိပါပြီ။ ဆက်လက်ပြီးတော့ တင်သွင်းနေတာလည်းရှိပါတယ်။ သူတို့က အောက်တိုဘာလ ၁၀ ရက်နေ့အထိဆိုတော့ မဲစာရင်းကတော့ တဖြည်းဖြည်း ထပ်တိုးလာဦးမှာ ဖြစ်ပါတယ်။ နောက်ပြီး မဲရုံကတော့ လျာထားတာက ၄၉ ရုံရှိပါတယ်။ မဲရုံဝန်ထမ်းတွေကိုလည်း ကျွန်တော်တို့ လျာထားပြီးဖြစ်ပါတယ်။ မဲဆန္ဒရှင်အရေအတွက်ပေါ် မူတည်ပြီး လိုအပ်ရင် တိုးချဲ့ဖို့လည်း စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု မဲဆန္ဒရှင်စာရင်းနှင့်လက်ရှိဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ဦးလင်းနိုင်စိုးက ပြောသည်။

လက်ရှိတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံဝန်ထမ်းများကို သင်တန်းပို့ချနိုင်ရေးအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက စတင်ဆောင်ရွက်နေပြီဖြစ်သလို မြဝတီခရိုင်/ မြို့နယ်အတွင်း၌လည်း မဲရုံမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံဝန်ထမ်းများကို ဆင့်ပွားသင်တန်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မဲရုံမှူးသင်တန်းတွေကိုလည်း ဆက်လက် သင်တန်းပေးမှာဖြစ်ပါတယ်။ မြို့နယ်အဆင့် မဲရုံမှူးတွေကို အရင်သင်တန်းပေးပြီး သူတို့ကနေ ရပ်/ကျေးအဆင့်မဲရုံမှူးသင်တန်းတွေ ဆက်လက်ပေးပြီး လက်တွေ့သရုပ်ပြမှုတွေပါ အဆင့်ဆင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ မဲရုံမှူးတွေ အသုံးပြုမယ့်ပုံစံတွေ၊ မဲရုံအဖွဲ့ဝင်တွေအတွက် လိုအပ်တာတွေကို သက်ဆိုင်ရာ ရပ်/ကျေးအဖွဲ့တွေဆီ စာရင်းဇယားနဲ့ သေချာထုတ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်းပြီးတော့ မဲရုံနေရာကို လိုက်ကြည့်ရမယ်။ ပြီးရင်မဲဆန္ဒရှင်မဲပေးတဲ့ ပုံစံအစမ်းလေ့ကျင့်တာတွေကို လုပ်ဖို့ ရှိပါတယ်။"ဟု ၎င်းက ဆက်လက်ပြောသည်။

ရွေးကောက်ပွဲကာလအတွင်း မီဒီယာနှင့်ပတ်သက်၍ ဦးလင်းနိုင်စိုးက "လက်ရှိ လာရောက်မယ့် သက်ဆိုင်ရာမီဒီယာတွေအနေနဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဆီလာပြီး အမည်စာရင်းတင်သွင်းရပါမယ်။ ကာယကံရှင်ရဲ့ ဝန်ခံကတိပါတယ်။ ပြီးရင် ကျွန်တော်တို့က စိစစ်ရေးကတ်တွေ ပြန်ထုတ်ပေးရမယ်။ ပြည်တွင်းလေ့လာစောင့်ကြည့်ရေးသူတွေအတွက် လုပ်ပေးထားတာလည်းရှိပါတယ်။ စိစစ်ရေးကတ်တွေ၊ နိုင်ငံခြားကလာမယ့်သူတွေ၊ သံတမန်တွေ ဒါတွေကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပဲ တိုက်ရိုက်ဆောင်ရွက် ပေးမှာဖြစ်ပါတယ်"ဟု ပြောသည်။

ရွေးကောက်ပွဲကာလအတွင်း အဓိကအရေးကြီးသည့် မဲရုံလုံခြုံရေးအပိုင်းအတွက် မြဝတီခရိုင် ရဲတပ်ဖွဲ့၏အစီအမံဖြင့် ရဲအရာရှိများဦးစီးပြီး မိုဘိုင်းလုံခြုံရေးအုပ်စုအဖွဲ့ဖြင့် စနစ်တကျ ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအကြိမ်မဲဆန္ဒရှင်စာရင်း ထပ်မံထုတ်ပြန်လျှင် နယ်ခြားစောင့်တပ်ဖွဲ့များအပါအဝင် နယ်မြေခံတပ်ရင်းတပ်နယ်မှ တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင် အမည်စာရင်းများပါ ထည့်သွင်းကြေညာမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာ အောင်မြင်သောရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများ စွမ်းအားများအပြင် ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်မဖြစ်မနေ လိုအပ်မည်ဖြစ်ပါသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

## ချောင်းဆုံ၌ လွှတ်တော်ကိုယ်စားလှယ် ခုနစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀ ယှဉ်ပြိုင်မည်

**ချောင်းဆုံ စက်တင်ဘာ ၁၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ချောင်းဆုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ် ခုနစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

အမျိုးသားလွှတ်တော် တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ငါးဦး၊ ပြည်သူ့လွှတ်တော် တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း လေးဦး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် -၂ တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ငါးဦး၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော် တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း လေးဦး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးလွှတ်တော် တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း လေးဦး၊ ဗမာတိုင်းရင်းသား လူမျိုးလွှတ်တော် တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း သုံးဦးတို့ ပါဝင်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

၎င်းလွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် မွန်အမျိုးသားပါတီတို့သည် မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်နေရာအားလုံးအတွက် ဝင်ရောက်ယှဉ် ပြိုင်မည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မဲရုံမှူးများနှင့် ဒုမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း အရာတော်၌ဖွင့်

**အရာတော် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်ရှိ မဲရုံမှူးများ၊ ဒုမဲရုံမှူးများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာစံခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ ဆရာ ဆရာမများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးဝင်းဆွေက မဲပေးပုံ၊ မဲပေးစနစ်မှန်ကန်စွာရှိစေနိုင်ရေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းလှိုင်တင့်က ရွေးကောက်ပွဲဆိုင်ရာနှင့် ကြိုတင်မဲပေးရေးဆိုင်ရာကိစ္စရပ်များကို ပညာပေးပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**မူဆယ် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်တွင် ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ ရက်က မူဆယ်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

မကြာမီကာလတွင် နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရေးလုပ်ငန်း လုပ်ဆောင်ကြမည်ဖြစ်ပြီး မဲစာရင်းကို သတ်မှတ်ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပုံစံ (၁၀) ဖြင့် ကြေညာသွားမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးနိုင်ရန် မဲဆွယ်စည်းရုံးရေး ကာလကိုလည်း ကြေညာထားပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် ကျင့်ဝတ်နှင့် (၁/၂၀၁၄) ကြေညာချက်တို့နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို Monitoring ပြုလုပ်ရန် ကျင့်ဝတ်နှင့်မညီသဖြင့် တိုင်ကြားလာပါက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည့် Monitoring ကော်မတီကိုဖွဲ့စည်း၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဆက်လက်ပြီး မူဆယ်ခရိုင် ဒုရဲမှူးကြီးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးအတွက် အထူးရဲများ ခန့်အပ်ထားပြီးဖြစ်၍ ၎င်းတပ်ဖွဲ့ဝင်များဆောင်ရွက်ရမည့်တာဝန်များ သိရှိစေရေး၊ တာဝန်ကိုကျေပွန်စေအောင် ဆောင်ရွက်နိုင်ရေးအတွက် အထူးရဲသင်တန်းများ ပို့ချပေးရေး၊ အထူးရဲတပ်ဖွဲ့များကို ပြည်သူများက အမြင်တင့်တယ်အောင် ဆောင်ရွက်ပေးရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီက
# ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၄

**ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီဉက္ကဋ္ဌ ဦးဇိုဇမ်းက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၄ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




ချင်းအမျိုးသား၊ မိဘပြည်သူအားလုံး (Thupha Thupha) မင်္ဂလာပါလို့ နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ ပါတီဟာ ၂၀၁၀ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ ချင်းအမျိုးသားပါတီအဖြစ် မွေးဖွားသန့်စင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ရောက်တဲ့အခါ အမျိုးသားရေးသက်သက်မဟုတ်ဘဲ ဖက်ဒရယ်စနစ် ထူထောင်ရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ပါတီနာမည်ကို ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီအနေနှင့် ပြောင်းလဲပြီး ချင်းအမျိုးသားရေး၊ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးနှင့် ဒီမိုကရေစီရှင်သန်ထွန်းကားရေးအတွက် မြန်မာ့နိုင်ငံရေးအခင်းအကျင်းထဲမှာ ဦးဆောင်ပါဝင်လာခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်တွင်းစစ်ရပ်စဲပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာဖို့အတွက်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးမူဘောင်ရေးဆွဲရာမှာ ထိပ်တန်းက ဦးဆောင်ပေးနိုင်ခဲ့ပါတယ်။

ပါတီအနေနဲ့ အန္တိမရည်မှန်း၊ ရပ်တည်ချက် (၃) ရပ်ထားရှိပါတယ်။

နံပါတ်(၁) ချင်းလူမျိုးများကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိစေမည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပီပြင်စွာပေါ်ထွက်လာရေး။

နံပါတ်(၂) ချင်းလူမျိုးများ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍတို့မှာ တန်းတူအခွင့်အရေး အာမခံချက်ပေးနိုင်တဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး။

နံပါတ်(၃) မြန်မာနိုင်ငံအတွင်းရှိနေသော အခြားပြည်နယ်တွေ ၊ တိုင်းဒေသကြီးတွေနဲ့ ရင်ပေါင်တန်းနိုင်မယ့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရေးတို့ပဲဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီဟာ တိုင်းရင်းသားစစ်စစ်(၂၃)ပါတီ ပူးပေါင်းထားသည့် Nationalities Brotherhood Federation လို့ခေါ်တဲ့ ညီနောင်တိုင်းရင်းသားများ ပါတီဖက်ဒရေးရှင်း (NBF) ကိုထူထောင်ခဲ့သူနှင့် ဦးဆောင်နေသူအဖြစ် မားမားမတ်မတ်ရပ်တည်နေပါတယ်။

ပါတီရည်မှန်းချက်အနေနဲ့ အဓိကအားဖြင့် လေးချက်ရှိပါတယ်။

(က) ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေး အပြည့်အဝရရှိရေး။

(ခ) အနာဂတ်နိုင်ငံတော် ဦးဆောင်မှု အခန်းကဏ္ဍမှာ ချင်းလူငယ်များ နေရာပိုမိုရရှိရေး။

(ဂ) ကမ္ဘာ့ကုလသမဂ္ဂမှ နိုင်ငံတကာအတွက် ပြဋ္ဌာန်းထားတဲ့ ကြေညာစာတမ်းများနှင့် စာချုပ်များကို မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးပြီး အပြည့်အဝလိုက်နာဆောင်ရွက်ရေး။

(ဃ) မိမိတို့ပါတီရဲ့ ဦးဆောင်မှုနှင့်ကျင်းပပြုလုပ်ခဲ့သည့် ချင်းအမျိုးသား ညီလာခံကြီး (၂၀၁၃ ခုနှစ်) ဆုံးဖြတ်ချက်အားလုံးကို အကောင်အထည်ဖော်ရေးတို့ပဲ ဖြစ်ပါတယ်။

မိမိတို့ပါတီအနေနှင့် နိုင်ငံတော်ရဲ့ ဦးဆောင်အခန်းကဏ္ဍကနေ စီမံခန့်ခွဲနိုင်တဲ့အခါ နိုင်ငံတော်အတွက်၊ တိုင်းရင်းသားများအတွက်၊ အထူးလုပ်ဆောင်ပေးဖို့ရန် ရည်မှန်းထားတဲ့အရာများ ရှိပါတယ်။

ဒီကိစ္စများဆောင်ကြဉ်းပေးနိုင်ပါက နိုင်ငံတော်နှင့် ချင်းအမျိုးသားထုအတွက် အထူးလိုအပ်နေတဲ့ လူမှု၊ စီးပွား၊ ဖွံ့ဖြိုးမှုအတွက် အထူးပင် အထောက်အကူပြုမှာဖြစ်ပါတယ်။

နံပါတ်(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၃ (က)ပါ ခွင့်ပြုချက်အရ ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်များကို ချင်းပြည်နယ်ထဲတွင် ပါဝင်လာနိုင်ဖို့အတွက် စည်းရုံးမှုကိုစနစ်တကျပြုလုပ်နိုင်ရန်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတစ်လျှောက် ချင်းပြည်နယ်နယ်နိမိတ်ဆုံးရှုံးနစ်နာမှုများ ပြန်လည်သတ်မှတ်နိုင်ရေး။

နံပါတ်(၂) ချင်းလူမျိုးများပိုင်ဆိုင်သည့် ဘိုးဘွားပိုင်နယ်မြေများ တရားဝင်ဥပဒေအရ ကာကွယ်ပေးနိုင်ရေး။

နံပါတ်(၃) မိခင်ချင်းဘာသာစကားများကို အခြေခံသည့် ကျောင်းပညာသင်ကြားရေးစနစ်ဖြစ်ပေါ်လာရေး။

နံပါတ်(၄) ဘာသာရေးကိုအခြေမခံသည့် နိုင်ငံ (Secular State) ဖြစ်ပေါ်လာရေး၊ ဘာသာရေးမှာ အစိုးရမှ ကြားဝင်စွက်ဖက်မှုမရှိစေရေးတို့ကို အထူးကြိုးပမ်းဆောင်ရွက်သွားပါမည်။

ကျွန်တော်တို့ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ(CNDP)ပါတီဟာပါတီအရေးထက် ပြည်သူ့အရေး၊ အမျိုးသားအရေးကိုဦးထိပ်ထားပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့။

တိုင်းရင်းသားအခွင့်အရေးကို ကာကွယ်ဖို့။

ချင်းပြည်နယ်ကို ဖွံ့ဖြိုးမှုအနိမ့်ဆုံးဘဝမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် အတွက်လည်း အစွမ်းကုန်ကြိုးစားသွားပါ့မယ်။

ကျွန်တော်တို့ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီရဲ့ အမှတ်တံဆိပ် (logo)ဟာ အတောင်ပံကြီးဖြန့်ကြက်ပြီး အထက်သို့ ပျံတက်နေတဲ့ တက်ကြွလှုပ်ရှားနေတဲ့ "အောက်ချင်းငှက်ကြီးတစ်ကောင်"ပဲ ဖြစ်ပါတယ်။

မိဘပြည်သူများနဲ့ ချင်းအမျိုးသားအပေါင်းခင်ဗျား(၂၀၁၅ ) ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ မိဘပြည်သူတို့ရဲ့ အကျိုးတော်ကို ဆောင်ကြဉ်း ပေးနိုင်ဖို့ရန်အတွက် "အတောင်ပံ နှစ်ဖက်ကို ဖြန့်ကြက်ရင်း အထက်သို့ ပျံကြွနေတဲ့ အောက်ချင်းငှက်" ပါတီဖြစ်တဲ့ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီကို စိတ်ချယုံကြည်စွာ မဲပေးထောက်ခံကြဖို့ အလေးအနက် မေတ္တာရပ်ခံအပ်ပါတယ်။ မိဘပြည်သူအပေါင်း ဘုရားသခင် ကောင်းကြီးခံစားနိုင်ကြပါစေ။

"ရောင်နီလင်းပြီ တို့ချင်းပြည်"

တေးရေး/တေးဆို-အထန်း

V1- ဟိုမှာမျှော်ကြည့်စမ်း ရိုးမတွေဆီ
လင်းလက်ရောင်ခြည်လည်းသန်းလို့နေပြီ
တောင်ရံတွေကာခြား စကားများမတူဘဲ
တို့ရဲ့ရင်ခုန်ခြင်း သဘောထားတွေညီ
တိုးတက်တဲ့ပြည်နယ်အောင်ပွဲဆီ
လတ်ဆတ်လို့ တို့လျှောက်လှမ်းမယ်

CHO; [ဖလမ်း၊ တီးတိန်၊ ဟားခါးရယ်၊ ထန်တလန်၊ မင်းတပ်မှာ
ဝါးညှပ်ကတွေ ခွားဒိုးတွေ အတူယှဉ်တွဲကမယ်
ပလက်ဝ၊ မတူပီ၊ ရိုဒ်၊ တွန်းဇံ၊ ကန်ပက်လက်ဆုံးထိတိုင်
လမ်းခရီးတွေဈေးကွက်တွေ ဖော်ဆောင်ပေးဖို့ရန်
နိုးထလော့ဝိတူရိယာ၊ အေးချမ်းတို့ရိဒ်ရေစမ်းအလား
ဆုံးဖြတ်ချက်တစ်စုံဟာ တကယ်ကိုအရေးကြီးတယ်
ချင်းတို့ရဲ့ဌာနေမှာ]

V2- သံစဉ်တွေစီရင်း နှလုံးသားဆီက ပွင့်ထွက်သံစဉ်များ
ဟည်းလို့နေပြီ ပညာတွေစုံတဲ့အဝေးရပ်ဆီက
တို့ရဲ့ညီအစ်ကိုများအားပေးကူညီ
တိုးတက်တဲ့ပြည်နယ်အောင်ပွဲဆီ
လတ်ဆတ်လို့တို့ဆောင်ရွက်မယ်

CHO;[. . . . . . . . . . . ]II
ဆုံးဖြတ်ချက်တစ်စုံဟာ တကယ်ကိုအရေးကြီးတယ်
ချင်းတို့ရဲ့ဌာနေမှာ

## ချင်းပြည်နယ်ရွေးကောက်ပွဲဝင်မည့် အမတ်လောင်းစာရင်းများ စတင်ကြေညာ

**ဟားခါး စက်တင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် အမတ်လောင်းစာရင်းကို ဟားခါးခရိုင်တွင် စက်တင်ဘာ ၄ ရက်နှင့် ဖလမ်းခရိုင်တွင် စက်တင်ဘာ ၇ ရက်က ကြေညာပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီပေါင်း ၁၃ ခုရှိပြီး ကိုယ်စားလှယ်လောင်း ၂၀၂ ဦးနှင့် တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ခုနစ်ဦးရှိသည့်အတွက် ၂၀၁၅ ရွေးကောက်ပွဲတွင် ချင်းပြည်နယ်က ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း စုစုပေါင်း ၂၀၉ ဦးရှိကြောင်း သိရသည်။ အမတ်လောင်းစာရင်း ကြေညာချက်နှင့် ပတ်သက်၍ ပြည်သူအချို့က ကြေညာမည့်ရက်ကို ကြိုတင်သိရှိထားခြင်းမရှိ ကြောင်းနှင့် မြန်မာစာတစ်မျိုးတည်းနှင့်သာ ကြေညာသည့်အတွက် ရှင်းရှင်းလင်းလင်း နားလည်ခြင်းမရှိကြောင်း ဖလမ်းဒေသခံများက ပြောကြားကြပြီး ပြည်နယ်ရွေးကောက် ပွဲကော်မရှင်ဘက်မှ အသိပေးဆိုင်းဘုတ်များ ထူပေးထားပြီးဖြစ်ကြောင်း၊ အမတ်လောင်းအမည် စာရင်း နှင့်ပတ်သက်၍ မရှင်းလင်းတာများကိုလည်း ကော်မရှင်အဖွဲ့ ခွဲရုံးများတွင် အချိန်မရွေးမေးမြန်းနိုင်ကြောင်း၊ နာမည်များကို မှတ်ပုံတင်တွင်ပါသည့်အတိုင်း မြန်မာလိုကြေညာပေးရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုကို အသိပေးရန် ရုပ်ကွက်/ အုပ်ချုပ်ရေးမှူးများက တာဝန်ယူထားကြောင်း ဖလမ်းရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌထံမှ သိရသည်။ ပြည်နယ်အတွင်း လက်ရှိမဲရုံ ၁၀၂၉ ရုံ သတ်မှတ်ထားပြီး ဒေသအခြေအနေအရအတိုးအလျော့ ရှိနိုင်ကြောင်းနှင့် ဟားခါးမြို့တွင် လက်ရှိမြို့တွင်းအခြေအနေကြောင့် အချို့မဲရုံများကို နေရာပြောင်းလဲသတ်မှတ်ရန်ရှိကြောင်း ပြည်နယ်ရွေးကောက် ပွဲကော်မရှင်တာဝန်ရှိသူ၏ ပြောပြချက်အရ သိရသည်။ **(မြန်မာ့အလင်း)**



## အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၄**

၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲကြီးအား နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ယမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ် လုံခြုံရေးနယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး နှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ချစ်ဦးက ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအတွက်ကြိုတင်စီမံထားရှိမှုများ၊ မြို့နယ်များအလိုက်မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီးနောက် တက်ရောက်လာသူများနှင့် သတင်းမီဒီယာများမှ သတင်းထောက်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဖောင်းပြင် စက်တင်ဘာ ၁၄**

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘဝင်းက စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့က ကျင်းပသော ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များ၊ လွှတ်တော်ကိုယ်စား လှယ်လောင်းများ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာလုပ်ငန်းများ၊ နေရာသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော မြို့နယ်ရွေး ကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖောင်းပြင်(ပြန်/ဆက်)**

# ဝံသာနုဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၄

**ဝံသာနုဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒေါ်နန်းရွှေကြာက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၄ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**ချစ်ခင်လေးစားအားထားရပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင့်**

ဝံသာနုဒီမိုကရက်တစ်ပါတီဟာ ပစ္စက္ခကာလ မြန်မာ့နိုင်ငံရေးသမိုင်းဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများအပေါ် အခြေခံပြီးတော့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ အမျိုးသားသင့်မြတ်ပေါင်းစည်းရေးမှစစ်မှန်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးဟူသော အခြေခံနိုင်ငံရေး ရည်မှန်းချက်များအပေါ် အခြေပြုဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီဖြစ်ပါတယ်။

ဝံသာနုဒီမိုကရက်တစ်ပါတီဟာ ပြည်သူတစ်ရပ်လုံး မျှော်မှန်းခဲ့ကြတဲ့ "လူ့အခွင့်အရေး"၊ "ဒီမိုကရေစီအရေး"၊ "အမျိုးသား ပြန်လည်သင့်မြတ်ရေး"၊ "ငြိမ်းချမ်းရေး"၊ "ညီညွတ်ရေး" မှတစ်ဆင့် စီးပွားရေးတိုးတက်မှုနှင့်နိုင်ငံရေးဝန်းကျင်သစ်ကို တည်ဆောက်ရေးအတွက် ရည်မှန်းဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီလည်းဖြစ်ပါတယ်။

အထက်ပါ ရည်မှန်းချက် ဦးတည်ချက်များ အောင်မြင်ရေးနှင့်အမိနိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးစီးပွားကို လက်တွေ့ကျစွာ မှန်ကန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် "လုပ်ပိုင်ခွင့်ရယူလိုသည့်ရည်မှန်းချက်"ဖြင့် ဤ ၂၀၁၅ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်များ၏ အဆုံးအဖြတ်ကိုခံယူလိုခြင်းလည်းဖြစ်ပါတယ်ရှင်။ ဘာကြောင့်လဲဆိုလျှင် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားမှန်သမျှကို ဖန်တီးနိုင်မည့် စွမ်းအားသည်မဲဆန္ဒရှင်ပြည်သူများ၌သာ ရှိသည်ဆိုသော အချက်ကို ကျွန်မတို့ဝံသာနုဒီမိုကရက်တစ်ပါတီမှ ယုံကြည်သောကြောင့် ဖြစ်ပါတယ်။

ထို့ကြောင့် အထက်ပါရည်မှန်းချက်၊ ဦးတည်ချက်များအပေါ် အခြေပြုဖွဲ့စည်းထားတဲ့ ကျွန်မတို့ဝံသာနုဒီမိုကရက်တစ်ပါတီဟာ-

မဲဆန္ဒရှင်ပြည်သူများမှ တိကျပြတ်သားစွာ ပိုင်းခြားသတ်မှတ်သတိချပ်နိုင်ရေးအပေါ် ရည်မျှော်လျက် ကျွန်မတို့ ဝံသာနုဒီမိုကရက်တစ်ပါတီ၏ အမှတ်သင်္ကေတရွေးကောက်ပွဲဝင် ဤအမှတ်တံဆိပ်နှင့်အတူ အဓိပ္ပာယ်ဖွင့်ဆိုမှုများကိုလည်း တင်ပြလိုပါတယ်။

- ❊ ပါတီရဲ့အမှတ်သင်္ကေတမှာ "အောက်ခံအနီရောင်" ဟာ ရဲရင့်တည်ကြည်ပြတ်သားမှုကိုပြပါတယ်။
- ❊ လက်ယာဘက်ထိပ်ရှိ ကြယ်ဖြူကြီးတစ်လုံးထားရှိခြင်းမှာ ပါတီ၏ကိုယ်ပိုင်အလင်းရောင်ရှိခြင်းရဲ့ အဓိပ္ပာယ်ကိုဖော်ပြချက် ဖြစ်ပါတယ်။
- ❊ အလယ်တည့်တည့်မှာ အဖြူရောင်အဝိုင်းအတွင်းမှာ အစိမ်းရောင် "က" ဒေါင်းကိုအဝိ၊ အနီများနှင့်ခြယ်မှုန်းထားခြင်းဖြင့် "ဖြူစင်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ တရားမျှတခြင်း" ဟူသော လောကပါလတရားကို အခြေခံအဖြစ် ဖွင့်ဆိုထားခြင်းများဖြစ်ပြီး အစိမ်းရောင် "က" ဒေါင်းရဲ့အမြီးဖျားပိုင်းအား (၁၄) ခုပါဝင်တဲ့ ပြည်ထောင်စုကြီး၏ခိုင်မာမှု အမျိုးသားစည်းလုံးညီညွတ်မှုများအား ရည်ညွှန်းဖော်ဆောင်ထားခြင်းများ ဖြစ်ပါတယ်ရှင်။

**ဝံသာနုဒီမိုကရက်တစ်ပါတီ၏ အခြေခံသဘောထားများ**

ကျွန်မတို့ ဝံသာနုဒီမိုကရက်တစ်ပါတီ၏ မူဝါဒသဘောထားများကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ချစ်ကြည်သွေးစည်းရေးနှင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီဖော်ဆောင်ရေးအပေါ် အခြေခံသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့်လူမှုရေးဘဝများ တန်းတူရေး၊ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအပေါ် အလေးထားဆောင်ရွက်ရေးပဲဖြစ်ပါတယ်။

အထက်ပါ ရည်မှန်းချက်၊ ဦးတည်ချက်များအပေါ် အမှန်တကယ်လိုအပ်တဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် မရမနေဆောင်ရွက်ရန် ရည်မှန်းပါတယ်ရှင့်။

**ပြည်တွင်း အမျိုးသားအကျိုးစီးပွားအပေါ် အမြင်သဘောထားများ**

- ဒီမိုကရေစီပိုင်ခွင့်များအရ တစ်မျိုးသားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအပေါ် အဓိက ရည်မှန်းပါတယ်။
- အထက်ပါရည်မှန်းချက်များ အောင်မြင်ရေးအတွက် လက်တွေ့ကျင့်သုံးမယ့်နိုင်ငံရေး၊ စီးပွားရေး မူဝါဒများကတော့-
- လွတ်လပ်တရားမျှတပြီး ဂုဏ်သိက္ခာရှိတဲ့ပါတီစုံဒီမိုကရေစီပုံဖော်နိုင်ရေး၊လွတ်လပ်မျှတသော ဈေးကွက်စီးပွားရေးကို လက်ခံထားပြီးလုပ်ငန်းရှင်များ၊ လူလတ်တန်းစား၊ အခြေခံလူတန်းစားဟူသည့် လူတန်းစား(၃)ရပ်ကို ပိုမိုတိုးတက်စေမည့် စီးပွားရေးစနစ်ကို အခြေခံသည်။
- ကုန်ထုတ်လုပ်မှု၊ကုန်သွယ်မှု၊ဝန်ဆောင်မှုဘဏ်လုပ်ငန်းများစတဲ့ အဓိက စီးပွားရေးလုပ်ငန်းများအား လွတ်လပ်သည်နှင့်အမျှ ပွင့်လင်းတိုးတက်စေမှုများနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေပါရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များအား တန်းတူညီမျှရယူနိုင်ခွင့်ရစေမှာဖြစ်ပါတယ်။
- တစ်ချိန်တည်းမှာပင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ရှင်သန်ဖြစ်ထွန်းတိုးတက်စေရေးအပေါ် အလေးထား ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဝံသာနုဒီမိုကရက်တစ်ပါတီရဲ့ အလုပ်သမားလူတန်းစားအရေး**

- ◆ ဥပဒေပါရသင့်ရထိုက်သောအလုပ်သမားအခွင့်အရေးများခံစားပိုင်ခွင့်များ ရရှိစေရေး တာဝန်ယူဆောင်ရွက်မည်။
- ◆ လာဘ်ပေးလာဘ်ယူ ပပျောက်ရေးနှင့်မှ အခွင့်အထူးခံ အရာရှိဆိုးစနစ်ပပျောက်ရေး ဦးစားပေးဆောင်ရွက်မည်။
- ◆ အလုပ်သမားများ၏လုပ်ခလစာ၊အခွင့်အရေး၊ရပိုင်ခွင့်များ တိုးတက်စေရမည်။
- ◆ အလုပ်သမားလူတန်းစားအကျိုးရှေးရှုတာဝန်ယူဆောင်ရွက်မည်။
- ◆ အလုပ်လက်မဲ့လျှော့ချရေး၊ လုပ်ငန်းရွေးချယ်နိုင်ရေး၊ လုပ်ငန်းသစ်များ တိုးချဲ့ပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်အလုပ်သမား ပြိုင်တူတိုးတက်ရေး၊ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးသွားမည်။

**လယ်သမားများအပေါ် သဘောထား**

- ● လယ်ယာလုပ်ကိုင်သူတိုင်း လယ်ယာပိုင်ဆိုင်ခွင့်များရရှိစေရေး၊ ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်ရှိစေရမည်။
- ● လယ်ယာများအား မည်သည့်အကြောင်းပြချက်နှင့်မျှ ဥပဒေမဲ့သိမ်းယူခွင့်မရှိစေရန် တာဝန်ယူဆောင်ရွက်မည်။
- ● မိမိတို့နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာစိုက်ပျိုးခွင့် ရောင်းချခွင့်ရှိစေရမည်။
- ● လယ်/ယာလုပ်သားများ၏ အကျိုးစီးပွားအပေါ် ခုခံကာကွယ် တာဝန်ယူဆောင်ရွက်မည့် လယ်/ယာ အလုပ်သမားအစည်းအရုံးများ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ခွင့်ရှိစေရမည်။

**လူငယ်မျိုးဆက်သစ်များအပေါ်သဘောထား**

- အနာဂတ်မျိုးဆက်သစ်လူငယ်များအား နိုင်ငံ့ခေါင်းဆောင်ကောင်းများ အသိပညာရှင် အတတ်ပညာရှင်များဖြစ်ပေါ်စေရန် ပြုစုပျိုးထောင်ပေးပါမည်။
- လူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် နိုင်ငံတကာရေးရာများအပေါ် အမြင်ကျယ်စေရေး အလေးထားပြုစုပျိုးထောင်ပေးမည်။
- လူငယ်များအရေးကိစ္စအပေါ် တာဝန်ယူဆောင်ရွက်နိုင်မယ့် လူငယ်အစည်းအရုံးများ၊ သမဂ္ဂအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခွင့်ရှိစေရမည်။

**အမျိုးသမီးများ၏အရေးအပေါ်သဘောထား**

- ❊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရမည်။
- ❊ ထူးချွန်ထက်မြက်သော အမျိုးသမီးခေါင်းဆောင်များပေါ်ထွက်ရေးအားပေးဆောင်ရွက်မည်။
- ❊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး အမျိုးသားယဉ်ကျေးမှုအစဉ်အလာများအားထိန်းသိမ်းကြမည့် အမျိုးသမီးအင်အားစုကြီးအဖြစ် ပုံဖော်နိုင်ရေးအပေါ် အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်မည်။
- ❊ အထူးသဖြင့် အမျိုးသမီးများ လူကုန်ကူးမှုခံကြရသည့် သားကောင်များ မဖြစ်စေရေးအတွက် အမျိုးသမီးများ၏ဘဝများရပ်တည်ရှင်သန်နိုင်စေရေး အထောက်အကူပြုမည့် ပြည်တွင်းစီးပွားရေး၊ စက်မှုကုန်ထုတ်လုပ်မှုဌာနများတိုးချဲ့ရေး ကြိုးပမ်းသွားမည်။
- ❊ အထက်ပါ အမျိုးသမီးထုတစ်ရပ်လုံး ဘဝအာမခံချက်ရရှိရေးအပေါ် အလေးထားဆောင်ရွက်မည့် အမျိုးသမီးအသင်းအဖွဲ့များ ဖြစ်တည်လာစေရေး အလေးထားဆောင်ရွက်မည်။

**မြို့နေလူလတ်တန်းစားများ၊အသိပညာရှင်၊ အတတ်ပညာရှင်များအရေး**

- ◆ နိုင်ငံတော်တွင် "စွန့်ဦးတီထွင်" အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေး အားပေးဆောင်ရွက်မည်။
- ◆ အသိပညာရှင်အတတ်ပညာရှင်များ၏ တီထွင်မှုများအပေါ် "မူပိုင်ခွင့်" များအတွက် အာမခံချက်ရရှိစေရမည်။
- ◆ နိုင်ငံတော်၏ လုပ်ငန်းနယ်ပယ်အသီးသီးတို့တွင် အသိပညာရှင်နှင့် အတတ်ပညာရှင်များအတွက် ထိုက်တန်သော "အလုပ်ခွင်"များ ဖြစ်ပေါ်ရေး အလေးထားဆောင်ရွက်မည်။
- ◆ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူလတ်တန်းစားများ အကျိုးစီးပွားအပေါ် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများဖွဲ့စည်းရေး အားပေးကူညီမည်။

**တပ်မတော်**

မြန်မာ့တပ်မတော်သည် အစဉ်အလာကြီးမားခဲ့သော မျိုးချစ်တပ်မတော်အဖြစ်ရပ်တည်လျက် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအပေါ် အဓိကတာဝန်ယူ ဆောင်ရွက်မည့် တစ်ခုတည်းသော တပ်မတော်အဖြစ် ရပ်တည်ခွင့်ရှိစေရမည်။

**နိုင်ငံ့ဝန်ထမ်းများအရေး**

- \+ ဝန်ထမ်းရေးရာဥပဒေပါအခွင့်အရေးများအား ရရှိခံစားပိုင်ခွင့်ရရှိစေရမည်။
- \+ ဝန်ထမ်းများ၏ လုပ်ခ/လစာနှင့်အငြိမ်းစားလစာများသည် ပစ္စက္ခကာလကြုံတွေ့နေကြသည့် နေထိုင်စားသောက်စရိတ်များနှင့်လိုက်လျောညီထွေဖြစ်စေရေးဆောင်ရွက်မည်။

**ပြည်သူ့ရေးရာများအပေါ် သဘောထားများ**

- ❊ ပြည်သူလူထု တစ်ရပ်လုံးသည် အခြေခံဥပဒေနှင့် အခြားအခြားသော တည်ဆဲဥပဒေများပါ နိုင်ငံသားအခွင့်အရေးများ ခံစားပိုင်ခွင့်များရရှိစေရမည်။
- ❊ ပြည်သူလူထုတစ်ရပ်လုံး၏ စားဝတ်နေရေးနှင့် လူမှုဘဝလုံခြုံဖူလုံရေးအတွက် ကုန်ဈေးနှုန်းများ တည်ငြိမ် ကျဆင်းရေးအပါအဝင် သက်ကြီးရွယ်အိုများ မသန်မစွမ်းသူများ ခိုကိုးရာမဲ့များအပေါ် ထိန်းသိမ်းစောင့်ရှောက်မှုများအား စနစ်တကျ စီမံကိန်းချ ဆောင်ရွက်ပေးရေး အလေးထားမည်။



- ❊ ဆယ်စုနှစ်များစွာ ပြည်သူတစ်ရပ်လုံး ခါးသီးစွာခံစားနေကြရသော အကျင့်ပျက် လာဘ်စားမှုတိုက်ဖျက်ရေး အလေးထားဆောင်ရွက်မည်ဖြစ်သကဲ့သို့ ထိုသို့ဆောင်ရွက်ရာ၌ "ဥပဒေအထက်တွင် မည်သူမျှမရှိစေရ" NO MAN ABOVE THE LAW ဟူသော ဆောင်ပုဒ်အပေါ် ဝံသာနုဒီမိုကရက်တစ်ပါတီမှ အထူးအလေးထားဦးစားပေးဆောင်ရွက်မည်။

**ပညာရေး**

- ❖ ပညာရေးကို အနည်းဆုံး အာဆီယံအဆင့်ထိ မြှင့်တင်သွားမည်။ ကျောင်းသား အခြေပြုပညာရေးဖြစ်စေရန် နိုင်ငံတကာပညာရေးအတွေ့အကြုံရရန် ဆရာဆရာမများ၏ အရည်အချင်း သင်ရိုးညွှန်းတမ်း မြှင့်တင်ခြင်း၊ သင်ကြားထောက်ကူပြည့်စုံစေခြင်း၊ ဒေသတိုင်း လူတိုင်း ပညာရေးကို လက်လှမ်းမီစေနိုင်ခြင်းများ ဖြစ်စေရန်ဆောင်ရွက်မည်။
- ❖ အထူးသဖြင့်ဆရာဆရာမများ၏ ပညာအရည်အချင်း၊ ဂုဏ်သိက္ခာအဆင့်အတန်းများမြင့်မားစေရေး အခြေခံပုံဖော်မှုမှ ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားလာစေမှုအား စနစ်တကျစီမံကိန်းများချလျက် အလေးထားဆောင်ရွက်မည်။

**ကျန်းမာရေး**

- ❊ ပြည်သူ့ကျန်းမာရေးအပေါ် ဦးစားပေးအလေးထားမည်။
- ❊ နိုင်ငံတစ်ဝန်းကျေးလက်ဒေသများအပါအဝင် အခမဲ့ဆေးဝါးကုသခွင့်ရရှိစေရေး အလေးထားဆောင်ရွက်မည်။
- ❊ ဆေးရုံ၊ ဆေးခန်းများတွင် ဆေးဝါးလုံလောက်မှုရရှိစေရေး။
- ❊ ခေတ်မီဆေးဝါးကုသမှုကိရိယာများ ပြည့်စုံရေးအလေးထားဆောင်ရွက်မည်။

**အားကစား**

- ပြည်သူ့ကျန်းမာရေးအစ စာသင်ကျောင်းမှဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားနှင့် ကာယပညာများ ခေတ်မီတိုးတက်စွာသိနားလည်စေရေး ပညာပေးဆောင်ရွက်သွားပါမည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေး**

လမ်းပန်းဆက်သွယ်မှုပိုမိုတိုးတက်စေရမည်။ ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးမြင့်မားစေရေးနှင့်အတူ ကျေးလက်ပြည်သူများ၏ စီးပွားရေးဘဝ မြှင့်တင်စေရေးအတွက် လယ်ယာလုပ်ငန်းခွင်များနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးများအား အားပေးကူညီသွားမည်။

**ပြည်တွင်းငြိမ်းချမ်းရေးအပေါ် ပါတီ၏သဘောထား**

မိဘပြည်သူများရှင့် ကျွန်မတို့ပါတီရဲ့ ပြည်တွင်းငြိမ်းချမ်းရေးအပေါ်ထားရှိတဲ့သဘောထားကို တင်ပြရမယ်ဆိုရင်- (၁)တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အမြန်ဆုံးလက်မှတ်ရေးထိုးရန်။ (၂) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင်နိုင်ရန်။ (၃) အားလုံးမပါဝင်နိုင်သေးပါက အစိုးရနှင့်ပဏာမအဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၅ ဖွဲ့နှင့် ကနဦးလက်မှတ်ရေးထိုးရန်။ (၄) ယခုအစိုးရလက်ထက်မှာပင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးရေးကိစ္စ မဖြစ်မနေဆောင်ရွက်သွားကြပါရန် ကျွန်မတို့ဝံသာနုဒီမိုကရက်တစ်ပါတီ၏ သဘောထားအား တင်ပြလိုပါတယ်။

**ဝံသာနုဒီမိုကရက်တစ်ပါတီမှ ရပ်တည်ကျင့်သုံးသွားမည့်နိုင်ငံရေးအမြင်သဘောထား**

- ❖ မြန်မာနိုင်ငံတွင် ဂုဏ်သိက္ခာရှိသော နိုင်ငံရေးစနစ်ဖြစ်ပေါ်လာရေး အလေးထားရပ်တည်ဆောင်ရွက်မည်။
- ❖ မိမိတို့ပါတီ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ သဘောထားများအားမဲဆန္ဒရှင်ပြည်သူလူထုသို့ ပွင့်လင်းစွာ ထင်သာမြင်သာရှိအောင် ချပြလျက် ပြည်သူလူထု၏ ထောက်ခံအားပေးမှုရရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားပါမည်။
- ❖ ပွင့်လင်းစဒီမိုကရေစီကျင့်စဉ်များအား ညှိုးနွမ်းမှုမဖြစ်စေရေးအတွက် ပွင့်လင်းမှုအပေါ် အခြေခံသောချဉ်းကပ်တင်ပြမှုများဖြင့် စစ်မှန်သော လူထုထောက်ခံမှုရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားပါမည်။

ဝံသာနုဒီမိုကရက်တစ်ပါတီသည် ၂၀၁၅ ရွေးကောက်ပွဲအပေါ် အထက်ပါသဘောထားခံယူချက်များဖြင့် ပြည်သူ့အကျိုးစီးပွားမြင့်မားတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခွင့်ရနိုင်ရေး ဦးတည်ချက်ဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်လျက်မဲဆန္ဒရှင်ပြည်သူများ၏ အဆုံးအဖြတ်ကိုခံယူသွားပါမယ်ရှင်။

မဲဆန္ဒရှင်ပြည်သူပြည်သားအပေါင်းနှလုံးစိတ်ဝမ်း ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ကျွန်မနန်းရွှေကြာမှ ဂါရဝပြုဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်- အားလုံးကို ကျေးဇူးတင်ပါတယ်။

# ခေတ်သစ်ပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၄

**ခေတ်သစ်ပြည်သူ့ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်ရီရီစံက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၄ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ကျွန်မကတော့ ခေတ်သစ်ပြည်သူ့ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအထွေထွေအတွင်းရေးမှူး ဒေါ်ရီရီစံဖြစ်ပါတယ်။ စာရေးဆရာမ ခင်ဝင်းစံဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီရဲ့ အမှတ်တံဆိပ်တွင် ကမ္ဘာလုံးပေါ်က သေး၊ လတ်၊ ကြီး ကြယ်သုံးပွင့်မှာငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တစ်လောကလုံးဆိုင်ရာလွတ်မြောက်ရေးဖြစ်ပါတယ်။ ကျွန်မတို့ ခေတ်သစ်ပြည်သူ့ပါတီဟာ ၁၉၇၀ ခုနှစ်လွန်ကာလများကပင် စီးပွားရေးနဲ့ နိုင်ငံရေးကို ဗဟိုကချုပ်ကိုင်သော ကမ္ဘာ့ဆိုရှယ်လစ်စနစ်အမှားနဲ့ စက်မှုအရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့်က တစ်ဆင့်သာ ငြိမ်းချမ်းစွာဖြစ်ပေါ်လာမယ့် ခေတ်သစ်သိပ္ပံဆိုရှယ်လစ်ဝါဒလမ်းမှန်ကို တင်ပြလာခဲ့ပြီး မူဝါဒသုတေသနလုပ်ငန်းများကို နှစ်ပေါင်း ၃၀ တိုင် လုပ်ကိုင်လာခဲ့တဲ့ ခေတ်သစ်သိပ္ပံနိုင်ငံရေး၊ ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုက ပေါ်ပေါက်လာတဲ့ပါတီဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အတွေ့အကြုံ အစဉ်အလာကြီးမားသောနိုင်ငံရေးခေါင်းဆောင်ကြီးများရဲ့ နိုင်ငံရေးမျိုးဆက်က ပေါ်ပေါက်လာတဲ့ ပါတီလည်းဖြစ်တယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဖွဲ့စည်းတဲ့ပါတီဖြစ်ပြီး တိုင်းဒေသကြီးနဲ့ပြည်နယ် (၁၄) ခုတွင် တိုင်းဒေသကြီးနဲ့ပြည်နယ် (၁၂) ခုမှာ အခြေစိုက်ဖွဲ့စည်းထားပါတယ်။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ငါးဦး၊ ဗဟိုကော်မတီဝင် ၁၄ ဦး၊ အရန်ဗဟိုကော်မတီဝင်ခုနစ်ဦးတို့က ဦးဆောင်လျက်ရှိပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်ဖြစ်ပါတယ်။

ခေတ်သစ်ပြည်သူ့ပါတီရဲ့လမ်းညွှန်သဘောတရားနဲ့ မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြသွားပါမယ်။

### လမ်းညွှန်သဘောတရား

လူ့အဖွဲ့အစည်းဟာ အရေအတွက်အရရော အရည်အချင်းအရပါ အကန့်အသတ်မရှိ ပြောင်းလဲတိုးတက်လျက်ရှိပါတယ်။ လူဟာသေမျိုး သေမျိုးလို့ ပြောဆိုနေသော်လည်း လူရယ်လို့ကမ္ဘာပေါ်တွင် စတင်ပေါ်ပေါက်လာချိန်ကစပြီး လူ့အဖွဲ့အစည်းဟာ သေပျောက်ပျောက်မသွားတဲ့အပြင် ဒီကနေ့ အရေအတွက်အရ ကမ္ဘာ့လူဦးရေ (၇)ဘီလီယံကျော်ရှိလာပြီး အရည်အချင်းအရ အီလက်ထရွန်နစ်နည်းပညာခေတ်ကို ရောက်လာပြီ ဖြစ်ပါတယ်။ ဆက်လက်တိုးတက်နေဦးမှာလည်းဖြစ်ပါတယ်။ အဲဒီလို လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်ရာတွင် လူနည်းစုက လူများစုကို အုပ်ချုပ်တဲ့ပဒေသရာဇ်ဧကရာဇ်စနစ်၊ အာဏာရှင်စနစ်များနဲ့ အများဆန္ဒနဲ့ အုပ်ချုပ်တဲ့ဒီမိုကရေစီစနစ်(အရင်းရှင်စနစ်)များတွင် လူ့အဖွဲ့အစည်းဟာ ရပ်မနေပါ။ နောက်ဆုံး အစိုးရအုပ်ချုပ်ဖို့ မလိုလောက်အောင် လူ့အဖွဲ့အစည်းတိုးတက်အဆင့်မြင့်လာရင် တစ်လောကလုံးဆိုင်ရာ လွတ်မြောက်တဲ့ ခေတ်သစ်သိပ္ပံဆိုရှယ်လစ်စနစ် (လောကနိဗ္ဗာန်ခေတ်)သို့ အမှန်ပင်ရောက်လာမယ်ဖြစ်တယ်။ အဲဒီလို ခေတ်သစ်သိပ္ပံဆိုရှယ်လစ်စနစ် (လောကနိဗ္ဗာန်ခေတ်)သို့ လူ့အဖွဲ့အစည်းငြိမ်းချမ်းစွာ တက်လှမ်းရောက်ရှိနိုင်ရေးအတွက် ဒီကနေ့စက်မှုအရင်းရှင် ဒီမိုကရေစီစနစ်အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်ရန် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအစွမ်းကုန် တိုးတက်ပြည့်ဝရန်လိုပါတယ်လို့ ခေတ်သစ်ပြည်သူ့ပါတီကခံယူပါတယ်။

### မူဝါဒလမ်းစဉ်လုပ်ငန်းစဉ်

**(၁) စီးပွားရေး**

စီးပွားရေးတွင် ပြည်သူတို့ရဲ့ စီးပွားရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်သော တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကြိုးပမ်းသွားမယ်။ ပြည်ပသို့သွားရောက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမယ်။ ပြည်ပကတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မယ်။

**(၂) နိုင်ငံရေး**

နိုင်ငံရေးတွင် ပြည်သူတို့ရဲ့ နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာဟောပြောစည်းရုံးခွင့်၊ နိုင်ငံရေးပါတီများထူထောင်ခွင့်၊ အဖွဲ့အစည်းများထူထောင်ခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခွင့်စတဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးလွတ်လပ်မှုများကို ခွင့်ပြုမယ်။

**(၃) ပညာရေး**

လူ့အဖွဲ့အစည်းအကျိုးအတွက် ယနေ့ပညာခေတ်ရဲ့အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်သော ပညာရေးစနစ်ကို ကျင့်သုံးမယ်။ လူ့စွမ်းအားအရင်းအမြစ်ကို လေ့ကျင့်ပျိုးထောင်သော ပညာရေးစနစ်ကို ကျင့်သုံးမယ်။ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကများကို ယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပြုမယ်။ ပညာရေးသုတေသနလုပ်ငန်းများကို အစိုးရရော ပုဂ္ဂလိကများပါ လုပ်ကိုင်နိုင်အောင် အားပေးမယ်။

**(၄) ကျန်းမာရေး**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရန်နဲ့ ဆေးပညာရပ်များ သိပ္ပံနည်းကျတိုးတက်လာစေရန်အတွက် ကျန်းမာရေးမူဝါဒများ ချမှတ်ကျင့်သုံးမယ်။ ပြည်သူလူထုကျန်းမာရေးကို အစိုးရကတာဝန်ယူ ကာကွယ်ကုသနိုင်ရေးနဲ့ ပုဂ္ဂလိကများကျန်းမာရေးကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်လုပ်ကိုင်လာနိုင်ရေးကို ဦးစားပေးဆောင်ရွက်မယ်။ တိုင်းရင်းဆေးအပါအဝင် ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးမယ်။

**(၅) ကာကွယ်ရေး**

လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အသက်ပေးကာကွယ်သော၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို အသက်ပေးကာကွယ်စောင့်ရှောက်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်ထောင်စုကြီးရဲ့ အန္တရာယ်ကို အသက်ပေးကာကွယ်သော ခေတ်မီအမျိုးသားတပ်မတော်ဖြစ်ရမယ်။ ယင်းအမျိုးသားတပ်မတော်အား အစဉ် ခေတ်မီအဆင့်မြင့်နေအောင်ဆောင်ရွက်မယ်။

**(၆) နိုင်ငံခြားရေး**

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူ(၅)ချက်ကို ဆက်လက်ကျင့်သုံးသွားမယ်။ နိုင်ငံတကာလူ့အဖွဲ့အစည်း ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေးကို ကြိုးပမ်းသွားနိုင်ရန် လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးမယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် နိုင်ငံတကာပြည်သူတို့ရဲ့ လုံခြုံရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ကမ္ဘာ့ရေးရာများကို ကဏ္ဍအလိုက် နီးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမယ်။

**(၇) စိုက်ပျိုးရေး**

ဈေးကွက်စီးပွားရေးနဲ့လျော်ညီတဲ့ လွတ်လပ်စွာစိုက်ပျိုး၊ ထုတ်လုပ်၊ ရိတ်သိမ်း၊ သိုလှောင် ပြည်တွင်းပြည်ပတွင် လွတ်လပ်စွာရောင်းဝယ်ခွင့်ရှိသော စိုက်ပျိုးရေးမူဝါဒကိုကျင့်သုံးမယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းသွားမယ်။

**(၈) ဘာသာရေး**

လူတိုင်းလူတိုင်း မိမိတို့ကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ဘာသာရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုမယ်။ (ဘာသာရေးနှင့်နိုင်ငံရေး ရောထွေးကျင့်သုံးခွင့်မပြု)

**(၉) တိုင်းရင်းသားလူမျိုးများအရေး**

တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူရည်တူအခွင့်အရေးကို အပြည့်အဝ အာမခံချက်ပေးနိုင်တဲ့ ဈေးကွက်စီးပွားရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများကို အခြေခံတဲ့ စစ်မှန်သောပြည်ထောင်စုဖြစ်ပေါ်လာရန် မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောလူမျိုးစွဲဝါဒကင်းရှင်းသော သွေးစစ်တဲ့ အရင်းရှင်စနစ်ကို ကျင့်သုံးမယ်။

**အမျိုးသား/ အမျိုးသမီး၊ ကျား/မ တန်းတူညီမျှရေး**

ရှေးနှစ်ပေါင်းများစွာကပင် အမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူရည်တူအခွင့်အရေးမရှိခဲ့တာ အမှန်ပင်ဖြစ်ပါတယ်။ အမျိုးသမီးများဟာ အမျိုးသားများထက် (၁) သဘာဝဝန်ဒဏ် (၂) အိမ်တွင်းဘဝ ဝန်ဒဏ် (၃) လူ့ဆက်ဆံရေးဝန်ဒဏ်ဆိုတဲ့ ဝန်ဒဏ်(၃)ရပ်ဖိစီးမှုကို ခံလာခဲ့ရပါတယ်။ ဒီကနေ့လို ဒီမိုကရေစီရေး လူ့အခွင့်အရေး ကြိုးပမ်းနေချိန်တွင် အမျိုးသားအမျိုးသမီး တန်းတူရည်တူအခွင့်အရေးမရှိဘူးဆိုရင် ဘယ်လိုမှ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးရှိလာတယ်လို့ ဆိုနိုင်မည်မဟုတ်ပါ။ မြန်မာအမျိုးသမီးများဟာ မြန်မာ့လူဦးရေထက်ဝက်ကျော်ရှိပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီဟာ ကုလသမဂ္ဂရဲ့ (CEDAW) စီဒေါစာချုပ်ပါ သဘောတူညီချက်များအတိုင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး အမျိုးသား/ အမျိုးသမီး၊ ကျား/မ တန်းတူရေးကို အစွမ်းကုန်ကြိုးပမ်းသွားမယ်။

**အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး**

ခေတ်သစ်ပြည်သူ့ပါတီဟာ ဖြစ်နိုင်လျှင် ငြိမ်းချမ်းစွာဆောင်ရွက်မယ်၊ မဖြစ်နိုင်မှသာ အကြမ်းဖက်ရမယ်ဆိုတဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လမ်းစဉ်မျိုးလုံးဝမဟုတ်ဘဲ အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို ခံယူတယ်။ ပြည်တွင်းပြည်ပတွင် လက်နက်ကိုင်အတိုက်အခံတွေဖြစ်လာရင်လည်း ဘယ်ဘက်ကတာဝန်ဘယ်လောက်ရှိတယ်၊ မရှိဘူးဆိုတာကို ပွင့်ပွင့်လင်းလင်း ထောက်ပြပြီး အတိုက်အခိုက်ရပ်စဲရေး ငြိမ်းချမ်းရေးအတွက် အစွမ်းကုန်ကြိုးပမ်းသွားမယ်။ ဒီကနေ့ နိုင်ငံတကာတွင် ပြည်တွင်းစစ်ပွဲများ၊ လူမျိုးရေးစစ်ပွဲများဖြစ်ပွားနေတဲ့ နိုင်ငံတွေမှာ အကောင်းဆိုလို့ လုံးဝပြစရာမရှိဘဲ ပြည်သူတွေ ဒုက္ခကြီးစွာကြုံနေရမှုက အထင်အရှားဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာမှာ သက်တမ်းအရှည်ကြာဆုံးစာရင်းဝင် ပြည်တွင်းစစ် အမြန်ဆုံးချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးရဖို့လိုပါတယ်။

ဒါ့ကြောင့် ဒီကနေ့ တိုင်းရင်းသားပြည်သူလူထု အကျိုးစီးပွား ဦးထိပ်ထားပြီး စစ်ဟာသေခြင်းတရားလို ရှောင်လွှဲလို့မရတဲ့ အရာမဟုတ်၊ ကောင်းသောစစ်နဲ့ ဆိုးတဲ့ငြိမ်းချမ်းရေးရယ်လို့မရှိနိုင်၊ ရန်သူပင်ဖြစ်ပါစေ၊ မတရားမလုပ်စတမ်း၊ အမှားကြုံတွေ့ရခြင်းဟာ ကျရှုံးမှုမဟုတ် အမှားကိုပြင်ဖို့ ငြင်းပယ်ခြင်းကသာ ကျရှုံးမှုဖြစ်တယ်ဆိုတဲ့ မှန်မြတ်သောခံယူချက်နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တိုင်းရင်းသားပြည်သူတို့လိုလားတဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးတို့ကို အစွမ်းကုန်ကြိုးပမ်းသွားပါမယ်။

**လုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစားနှစ်ရပ်တိုးတက်ခိုင်မာရေး**

လူ့အဖွဲ့အစည်းအသီးသီးတို့ဟာ လုပ်ငန်းရှင်(အရင်းရှင်)နဲ့ အလုပ်သမားလူတန်းစားနှစ်ရပ်တို့ အပြန်အလှန်အကျိုးပြုပြီး ကုန်ထုတ်ကုန်သွယ်မှုများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူသာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာဖြစ်တယ်။ လယ်သမားလူတန်းစားဟာလည်း လယ်ယာကို စက်ကိရိယာများဖြင့် လုပ်ကိုင်လာတဲ့အခါ လယ်ယာလုပ်ငန်းရှင်နဲ့ အလုပ်သမားအဖြစ် ပြောင်းလဲသွားမယ်ဖြစ်တယ်။ အရင်းရှင်ဒီမိုကရေစီစနစ်မှာသာ အလုပ်သမား လယ်သမားနဲ့ဆင်းရဲသားများ လွတ်လပ်လာနိုင်တယ်။ အာဏာပိုင်စိုးနိုင်တယ်။ ဥပမာအားဖြင့် လုပ်ငန်းရှင်(အရင်းရှင်)တစ်ဦးအောက်တွင် အလုပ်သမားထောင်သောင်းရှိနေတဲ့အတွက် လုပ်ငန်းရှင်မဲတစ်ပြားဆိုရင် အလုပ်သမားမဲပေါင်းများစွာနဲ့ State Power ကို ဖန်တီးနိုင်တယ်။ State Power ဆိုတာ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးအာဏာတို့ ပါဝင်တယ်။ ဒါ့ကြောင့် ခေတ်သစ်ပြည်သူ့ပါတီဟာ တိုင်းရင်းသားလုပ်ငန်းရှင်တွေ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် အားပေးသွားမယ်။ တစ်ဖက်တွင်လည်း အလုပ်သမားများအခွင့်အရေး အပြည့်အဝရရှိရေး၊ အလုပ်သမားလူတန်းစားများ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ပညာရည်မြင့်မားရေးကို ကြိုးပမ်းသွားမယ်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

လူဟာ သဘာဝတရားရဲ့ အဖန်ဆင်းခံဘဝမှ သဘာဝတရားအပေါ် အောင်နိုင် စိုးမိုးလာခဲ့သော်လည်း ဒီကနေ့ နိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့များစွာ ထွက်ရှိလာမှုတို့ကြောင့် ကမ္ဘာကြီးပူနွေးလာတဲ့ အန္တရာယ် ကြုံတွေ့လာနေရပါတယ်။ မြန်မာနိုင်ငံတွင်လည်း သစ်တောရေးရာဝန်ကြီးဌာနရဲ့ အဆိုအရ ၂၀၁၀ ခုနှစ်တွင် သစ်တောဧရိယာဟာ မြန်မာနိုင်ငံရဲ့ (၄၆. ၉၆) ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် နှစ်စဉ် သစ်တောများစွာ ပြုန်းတီးမှုဟာ(၀. ၅၅) ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ဘယ်လိုပင်ဖြစ်ပါစေ။ သစ်တောများစွာ ပြုန်းတီးနေတယ်ဆိုတာကို အခုနှစ်မိုးရာသီ ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ လေဘေးသင့်မှုများက သက်သေပြနေပါတယ်။ အဲဒီလို သဘာဝအန္တရာယ်ကျရောက်တဲ့ ပြည်သူတွေအတွက် ကူညီထောက်ပံ့ရေး ပြန်လည်ထူထောင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောမပြုန်းတီးရေးကို ခေတ်သစ်ပြည်သူ့ပါတီက အစွမ်းကုန် ကြိုးပမ်းသွားမယ်။

**မြန်မာတောင်သူလယ်သမားလူတန်းစားများဖွံ့ဖြိုးတိုးတက်ရေး**

ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် အများပြည်သူဆန္ဒနဲ့ ဆုံးဖြတ်ရတဲ့အတွက် မြန်မာ့လူဦးရေရဲ့ ၇၀ % ကျော်ရှိတဲ့ တောင်သူလယ်သမားလူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်လို့ ခေတ်သစ်ပြည်သူ့ပါတီကခံယူတယ်။

ယနေ့ကမ္ဘာ့မြေယာစနစ်(၃)မျိုးနဲ့၊ မြန်မာ့မြေယာခေတ်(၅)ခေတ်ဖြစ်တဲ့ (၁) မြန်မာရှင်ဘုရင်များခေတ်မြေယာစနစ်၊ (၂)အင်္ဂလိပ်ခေတ်မြေယာစနစ်၊ (၃) ဖဆပလခေတ် မြေယာစနစ်၊ (၄) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မြေယာစနစ်၊ (၅) ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရခေတ်မြေယာစနစ်များကို သုတေသနပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ ကျင့်သုံးရမယ့် ခေတ်သစ်ပြည်သူ့ပါတီရဲ့ မြေယာမူဝါဒ(၁၁)ရပ်နဲ့ တောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရန် အတိုးနည်းနှစ်ရှည် ချေးငွေများရရှိရေး၊ လုပ်ကွက်ကြီး လယ်ယာများပေါ်ပေါက်ရေး အမြန်ဆုံးစက်မှုလယ်ယာထူထောင်ရေးကို ကြိုးပမ်းသွားမယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး**

၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူတို့အကျိုးအတွက် လိုအပ်ရင် ဥပဒေနဲ့အညီ ပြင်ဆင်သွားရမယ်ဖြစ်ပါတယ်။ အုပ်ချုပ်ရေးနဲ့ဥပဒေပြုရေးတို့တွင် တပ်မတော် ၂၅% ပါဝင်နေမှုကို လုံးဝမပါဝင်သည်အထိ အဆင့်ဆင့်လျှော့ချသွားရန် တပ်မတော်နဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဟာ အမျိုးသားသင့်မြတ်စည်းလုံးရေးလည်း ဖြစ်တယ်။ ပိုလန်၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံတွေဟာ တပ်မတော်နဲ့ပူးပေါင်းပြီး တည်ငြိမ်စွာ ဒီမိုကရေစီထူထောင်သွားတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။

**နိဂုံးချုပ်အနေနဲ့**

ဒီမိုကရေစီမထွန်းကားတဲ့ ခေတ်စနစ်များတွင် ဖိနှိပ်ချုပ်ချယ်မှုများ၊ ဆင်းရဲကျပ်တည်းမှုများကို ပြည်သူတို့ကြုံလာခဲ့ရသလို ဗဟိုဦးစီးစနစ်များ၊ အာဏာရှင်စနစ်များကို ဖယ်ရှားတော်လှန်နိုင်ခဲ့သော်လည်း ဒီမိုကရေစီချက်ချင်းထွန်းကားမလာနိုင်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး အချင်းချင်းပြိုကွဲတိုက်ခိုက်မှုကြားတွင် ပြည်သူတွေ ဒုက္ခကြီးစွာကြုံတွေ့နေရမှုတွေလည်းရှိပါတယ်။ ဒါ့အပြင် ဒီမိုကရေစီရေး၊ တည်ငြိမ်အေးချမ်းရေးရှိနေပေမယ့် စီးပွားရေးချွတ်ခြုံကျပြီး ကြွေးမြီဖိစီးမှုဒဏ်ကို ခံစားနေရတဲ့နိုင်ငံမျိုးလည်းရှိနေပါတယ်။ အထူးသဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင် ဒီမိုကရေစီစတင်ခဲ့တဲ့ ဂရိနိုင်ငံဖြစ်တယ်။ The development of the productive forces is the hightest criation of the social progress စီးပွားရေးကုန်ထုတ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်းရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းမြင့်ဆုံးသော မှတ်ကျောက်(ဝါ) ညွှန်းလက်ဖြစ်တယ်လို့ လူမှုသိပ္ပံတရားကဆိုပါတယ်။ ဒီကနေ့ဖွံ့ဖြိုးဆဲနိုင်ငံများ ဒီမိုကရေစီထူထောင်ရာတွင် ဒီမိုကရေစီရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူတို့ရဲ့ စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ သုံးလွှန်းတင်ဒီမိုကရေစီထူထောင်ရေးဟာ တစ်ခုတည်းသောဝေဒနာပြွမ်းတီးမှု အနည်းဆုံးသောခေတ်မီဒီမိုကရေစီနိုင်ငံထူထောင်ရေးလမ်းဖြစ်တယ်။

ဒါ့ကြောင့် ခေတ်သစ်ပြည်သူ့ပါတီဟာ

(၁) လူထုတွေမပါရင် ဘာမှမလုပ်ရင်၊

(၂) လူထုရွေးကောက်ပွဲတွေမပါရင် ဘာမှမလုပ်နိုင်

(၃) လူထုတွေရဲ့အခြေခံအကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့မူဝါဒလမ်းစဉ်ကို လူထုအား ကင်းကင်းလွတ်လွတ်ရွေးချယ်ခွင့်ပြုရမယ်။

(၄) အဲဒီလိုမပြုရင် လူထုဟာသူ့လမ်းသူ ကင်းကင်းလွတ်လွတ်ရွေးချယ်သွားလိမ့်မယ်ဆိုတဲ့ လူမှုသိပ္ပံတရားလေးပါး (ဝါ)လောကပါလတရားလေးပါး ဦးထိပ်ထားပြီး သုံးလွှန်းတင်ဒီမိုကရေစီထူထောင်ရေး မူဝါဒလမ်းစဉ်နဲ့ မြန်မာနိုင်ငံကိုဖွံ့ဖြိုး တိုးတက်တဲ့ခေတ်မီဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာအောင် ကြိုးပမ်းအကောင်အထည် ဖော်သွားမယ်ဆိုတာတင်ပြရင်း နိဂုံးချုပ်ပါတယ်။

မြန်မာပြည်သူအပေါင်း ကာယသုခ စိတ္တသုခ နှစ်ဌာန ပြည့်ဝကြပါစေ။